# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၄၂]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်္ဂလာနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၁၁

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ကျရောက်သော အင်္ဂလာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အင်္ဂလာ သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟိုဆေး အက်ဒွာဒို ဒိုစ် ဆန်တိုစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်များ ဆက်လက်ထုတ်ပြန်

နေပြည်တော် နိုဝင်ဘာ ၁၀

**၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှ ရလဒ်များထုတ်ပြန်ကြေညာခြင်းကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး မီဒီယာစင်တာမှ နိုဝင်ဘာ ၉ ရက် ည ၁၁ နာရီတွင် လည်းကောင်း၊ ယနေ့နံနက် ၉ နာရီ၊ မွန်းတည့် ၁၂ နာရီ၊ ညနေ ၃ နာရီ၊ ညနေ ၆ နာရီနှင့် ည ၉ နာရီတို့တွင်လည်းကောင်း ဆက်လက်ထုတ်ပြန်ကြေညာသည်။**

ထိုသို့ထုတ်ပြန်ရာတွင် နိုဝင်ဘာ ၉ ရက် ည ၁၁ နာရီက အနိုင်ရရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၆ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၂၈ ဦးတို့၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါကြေညာချက်အရ ကယားပြည်နယ်ရှိ မယ်စဲ့၊ တနင်္သာရီတိုင်းဒေသကြီးရှိ လောင်းလုံး၊ သရက်ချောင်း၊ မကွေးတိုင်းဒေသကြီးရှိ ရေနံချောင်း၊ စလင်း၊ သရက်၊ မင်းတုန်း၊ မန္တလေးတိုင်းဒေသကြီးရှိ မဟာအောင်မြေ၊ ပြည်ကြီးတံခွန်၊ တံတားဦး၊ ကျောက်ပန်းတောင်း၊ ဝမ်းတွင်း၊ မွန်ပြည်နယ်ရှိ သံဖြူဇရပ်၊ မုဒုံ၊ ရန်ကုန်တိုင်းဒေသကြီးရှိ ထန်းတပင်၊ မြောက်ဥက္ကလာပ၊ ဗိုလ်တထောင်၊ ကွမ်းခြံကုန်း၊ စမ်းချောင်း၊ ဗဟန်း၊ ဧရာဝတီတိုင်းဒေသကြီး ဇလွန်၊ လေးမျက်နှာ၊ ကြံခင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## ကြယ်ငါးပွင့်အဆင့်မီ Sheraton Hotel Yangon စီမံကိန်း ၅၀ ရာခိုင်နှုန်းပြီးစီး

ရန်ကုန် နိုဝင်ဘာ ၁၀

အမေရိကန်အခြေစိုက် Star Wood Hotels and Resorts ကုမ္ပဏီနှင့် Family Business Group Hotel လီမိတက်တို့ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကျိုးတူပူးပေါင်း ဆောက်လုပ်လျက်ရှိသော ရန်ကုန်မြို့၏ပုံရိပ်ကို ထင်ဟပ်စေမည့် ကြယ်ငါးပွင့်အဆင့်မီ Sheraton Hotel Yangon စီမံကိန်းမှာ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အမေရိကန် နည်းပညာဖြင့် ကန်ဒေါ်လာသန်း ၃၀ ကုန်ကျခံ ဆောက်လုပ်မည့် ကြယ်ငါးပွင့်အဆင့်မီ Sheraton Hotel Yangon စီမံကိန်းမှာ မြေအကျယ် ၁ ဒသမ ၂၃ ဧကပေါ်တွင် ဆောက်လုပ်နေခြင်းဖြစ်ပြီး ဟိုတယ်အဆောက်အအုံ၏ ကြမ်းခင်းဧရိယာ စတုရန်းပေ ၃၉၆၉၇၈ ရှိကာ အလျား ၂၁၇ ပေနှင့် အနံ ၂၆၆ပေ ရှိ၍ လာမည့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် အပြီးသတ်ဆောင်ရွက် ဖွင့်လှစ်မည်ဖြစ်သည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ❑





# ဒီမိုကရေစီနိုင်ငံဖြစ်ရန်အဆင်သင့်ဖြစ်မှုကို ကမ္ဘာသို့ပြနိုင်ကြောင်း ပြည်ပလေ့လာစောင့်ကြည့်ရေးအဖွဲ့ ANFREL က ထုတ်ပြန်

သတင်း-မြတ်စန္ဒီ၊ ဓာတ်ပုံ-လှမိုး

ရန်ကုန် နိုဝင်ဘာ ၁၀

**ပြည်သူများသည် မိမိတို့၏ ဒီမိုကရေစီရပိုင်ခွင့်ကိုကျင့်သုံးရန်နှင့် ကိုယ်စားလှယ်များကို စိတ်ကြိုက်ရွေးချယ်ရန်အတွက် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိုးမလင်းမီ စောစောစီးစီးတန်းစီပြီး စည်းကမ်းရှိစွာ စိတ်လှုပ်ရှားမှုနှင့် စိတ်ရှည်မှုများကို ပြသခဲ့ခြင်းသည် အလွန်ပင်ချီးကျူးစရာကောင်းကြောင်း၊ လုံ့လဝီရိယရှိခြင်းဖြင့် မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံဖြစ်ရန် အဆင်သင့်ဖြစ်နေပြီး ပြောင်းလဲရန်လည်း လိုလားမှုရှိကြောင်းကို ကမ္ဘာသို့ပြသနိုင်ခဲ့ကြောင်း Asian Network for Free Election (ANFREL)၏ ဥက္ကဋ္ဌ Mr.Damaso G . Magbual က ပြောသည်။**

*စာမျက်နှာ ၁၃ ကော်လံ ၁* ✻

## ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အမည်စာရင်းကြေညာ

စာမျက်နှာ - ၄

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမည်စာရင်းကြေညာ

စာမျက်နှာ - ၅

## တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် အမည်စာရင်းကြေညာ

စာမျက်နှာ - ၅


Anytime.., Anywhere...

MECTEL

CDMA 800 MHz 3G

ဘယ်အချိန် ၊ ဘယ်နေရာမဆို အကောင်းဆုံး ဝန်ဆောင်မှု ပေးတဲ့ MECTel ကိုသာသုံးလိုက်ပါ



၂၀၁၅ခုနှစ်တွင် MECTel ၏အထူးခြားဆုံး "BONUS"

MECTel မှ ၂၀၁၅ ခုနှစ် ဂါကျွတ်လက်ဆောင်အဖြစ် (၁၈-၉-၂၀၁၅)ရက်နေ့မှ စတင်၍ (၁-၁-၂၀၁၆)ရက်နေ့အထိ ငွေဖြည့်ကတ် ဖြည့်သွင်းပါက ၁၀,၀၀၀ိ/- တန်အား ၇၀% ၊ ၅,၀၀၀ိ/- တန်အား ၅၀% ၊ ၃,၀၀၀ိ/- တန်အား ၃၀% အပိုထပ်ဆောင်းငွေ Bonus ရရှိမည်ဖြစ်ပြီး Bonus ငွေအား ငွေဖြည့်ကတ် စတင်ဖြည့်သွင်းသည့်ရက်မှ ရက်ပေါင်း(၆၀)အတွင်း သုံးစွဲနိုင်မည် ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ရွှေမေတ္တာ အစီအစဉ် ရယူရန်အတွက် SMT ဟုရိုက်ပြီး 233 သို့ SMS အခမဲ့ ပေးပို့ပါ။

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### ကမ္ဘာကချီးကျူးခဲ့ရသော ရွေးကောက်ပွဲ

မြန်မာ့ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ပွင့်လင်းမြင်သာစွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ပါသည်။ မြန်မာ့ရွေးကောက်ပွဲသမိုင်းတစ်လျှောက် လွတ်လပ်ပြီး ပွင့်လင်းမြင်သာမှုအရှိဆုံး ရွေးကောက်ပွဲကြီးဖြစ်ပါသည်။ ဤရွေးကောက်ပွဲကြီးသည် တရားမျှတပြီး ပွင့်လင်းမြင်သာစွာ ကျင်းပပေးသော ရွေးကောက်ပွဲကြီးဖြစ်သည့်အလျောက် ပြည်တွင်းပြည်ပနှင့် နိုင်ငံတကာစောင့်ကြည့် လေ့လာရေးအဖွဲ့များ တရားဝင်လွတ်လပ်စွာလေ့လာသိရှိခွင့်များ ရရှိခဲ့ကြပါသည်။

၂၀၁၅ ခုနှစ် မြန်မာ့ဒီမိုကရေစီပါတီစုံအထွေထွေရွေးကောက်ပွဲကြီးသည် ရွေးကောက်ပွဲကော်မရှင်၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံသူ နိုင်ငံသားများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့သော ဝန်ထမ်းများ၊ နိုင်ငံတကာအထောက်အကူပြုအဖွဲ့အစည်းများ၊ ကော်မရှင်ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများနှင့် မီဒီယာများအားလုံးက စိတ်ကောင်းစေတနာမှန်ကန်စွာဖြင့် ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်ခဲ့မှု၏ ရလဒ်ကောင်းတစ်ခုဖြစ်ပါသည်။

ဤရွေးကောက်ပွဲကြီး၏ အောင်မြင်မှုရလဒ်များအပေါ် မြန်မာတစ်မျိုးသားလုံးကသာမက ကမ္ဘာ့အသိုက်အဝန်းကပင် ချီးကျူးပြောဆိုနေကြပြီဖြစ်ပါသည်။ မြန်မာလူမျိုးတို့၏ ရိုးသားဖြောင့်မတ်မှု၊ ကတိသစ္စာတည်ကြည်မှု၊ စည်းလုံးညီညွတ်မှုနှင့် စည်းကမ်းရှိမှုတို့ကို ကမ္ဘာ့နိုင်ငံကြီးများကပင် မြန်မာ့ရွေးကောက်ပွဲနှင့်ပတ်သက်၍ ချီးကျူးပြောဆိုနေကြပြီဖြစ်ပါသည်။

ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး၊ ရွေးကောက်ပွဲအကြိုကာလတွင် မဲစာရင်းများစနစ်တကျကြိုတင်ဆောင်ရွက်ခဲ့ခြင်း၊ ရွေးကောက်ပွဲကာလ လွတ်လပ်စွာမဲပေးခွင့်ရရှိအောင် ဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲလွန်ကာလ မဲရလဒ်များစနစ်တကျထုတ်ပြန်ခြင်းစသော လုပ်ငန်းစဉ်များကို အချိတ်အဆက်မိမိ၊ စည်းစနစ်ကျနစွာ ဆောင်ရွက်ခဲ့သည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။

ယခုအခါ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းများကို သေချာစွာစိစစ်၍ မီဒီယာစင်တာတစ်ခုဖွင့်လှစ်ကာ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။ ပြည်သူအများစု မျှော်လင့်ထားသည့်အတိုင်း လွှတ်တော်ကိုယ်စားလှယ်အမည်များ ထွက်ပေါ်လာလျက်ရှိပါသည်။ ကျွန်ုပ်တို့အနေဖြင့် စည်းကမ်းရှိမှုကို ပိုမိုအလေးထားကြရတော့မည်ဖြစ်ပါသည်။ ဒီမိုကရေစီပန်းတိုင်သို့ ချီတက်ရာတွင် စည်းကမ်းရှိမှုသည် အလွန်ပင်အရေးကြီးပါသည်။ တစ်ချိန်တည်းမှာပင် အနိုင်ရထားသူများအနေဖြင့် ပြည်သူကို အကောင်းဆုံး ဦးဆောင်မှုပေးနိုင်ရန် ပြင်ဆင်ထားကြရတော့မည်ဖြစ်ပါသည်။ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်အတူ အကောင်းဆုံးဖြစ်လိမ့်မည်ကို ပြည်သူတစ်ရပ်လုံးက မျှော်လင့်ထားပါသည်။

ဤရွေးကောက်ပွဲရလဒ်များအရ မြန်မာလူမျိုးတို့၏ စည်းကမ်းရှိမှု၊ ညီညွတ်မှု၊ ရိုးသားဖြောင့်မတ်မှု၊ ကတိသစ္စာတည်ကြည်မှုတို့ကို ကမ္ဘာကသိအောင် ထုတ်ဖော်ပြသနိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍လည်း ဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဆက်လက်ချီတက်နိုင်ရန် ရိုးသားကြိုးစားမှု၊ စည်းလုံးညီညွတ်မှုအားတို့ကို အခြေခံကာ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းအားထုတ်သွားကြရဦးမည်ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# လားရှိုးမြို့နယ်၌ ရေတွက်သောကြိုတင်မဲ အငြင်းပွားမှုသည် အထင်လွဲမှားမှုသာဖြစ်

**နေပြည်တော် နိုဝင်ဘာ ၁၀**



၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာ ၈ ရက်တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ရွေးကောက်ပွဲရလဒ်များကို နိုဝင်ဘာ ၉ ရက်မှစတင်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် မီဒီယာစင်တာမှ သတင်းထုတ်ပြန်ပေးလျက်ရှိသည်။

ယနေ့ ညနေ ၄ နာရီတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မီဒီယာစင်တာ၌ ရွေးကောက်ပွဲဆိုင်ရာ သတင်းစာရှင်းလင်းပွဲပြုလုပ်ရာ သတင်းမီဒီယာများက မေးမြန်းသည့် လားရှိုးမြို့နယ်၌ ရေတွက်သော ကြိုတင်မဲနှင့်စပ်လျဉ်း၍ အငြင်းပွားမှုအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ယင်းအငြင်းပွားမှုသည် အထင်လွဲမှားခြင်းသာ ဖြစ်ပါကြောင်း၊ မြို့နယ်တွင် ရေတွက်သော ကြိုတင်မဲပေးသူ သုံးမျိုးရှိပါကြောင်း၊ ဆေးရုံတက်နေသူများ၊ သင်တန်းတက်ရောက်နေသူများနှင့် အချုပ်ကျနေရသူများအတွက် ရွေးကောက်ပွဲ ပုံစံ ၁-၁ ဖြင့် ဆောင်ရွက်ပါကြောင်း၊ တပ်မတော်သားများနှင့် မိသားစုများအတွက် ရွေးကောက်ပွဲပုံစံ ၁-၂ ဖြင့် ဆောင်ရွက်ပါကြောင်း၊ နိုင်ငံရပ်ခြားရောက်နေသူများအတွက် ရွေးကောက်ပွဲပုံစံ ၁- ၃ ဖြင့် ဆောင်ရွက်ပါကြောင်း၊ ၎င်းပုဂ္ဂိုလ်များ ကြိုတင်မဲပေးရန်အတွက် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုများက စိစစ်ဆောင်ရွက်ပေးပါကြောင်း၊ ထို့နောက် မဲစာရင်း ပါဝင်သူများကို ရွေးကောက်ပွဲ ပုံစံ ၁- ၁၊ ၁- ၂ နှင့် ၁- ၃ တို့ဖြင့် မြို့နယ်သို့ပြန်လည်ပေးပို့ပါကြောင်း၊ ယင်းနောက် ဆန္ဒမဲလက်မှတ်များ ပေးပို့ပါကြောင်း။

ထိုသို့သောအကြောင်းအရာများကြောင့် သက်ဆိုင်ရာပုဂ္ဂိုလ်များအတွက် မြို့နယ်၌ ရေတွက်သော ကြိုတင်မဲသည် ရွေးကောက်ပွဲပုံစံ ၁-၁၊ ၁-၂ နှင့် ၁-၃ တို့ဖြင့် စနစ်တကျဆောင်ရွက်ထားပြီး ဆန္ဒမဲလက်မှတ် ပိုစရာအကြောင်း မရှိပါကြောင်း၊ ဖြစ်စဉ်မှာ ကြိုတင်မဲများထည့်၍ ချိပ်ပိတ်ထားသော မဲပုံးသည် တစ်ဖက်ခန်းတွင် ရှိနေပါကြောင်း၊ စောင့်ကြည့်လေ့လာသူများလည်း ရှိနေကြပါကြောင်း၊ မိမိတို့တွင် သတင်းပို့မှုမှတ်တမ်း (Report) များလည်း ရှိနေပါကြောင်း၊ ထိုကြိုတင်မဲစာအိတ်များကို ချိပ်ပိတ်ထားသော မဲပုံးအတွင်းသို့ မထည့်သွင်းမီ ရွေးကောက်ပွဲ ပုံစံ ၁၈-၁ ဖြင့် မှတ်တမ်းတင်ရပါကြောင်း၊ ရွေးကောက်ပွဲပုံစံ ၁-၁၊ ၁-၂ နှင့် ၁-၃ တို့ပါ ကြိုတင်ပေးရန်ရှိသူ အရေအတွက်ထက် ကြိုတင်မဲပုံးတွင်ရှိသော ကြိုတင်မဲလက်မှတ်များသည် ပိုစရာအကြောင်း မရှိပါကြောင်း၊ သာမန်အားဖြင့် မဲဆန္ဒရှင်တစ်ဦးလျှင် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တို့အတွက် မဲလက်မှတ် သုံးစောင်ပေးရပြီး တိုင်းရင်းသားကိုယ်စားလှယ်တို့အတွက် မဲပေးရမည့်သူဖြစ်ပါက မဲလက်မှတ်တစ်စောင် ထပ်မံပေးရပါကြောင်း၊ ထို့ကြောင့် မဲဆန္ဒရှင် သုံးထောင်ကျော်ဆိုလျှင် ဆန္ဒမဲလက်မှတ်တစ်သောင်းကျော်သွားမည်သာ ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပစဉ်ကာလအတွင်း နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ မဲရုံအတွင်း၌ မဲလက်မှတ်ဆုတ်ဖြဲမှုနှစ်မှု၊ ကိုယ်စားမဲပေးမှု ၃၃ မှု၊ မဲလက်မှတ်ထပ်မံထုတ်ပေးမှု/မဲမှားမှု ၁၄ မှု၊ မဲရုံပြောင်းရွှေ့မှုတစ်မှု၊ မဲရုံနှောင့်ယှက်မှုခြောက်မှု၊ သံဃာ/သီလရှင်ဝတ်ဖြင့် မဲပေးမှု နှစ်မှု၊ မဲပေးစဉ်မူးလဲမှုနှစ်မှု၊ မဲတံဆိပ်တုံး ပျောက်ဆုံးမှုတစ်မှု၊ မဲလက်မှတ် ပျောက်ဆုံးမှုတစ်မှုနှင့် အခြားအမှု ၂၃ မှု ဖြစ်ပွားခဲ့ပြီး မဲပေးရန်ဆော်ဩမှု ၁၃ မှု၊ မဲပေးရန်လာရောက်စဉ် သေဆုံးမှုတစ်မှုနှင့် အခြားအမှု ၁၇ မှုတို့သည် မဲရုံပြင်ပ၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**မင်းမင်းဇော်(ကလေး)**

## လူကုန်ကူးမှုနှင့် ပတ်သက်၍ ပြည်သူများသတင်းပေး တိုင်ကြားနိုင်ရန် ဖုန်းနံပါတ်များ ပြောင်းလဲသတ်မှတ်

**နေပြည်တော် နိုဝင်ဘာ ၁၀**

လူကုန်ကူးမှုနှင့်ပတ်သက်၍ အများပြည်သူများ သတင်းပေးတိုင်ကြားနိုင်ရန်အတွက် အရေးပေါ် (Hot Line) ဖုန်းနံပါတ်များကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် မူဆယ်မြို့များ၌ ထားရှိခဲ့ရာမှ ယခုအခါ အရေးပေါ် (Hot Line) ဖုန်းများကို နေပြည်တော်တစ်ခုတည်း၌ ဖုန်းနံပါတ် ၀၉-၄၉၅၅၅၆၆၆၊ ၀၉-၄၉၅၅၅၇၇၇၊ ၀၉-၄၉၅၅၅၈၈၈၊ ၀၉-၄၉၅၅၅၉၉၉ တို့ဖြင့် သတ်မှတ်ထားရှိပြီး လူကုန်ကူးမှုနှင့်ပတ်သက်၍ သတင်းပေးတိုင်ကြားနိုင်ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ သိရသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အင်ဂိုလာနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၁၁**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ကျရောက်သော အင်ဂိုလာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အင်ဂိုလာသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျော့ချ် ရီဘီလို ချီကိုတီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၀-၁၁-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၂၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၃၀/၆၄၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၁၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၇၀/၆၈၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၁.၀ |
| ဥရောပ | တစ်ယူရို | ၁၃၉၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၀.၈၄ |
| ထိုင်း | တစ်ဘတ် | ၃၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၄၅ |
| တရုတ် | တစ်ယွမ် | ၂၀၁.၈၅ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၂၅ |

ခင်ရတနာ-စုစည်းသည်။

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲရလဒ်များ ကြေညာခြင်းနှင့် သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၀**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးရှိ မီဒီယာစင်တာ၌ ယနေ့ညနေ ၄ နာရီက ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ စာရင်းကို ယမန်နေ့ကစတင်၍ ကြေညာခဲ့ကြောင်း၊ ယနေ့ညနေ ၄ နာရီအထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၈၈ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၆၄ ဦး၏ အမည်စာရင်းနှင့် ရလဒ်များကို ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသည့် ကိုယ်စားလှယ်များ၏ အမည်စာရင်းနှင့် ရလဒ်များကို ဆက်လက်ကြေညာပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်တွင်းပြည်ပသတင်းမီဒီယာများက မေးမြန်းသည့် ရွေးကောက်ပွဲတိုင်ကြားစာကိစ္စရပ်များ၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ၊ ကြိုတင်မဲပေးခြင်းဆိုင်ရာကိစ္စရပ်များနှင့် ဆန္ဒပြုမဲလက်မှတ်များ ထိန်းသိမ်းထားရှိမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် **(ယာပုံ)** တို့က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

**(သတင်းစဉ်)**



***✻ ရှေ့ဖုံးမှ***

အင်္ဂပူမဲဆန္ဒနယ်တို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၄ ဦး၊ ကချင်ပြည်နယ်မှ အင်ဂျန်းယန်မဲဆန္ဒနယ်တွင် ကချင်ပြည်နယ်ဒီမိုကရေစီပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦး၊ ကယားပြည်နယ်မှ ဘော်လခဲမဲဆန္ဒနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတို့ အနိုင်ရရှိကြသည်။

တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပဲခူးတိုင်းဒေသကြီးမှ ရွှေတောင်(၁/၂)၊ မန္တလေးတိုင်းဒေသကြီးမှ အမရပူရ (၁/၂)၊ မတ္တရာ(၁/၂)၊ စဉ့်ကူး(၁/၂)၊ ကျောက်ဆည်(၁/၂)၊ မလှိုင်(၁/၂)၊ ရန်ကုန်တိုင်းဒေသကြီးမှ မင်္ဂလာဒုံ(၁/၂)၊ သုံးခွ(၁/၂)၊ ဒလ(၁/၂)၊ ကျောက်တံတား(၁/၂)၊ ကြည့်မြင်တိုင်(၁/၂)၊ လှိုင်(၁/၂)မဲဆန္ဒနယ်တို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ၂၄ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ မိတ္ထီလာ(၁/၂)မဲဆန္ဒနယ်တို့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဟိုပန် (၁/၂) မဲဆန္ဒနယ်တို့တွင် “ဝ” ဒီမိုကရက်တစ်ပါတီမှ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးတို့ အနိုင်ရရှိကြသည်။




**၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှ ရလဒ်များ ထုတ်ပြန်ကြေညာခြင်းကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး မီဒီယာစင်တာ၌ ကျင်းပစဉ်။** (သတင်းစဉ်)

ထို့အပြင် ယနေ့နံနက် ၉ နာရီ ထုတ်ပြန်ကြေညာချက်အရ အနိုင်ရရှိသည့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၄၉ ဦး၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှ နှစ်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ နှစ်ဦး၊ မွန်အမျိုးသားပါတီမှ တစ်ဦးတို့ဖြစ်သည်။

အဆိုပါ ကြေညာချက်အရ တနင်္သာရီတိုင်းဒေသကြီးမှ လောင်းလုံး (၁/၂)၊ သရက်ချောင်း(၁/၂)၊ မကွေးတိုင်းဒေသကြီးမှ ရေနံချောင်း(၁/၂)၊ စလင်း(၁/၂)၊ သရက်(၁/၂)၊ မင်းတုန်း(၁/၂)၊ မန္တလေးတိုင်းဒေသကြီးမှ မဟာအောင်မြေ(၁/၂)၊ ပြည်ကြီးတံခွန်(၁/၂)၊ တံတားဦး(၁/၂)၊ ကျောက်ပန်းတောင်း(၁/၂)၊ ဝမ်းတွင်း(၁/၂)၊ မွန်ပြည်နယ်မှ မော်လမြိုင်(၁/၂)၊ သံဖြူဇရပ်(၁/၂)၊ မုဒုံ(၁)၊ ရန်ကုန်တိုင်းဒေသကြီးမှ ထန်းတပင်(၁/၂)၊ မြောက်ဥက္ကလာပ (၁/၂)၊ ဗိုလ်တထောင်(၁/၂)၊ ကွမ်းခြံကုန်း(၁/၂)၊ စမ်းချောင်း (၁/၂)၊ ဗဟန်း(၁/၂)၊ ဧရာဝတီတိုင်းဒေသကြီးမှ ဇလွန်(၁/၂)၊ လေးမျက်နှာ (၁/၂)၊ ကြံခင်း(၁/၂)၊ အင်္ဂပူ(၁/၂)၊ ညောင်တုန်း(၁/၂)မဲဆန္ဒနယ်တို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၄၉ ဦး၊ ကချင်ပြည်နယ်မှ အင်ဂျန်းယန် (၁/၂)မဲဆန္ဒနယ်တို့တွင် ကချင်ပြည်နယ် ဒီမိုကရေစီပါတီက နှစ်ဦး၊ ကယားပြည်နယ်မှ ဘော်လခဲ(၁/၂) မဲဆန္ဒနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက နှစ်ဦးနှင့် မွန်ပြည်နယ်မှ မုဒုံ(၂)မဲဆန္ဒနယ်တွင် မွန်အမျိုးသားပါတီက တစ်ဦး အနိုင်ရရှိကြသည်။

အလားတူ ယနေ့မွန်းတည့် ၁၂ နာရီ ကြေညာချက်အရ အနိုင်ရရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၃၉ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ တစ်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ နှစ်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ နှစ်ဦးတို့ ဖြစ်သည်။

အဆိုပါ ကြေညာချက်အရ ကယားပြည်နယ် ဒီးမော့ဆို၊ ရှားတော၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီ၊ မကွေးတိုင်းဒေသကြီး မကွေး၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်၊ မင်းဘူး၊ ပွင့်ဖြူ၊ ကံမ၊ ဆင်ပေါင်ဝဲ၊ အောင်လံ၊ ဆိပ်ဖြူ၊ ဆော၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီး၊ မွန်ပြည်နယ် မော်လမြိုင်၊ ချောင်းဆုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်၊ ရှမ်းပြည်နယ် ကလော၊ ရွာငံ၊ နောင်ချို၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်၊ သာပေါင်း၊ ကျုံပျော်၊ ရေကြည်၊ မြန်အောင်၊ မအူပင်၊ ကျိုက်လတ်၊ ဒေးဒရဲ မဲဆန္ဒနယ်များတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၂၉ ဦး၊ ချင်းပြည်နယ် တီးတိန်မဲဆန္ဒနယ်မှ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီတစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်း၊ ရှမ်းပြည်နယ် လောက်ကိုင်မဲဆန္ဒနယ်တို့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ နှစ်ဦး၊ ရှမ်းပြည်နယ် လဲချားနှင့် လင်းခေးမဲဆန္ဒနယ်တို့တွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ နှစ်ဦး အနိုင်ရရှိကြသည်။

ထို့အပြင် ယနေ့ ညနေ ၃ နာရီတွင် အနိုင်ရ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၄၆ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်မှ တစ်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ခုနစ်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ လေးဦးတို့ အနိုင်ရရှိကြကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကြေညာချက်အရ ကယားပြည်နယ်တွင် ဒီးမော့ဆို(၁/၂)၊ ရှားတော(၁/၂)၊ မကွေးတိုင်းဒေသကြီးမှ မကွေး(၁/၂)၊ တောင်တွင်းကြီး (၁/၂)၊ မြို့သစ်(၁/၂)၊ နတ်မောက် (၁/၂)၊ မင်းဘူး(၁/၂)၊ ကံမ(၁/၂)၊ ဆင်ပေါင်ဝဲ(၁/၂)၊ အောင်လံ(၁/၂)၊ ဆိပ်ဖြူ(၁/၂)၊ ဆော(၁/၂)၊ မန္တလေးတိုင်းဒေသကြီးတွင် ပုသိမ်ကြီး(၁/၂)၊ ရန်ကုန်တိုင်းဒေသကြီးတွင် မင်္ဂလာတောင်ညွန့်(၁/၂)၊ ရှမ်းပြည်နယ်တွင် ကလော(၁/၂)၊ ရွာငံ(၁/၂)၊ နောင်ချို(၁/၂)၊ ဧရာဝတီတိုင်းဒေသကြီးတွင် ကန်ကြီးထောင့်(၁)၊ သာပေါင်း(၁/၂)၊ ကျုံပျော်(၁/၂)၊ ရေကြည်(၁/၂)၊ မြန်အောင်(၁/၂)၊ ကျိုက်လတ်(၁/၂)၊ ဒေးဒရဲ(၁/၂) မဲဆန္ဒနယ်များတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၄၆ ဦး၊ ချင်းပြည်နယ် တီးတိန်(၁) မဲဆန္ဒနယ်တွင် ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်က တစ်ဦး၊ ချင်းပြည်နယ် တီးတိန် (၂)၊ ရန်ကုန်တိုင်းဒေသကြီးမှ ကိုကိုးကျွန်း(၁/၂)၊ ရှမ်းပြည်နယ် ရွာငံ(၂)၊ လောက်ကိုင် (၁/၂)၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်(၂) မဲဆန္ဒနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ခုနစ်ဦး၊ ရှမ်းပြည်နယ် လဲချား(၁/၂)၊ လင်းခေး(၁/၂) မဲဆန္ဒနယ်များတွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီက လေးဦးအနိုင်ရရှိကြသည်။

ထို့အတူ ယနေ့ ညနေ ၆ နာရီ ကြေညာချက်အရ အနိုင်ရရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၂၉ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်မှ တစ်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ နှစ်ဦးနှင့် တစ်သီးပုဂ္ဂလတစ်ဦး စုစုပေါင်း ၃၃ ဦးတို့ဖြစ်သည်။

အဆိုပါ ကြေညာချက်အရ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၃/၄/၇/၁၂)၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂/၃)၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅/၆/၇/၁၀/၁၁/၁၂)၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁/၂/၃/၄/၅)၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁/၂/၅/၆)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁/၂/၃/၄/၇/၈)၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈/၉) တို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၂၉ ဦး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)တို့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ နှစ်ဦး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ တစ်ဦး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ တစ်သီးပုဂ္ဂလတစ်ဦးတို့ အနိုင်ရရှိခဲ့သည်။

ထို့ကြောင့် ယနေ့ ညနေ ၆ နာရီအထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၈၈ ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၃၃ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၆၄ ဦးတို့၏ အမည်စာရင်းနှင့် ဆန္ဒမဲရလဒ်များအား ထုတ်ပြန်ကြေညာပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ယနေ့ ည ၉ နာရီတွင် အနိုင်ရရှိသည့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ထုတ်ပြန်ကြေညာရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၄၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ခုနစ်ဦး၊ ကရင်ပြည်သူ့ပါတီမှ တစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကြေညာချက်အရ ကချင်ပြည်နယ် ဝိုင်းမော် (၁/၂)၊ ဖားကန့် (၁/၂)၊ ကယားပြည်နယ် လွိုင်ကော် (၁/၂)၊ ဖရူဆို (၁/၂)၊ ဖားဆောင်း (၂)၊ ကရင်ပြည်နယ် သံတောင်ကြီး(၁)၊ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူ(၂)၊ ဘုတလင် (၁/၂)၊ ပဲခူးတိုင်းဒေသကြီး သနပ်ပင် (၁/၂)၊ ညောင်လေးပင် (၁/၂)၊ ကျောက်တံခါး (၁/၂)၊ တောင်ငူ (၁/၂)၊ ပေါင်းတည် (၁/၂)၊ လက်ပံတန်း (၁/၂)၊ မကွေးတိုင်းဒေသကြီး ငဖဲ(၁/၂)၊ မင်းလှ(၁/၂)၊ မွန်ပြည်နယ် ကျိုက်မရော(၁)၊ ဘီးလင်း(၁/၂)၊ ရှမ်းပြည်နယ် ပင်းတယ(၂)၊ မဘိမ်း (၁/၂)၊ မိုင်းတုံ (၂)၊ မိုင်းယောင်း (၁/၂)၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံ (၁/၂) မဲဆန္ဒနယ်များတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၄၀။

ကယားပြည်နယ် ဖားဆောင်း(၁)၊ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူ(၁)၊ မွန်ပြည်နယ် ကျိုက်မရော(၂)၊ ရှမ်းပြည်နယ် ပင်းတယ(၁)၊ မိုင်းဆတ် (၁/၂)၊ မိုင်းတုံ(၁) စသည့် မဲဆန္ဒနယ်များတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ခုနစ်ဦး၊ ကရင်ပြည်နယ် သံတောင်ကြီး(၂) မဲဆန္ဒနယ်တွင် ကရင်ပြည်သူ့ပါတီမှ တစ်ဦး အနိုင်ရရှိခဲ့ကြသည်။

သို့ဖြစ်၍ ယနေ့ည ၉ နာရီအထိ ထုတ်ပြန်ကြေညာပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၇၈ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ငါးဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ တစ်ဦး၊ “ဝ” ဒီမိုကရက်တစ်ပါတီမှတစ်ဦး၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှ တစ်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ နှစ်ဦး စုစုပေါင်း ၈၈ ဦးတို့ဖြစ်သည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၂၉ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ နှစ်ဦး၊ တစ်သီးပုဂ္ဂလ တစ်ဦး၊ ဇိုမီးဒီမိုကရေစီပါတီမှတစ်ဦး စုစုပေါင်း ၃၃ ဦးတို့ဖြစ်သည်။

တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၁၈၂ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ၁၉ ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ တစ်ဦး၊ “ဝ”ဒီမိုကရက်တစ်ပါတီမှနှစ်ဦး၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီမှနှစ်ဦး၊ မွန်အမျိုးသားပါတီမှ တစ်ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှလေးဦး၊ ကရင်ပြည်သူ့ပါတီမှ တစ်ဦး စုစုပေါင်း ၂၁၂ ဦးတို့ဖြစ်ကြသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၇၃ / ၂၀၁၅)**

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးလမာနော်အောင် | ၁/အဂယ(နိုင်) ၀၀၀၃၃၈ | အင်ဂျန်းယန် | ကချင်ပြည်နယ် ဒီမိုကရေစီပါတီ |
| **ကယားပြည်နယ်** | | | | |
| (၂) | ဦးအေးမောင် | ၂/ဘလခ(နိုင်) ၀၀၀၄၁၆ | ဘော်လခဲ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဦးသန်းလင်းလင်း | ၂/လကန(နိုင်) ၀၅၂၁၂၈ | မယ်စဲ့ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄) | ဦးပေါလ်ဆိုင်း | ၂/ဒမဆ(နိုင်) ၀၀၅၁၄၉ | ဒီးမော့ဆို | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅) | ဒေါ်ဝင့်ဝါထွန်း | ၁၃/ဖခန(နိုင်) ၀၃၁၁၀၂ | ရှားတော | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၆) | ဦးကျင့်ရှင်းထန် | ၅/ကလထ(နိုင်) ၀၁၇၈၉၈ | တီးတိန် | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် ပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၇) | ဒေါ်ခင်စန္ဒီ | ၆/လလန(နိုင်) ၀၈၈၄၉၅ | လောင်းလုံး | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၈) | ဦးအောင်စိုး | ၆/သရခ(နိုင်) ၀၀၅၀၆၉ | သရက်ချောင်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၉) | ဒေါ်မြခွာညိုဦး | ၇/ရတန(နိုင်) ၀၁၄၄၅၆ | ရွှေတောင် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၀) | ဦးအောင်မြင့် | ၇/သဝတ(နိုင်) ၀၉၉၆၃၄ | သာယာဝတီ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **မကွေးတိုင်းဒေသကြီး** | | | | |
| (၁၁) | ဦးသာချို(ခ)ဦးတင်ကြိုင် | ၈/ရနခ(နိုင်) ၀၂၅၃၉၃ | ရေနံချောင်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၂) | ဦးကံဦး | ၈/စလန(နိုင်) ၀၁၇၆၅၉ | စလင်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၃) | ဦးကံမြင့် | ၈/သရန(နိုင်) ၀၄၉၂၈၂ | သရက် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၄) | ဒေါ်ခင်သန်းနု | ၈/မတန(နိုင်) ၀၀၀၂၇၆ | မင်းတုန်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၅) | ဦးမြင့်ဦး | ၈/မကန(နိုင်) ၀၁၃၉၅၅ | မကွေး | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၆) | ဦးမင်းသိန်း | ၈/တတက(နိုင်) ၀၀၈၁၆၅ | တောင်တွင်းကြီး | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၇) | ဦးသာအောင် | ၈/မသန(နိုင်) ၀၀၉၁၂၅ | မြို့သစ် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၈) | ဦးအောင်တင်လင်း | ၈/နမန(နိုင်) ၀၀၂၃၁၁ | နတ်မောက် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၁၉) | ဦးဝင်းဝင်း | ၈/မဘန(နိုင်) ၀၆၅၁၄၃ | မင်းဘူး | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၀) | ဦးထွန်းထွန်း | ၈/ပဖန(နိုင်) ၀၁၇၈၇၁ | ပွင့်ဖြူ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၁) | ဦးစိန်ဟန် | ၈/ကမန(နိုင်) ၀၁၄၃၂၀ | ကံမ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၂) | ဦးနေထက်ဝင်း | ၈/မထန(နိုင်) ၀၉၆၅၈၅ | ဆင်ပေါင်ဝဲ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၃) | ဦးအောင်ထူးမြင့် | ၈/မထန(နိုင်) ၀၁၃၄၉၂ | အောင်လံ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၄) | ဦးအောင်သိုက် | ၁၂/တမန(နိုင်) ၀၅၉၁၇၂ | ဆိပ်ဖြူ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၅) | ဦးကျော်တင် | ၈/ဆမန(နိုင်) ၀၁၃၉၁၆ | ဆော | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၂၆) | ဦးစိုးမြင့်(ခ) ဦးအောင်ဇော်မြင့် | ၉/မရမ(နိုင်) ၀၁၉၄၂၀ | အမရပူရ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၇) | ဦးဇော်မင်းလွင် | ၉/မတရ(နိုင်) ၀၁၄၄၉၇ | မတ္တရာ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၈) | ဒေါက်တာ ဇော်ဝင်းမြင့် | ၉/စကန(နိုင်) ၀၂၈၅၄၇ | စဉ့်ကူး | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၉) | ဒေါက်တာ တင်အောင် | ၉/မရတ(နိုင်) ၀၀၆၄၅၅ | ကျောက်ဆည် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၀) | ဒေါက်တာ မောင်သင်း | ၁၂/ဥကတ(နိုင်) ၁၀၁၀၄၈ | မိတ္ထီလာ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဦးလှထွန်းအောင် | ၉/မလန(နိုင်) ၀၀၃၈၁၈ | မလှိုင် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၂) | ဦးငြိမ်းသစ်(ခ) ဦးသောင်းထွန်း | ၉/မရတ(နိုင်) ၁၀၃၂၅၅ | မဟာအောင်မြေ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၃) | ဦးကျော်စိုးလင်း | ၉/မနမ(နိုင်) ၁၂၂၂၁၄ | ပြည်ကြီးတံခွန် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၄) | ဒေါ်စိုးနွယ်အေး | ၉/တတဥ(နိုင်) ၀၀၀၃၅၂ | တံတားဦး | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၅) | ဦးရွှေကို | ၉/ကပတ(နိုင်) ၁၂၀၈၆၃ | ကျောက်ပန်းတောင်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၆) | ဦးခင်မောင်စိုး | ၉/ဝတန(နိုင်) ၀၂၈၉၉၉ | ဝမ်းတွင်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၇) | ဦးသောင်းငွေလင်း | ၉/စကတ(နိုင်) ၀၇၂၇၃၆ | ပုသိမ်ကြီး | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **မွန်ပြည်နယ်** | | | | |
| (၃၈) | ဦးဉာဏ်ဟိန်း | ၁၀/သဖရ(နိုင်) ၀၆၆၈၇၈ | သံဖြူဇရပ် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၉) | ဦးစောထွန်း | ၁၀/မဒန(နိုင်) ၀၁၇၉၁၁ | မုဒုံ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၀) | ဦးနိုင်သောင်းညွန့် | ၁၀/ပမန(နိုင်) ၀၀၆၅၁၃ | မော်လမြိုင် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၁) | ဒေါ်ခင်ငွေးကြွယ် | ၁၀/ခဆန(နိုင်) ၀၁၅၃၃၉ | ချောင်းဆုံ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၄၂) | ဦးအောင်လှိုင်ဝင်း | ၁၂/မဂဒ(နိုင်) ၁၀၉၉၅၈ | မင်္ဂလာဒုံ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၃) | ဒေါ်စုစုလွင် | ၁၂/ဗဟန(နိုင်) ၀၅၅၀၉၄ | သုံးခွ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၄) | ဒေါက်တာစိန်မြအေး | ၁၂/ရကန(နိုင်) ၀၅၂၁၄၆ | ဒလ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၅) | ဦးနေမျိုးထက် | ၁၂/ဗတထ(နိုင်) ၀၀၁၈၁၃ | ကျောက်တံတား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၆) | ဦးဇော်ဝင်း | ၁၂/ကမတ(နိုင်) ၀၁၇၂၂၅ | ကြည့်မြင်တိုင် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၇) | ဦးအောင်ကျော်ကျော်ဦး | ၁၂/လမန(နိုင်) ၀၀၃၉၀၃ | လှိုင် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၈) | ဦးနေမျိုးထွန်း | ၁၂/ရပသ(နိုင်) ၀၅၁၅၇၃ | ထန်းတပင် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၉) | ဒေါက်တာသန်းဝင်း | ၁၂/ဥကမ(နိုင်) ၀၀၅၄၂၀ | မြောက်ဥက္ကလာပ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၀) | ဒေါ်မြင့်မြင့်စိုး(ခ) မေစိုး | ၁၂/ပဘတ(နိုင်) ၀၁၄၇၉၆ | ဗိုလ်တထောင် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၁) | ဦးစိုးသူရထွန်း | ၁၂/ရကန(နိုင်) ၀၄၆၆၁၇ | ကွမ်းခြံကုန်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၂) | ဦးဘိုဘိုဦး | ၁၂/ဘဟန(နိုင်) ၁၀၈၈၄၇ | စမ်းချောင်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၃) | ဦးထွန်းမြင့် | ၁၂/ဘဟန(နိုင်) ၀၈၆၀၃၅ | ဗဟန်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၄) | ဒေါ်ဖြူဖြူသင်း | ၁၂/ဥကတ(နိုင်) ၁၀၈၈၅၀ | မင်္ဂလာတောင်ညွန့် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၅) | သူရဦးသက်ဆွေ | ၁၂/အလန(နိုင်) ၀၄၅၇၆၄ | ကိုကိုးကျွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၅၆) | ဦးကျင်ဝမ်း | ၁၃/ဟပတ(နိုင်)၀၀၅၉၄၉ | ဟိုပန် | “ဝ” ဒီမိုကရက်တစ်ပါတီ |
| (၅၇) | ဦးစိုင်းဆမ် | ၁၃/မယန(နိုင်) ၀၀၀၃၇၁ | မိုင်းယန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၅၈) | ဒေါ်ပြုံးကေသီနိုင် | ၁၃/ကလန(နိုင်) ၀၀၀၁၄၈ | ကလော | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၉) | ဦးအောင်စိုးမင်း | ၉/မသန(နိုင်) ၁၀၉၂၈၇ | ရွာငံ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆၀) | ဦးစိုင်းမွန်း | ၁၃/လခန(နိုင်) ၀၂၀၃၉၃ | လဲချား | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆၁) | ဦးစိုင်းဘသိန်း | ၁၃/လခတ(နိုင်) ၀၀၆၃၇၇ | လင်းခေး | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆၂) | ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန် | ၁၃/နခတ(နိုင်) ၀၀၇၀၃၆ | နောင်ချို | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆၃) | ဦးလူတယ်ဟုန်(ခ) အောင်ရွှေ | ၁၃/မဆတ(နိုင်) ၀၄၈၁၆၃ | လောက်ကိုင် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၆၄) | ဦးအုန်းလွင် | ၁၄/ညတန(နိုင်) ၀၈၆၃၀၇ | ညောင်တုန်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆၅) | ဦးအောင်မင်း | ၁၂/မရက(နိုင်) ၁၂၀၁၀၇ | ဇလွန် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆၆) | ဦးဇော်မင်းသိန်း | ၁၄/လမန(နိုင်) ၀၅၃၀၂၄ | လေးမျက်နှာ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆၇) | ဦးထွန်းလင်းမော် | ၁၄/ဘကလ(နိုင်) ၀၁၃၃၆၉ | ကြံခင်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆၈) | ဦးအေးဝင်း | ၁၄/အဂပ(နိုင်) ၀၁၇၁၃၃ | အင်္ဂပူ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆၉) | ဦးရွှေလှကြိုင် | ၁၄/ပသရ(နိုင်) ၀၁၀၃၃၁ | ကန်ကြီးထောင့် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၇၀) | ဦးသိန်းထွန်း | ၁၄/သပန(နိုင်) ၀၀၄၈၂၄ | သာပေါင်း | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၇၁) | ဦးစိုးအောင်နိုင် | ၁၄/ကပန(နိုင်) ၀၁၉၀၉၈ | ကျုံပျော် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၇၂) | ဒေါက်တာစံရွှေဝင်း | ၁၄/ရကန(နိုင်) ၀၅၅၅၅၁ | ရေကြည် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၇၃) | ဦးခင်မောင်လတ် | ၁၄/မအန(နိုင်) ၀၈၂၆၁၀ | မြန်အောင် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၇၄) | ဦးစိန်ဝင်း | ၁၃/နစန(နိုင်) ၀၀၂၂၆၄ | မအူပင် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၇၅) | ဦးရန်လင်း | ၉/ပမန(နိုင်) ၀၈၃၈၅၃ | ကျိုက်လတ် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၇၆) | ဒေါက်တာဒေါ်ခင်ညို | ၇/ဝမန(နိုင်) ၀၂၃၁၁၉ | ဒေးဒရဲ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၇၅/၂၀၁၅ )**
**၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်**
**(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်)**

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကယားပြည်နယ်** | | | | |
| (၁) | ဦးဘော်ရယ်စိုးဝေ | ၂/ဒမဆ(နိုင်) ၀၀၃၁၇၃ | အမှတ်(၃) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးစောစိန်ထွန်း | ၂/ဒမဆ(နိုင်) ၀၀၅၁၀၂ | အမှတ်(၄) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) | ဦးအောင်ကျော်စိုး | ၂/ လကန(နိုင်) ၁၀၉၆၁၆ | အမှတ်(၇) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးကျော်သန်း | ၂/ ဘလခ(နိုင်) ၀၀၀၄၇၉ | အမှတ်(၈) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးစိုးသိန်း | ၁၂/ရကန(နိုင်) ၀၂၅၄၇၄ | အမှတ်(၉) | တစ်သီးပုဂ္ဂလ |
| (၆) | ဦးစိုင်းပန်ဖ | ၂/လကန(နိုင်) ၀၀၅၀၆၇ | အမှတ်(၁၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၇) | ဦးပူဂင်ကမ်းလျန် | ၄/တတန(နိုင်) ၀၀၂၇၇၈ | အမှတ်(၅) | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဦးကျင့်ခန့်ပေါင် | ၄/တတန(နိုင်) ၀၀၇၇၂၆ | အမှတ်(၆) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၉) | ဦးသက်နိုင်စိုး | ၆/လလန(နိုင်) ၀၀၀၁၁၁ | အမှတ်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဦးထွန်းလင်း | ၆/သရခ(နိုင်) ၀၀၉၈၉၇ | အမှတ်(၃) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၁၁) | ဒေါက်တာတင်တင်ဝင်း | ၇/တငန(နိုင်) ၀၁၅၈၅၅ | အမှတ်(၅) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၂) | ဦးမင်းဦး | ၇/ဖမန(နိုင်) ၀၂၃၆၈၂ | အမှတ်(၆) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၃) | ဒေါက်တာမြသောင်း | ၇/တငန(နိုင်) ၀၆၉၆၂၆ | အမှတ်(၇) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၄) | ဦးဝင်းကြိုင် | ၇/လပတ(နိုင်) ၀၁၄၀၂၀ | အမှတ်(၁၀) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၅) | ဒေါက်တာဝင်းမြင့် | ၇/မညန(နိုင်) ၀၃၁၃၁၃ | အမှတ်(၁၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၆) | ဦးအောင်သိန်း | ၁၂/သဃက(နိုင်) ၁၂၉၂၇၆ | အမှတ်(၁၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မကွေးတိုင်းဒေသကြီး** | | | | |
| (၁၇) | ဦးလှဆန်း | ၈/မကန(နိုင်) ၀၂၅၃၁၈ | အမှတ်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၈) | ဦးခင်ဝင်း | ၈/ရနခ(နိုင်) ၀၆၈၉၁၁ | အမှတ်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၉) | ဦးချစ်ထွေး | ၈/မသန(နိုင်) ၀၀၃၀၃၀ | အမှတ်(၃) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၀) | ဦးအောင်ကြည်ညွန့် | ၁၀/ခဆန(နိုင်) ၀၀၃၁၁၆ | အမှတ်(၄) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၁) | ဦးတင်အောင်ထွန်း | ၉/မထလ(နိုင်) ၀၇၆၈၄၀ | အမှတ်(၅) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မွန်ပြည်နယ်** | | | | |
| (၂၂) | ဦးအေးမင်းဟန် | ၁၀/မလမ(နိုင်) ၁၈၂၇၅၈ | အမှတ်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၃) | ဒေါ်နွယ်နွယ်အောင် | ၁၀/မလမ(နိုင်) ၀၂၄၇၂၃ | အမှတ်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၄) | ဒေါ်မြတ်သီတာထွန်း | ၁၀/သဖရ(နိုင်) ၀၉၃၀၄၆ | အမှတ်(၅) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၅) | ဦးဖေတင် | ၁၀/မဒန(နိုင်) ၀၆၇၉၅၅ | အမှတ်(၆) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ရန်ကုန်တိုင်းဒေသကြီး | | | | |
| (၂၆) | ဒေါက်တာဌေးကြွယ် | ၁၂/ဥကမ(နိုင်) ၁၇၄၇၈၈ | အမှတ်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၇) | ဦးဌေးဦး | ၁၂/စခန(နိုင်) ၀၁၈၂၉၆ | အမှတ်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၈) | ဒေါက်တာမြတ်ဉာဏစိုး | ၁၂/ကတတ(နိုင်) ၀၀၀၈၇၀ | အမှတ်(၃) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၉) | ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ) | ၅/တမန(နိုင်) ၀၀၀၄၈၅ | အမှတ်(၄) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၀) | ဦးရဲမြင့်စိုး | ၁၀/မလမ(နိုင်) ၀၁၉၁၇၇ | အမှတ်(၇) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၁) | ဦးကျော်ထွေး | ၁၂/သကတ(နိုင်) ၁၁၂၃၄၇ | အမှတ်(၈) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၃၂) | ဒေါ်အိအိပြုံး | ၁၄/မအပ(နိုင်) ၁၈၄၅၀၃ | အမှတ်(၈) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၃) | မန်းတိုးရွှေ | ၁၄/ပတန(နိုင်) ၀၁၄၃၇၅ | အမှတ်(၉) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၇၄/၂၀၁၅ )**
**၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်**
**(၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်)**

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးဇော်မိုးနော် | ၁/မကန(နိုင်) ၀၃၀၇၆၂ | အင်ဂျန်းယန်(၁) | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ |
| (၂) | ဒေါ်ဂျာဆိုင်းခေါ်န် | ၁/မကန(နိုင်) ၁၀၀၃၃၆ | အင်ဂျန်းယန်(၂) | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ |
| **ကယားပြည်နယ်** | | | | |
| (၃) | ဦးအေးရွှေ | ၂/ဘလခ(နိုင်) ၀၀၀၅၈၄ | ဘော်လခဲ(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးစိုးရယ် | ၂/ဘလခ(နိုင်) ၀၀၀၂၈၄ | ဘော်လခဲ(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၅) | ဦးဗိုလ်ထွေး | ၆/လလန(နိုင်) ၀၁၅၉၅၂ | လောင်းလုံး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးမြင့်စန်း | ၆/လလန(နိုင်) ၀၄၄၃၇၈ | လောင်းလုံး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဒေါက်တာလဲ့လဲ့မော် | ၁၂/ဥကတ(နိုင်) ၀၂၅၅၉၅ | သရက်ချောင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဦးဝေဝေလွင် | ၆/သရခ(နိုင်) ၀၂၉၆၇၆ | သရက်ချောင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၉) | ဦးညွန့်ဝေ | ၇/ရတန(နိုင်) ၀၂၇၇၄၈ | ရွှေတောင်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဦးအုန်းသွင် | ၇/ရတန(နိုင်) ၀၂၀၅၀၇ | ရွှေတောင်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မကွေးတိုင်းဒေသကြီး** | | | | |
| (၁၁) | ဦးတင့်လွင် | ၈/ရနခ(နိုင်) ၀၈၇၅၈၇ | ရေနံချောင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၂) | ဦးသိန်းလှ | ၈/ရနခ(နိုင်) ၀၀၃၃၂၁ | ရေနံချောင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၃) | ဦးတာ | ၈/စလန(နိုင်) ၀၀၄၁၀၁ | စလင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၄) | ဦးသက်ခိုင် | ၈/စလန(နိုင်) ၀၇၀၈၀၉ | စလင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၅) | ဒေါ်အေးယုမော် | ၈/သရန(နိုင်) ၀၀၀၅၃၆ | သရက်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၆) | ဦးဇော်မိုးအောင် | ၈/သရန(နိုင်) ၀၀၆၇၃၆ | သရက်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၇) | ဦးတင်ဝင်း | ၈/မတန(နိုင်) ၀၀၃၇၄၆ | မင်းတုန်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၈) | ဦးအေးလှိုင်ဦး | ၈/မတန(နိုင်) ၀၂၅၈၃၇ | မင်းတုန်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၁၉) | ဒေါက်တာဇော်မြင့်မောင် | ၉/အမရ(နိုင်) ၀၅၉၄၉၀ | အမရပူရ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၀) | ဦးမြင့်ဆွေ | ၉/အမရ(နိုင်) ၀၂၅၁၅၀ | အမရပူရ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၁) | ဦးမောင်မောင်အေး | ၉/မတရ(နိုင်) ၀၂၃၂၉၄ | မတ္တရာ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၂) | ဦးမင်းမင်း | ၉/မတရ(နိုင်) ၀၉၅၀၅၆ | မတ္တရာ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၃) | ဦးအောင်သန်းထွန်း | ၉/မနမ(နိုင်) ၀၆၆၆၂၆ | စဉ့်ကူး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၄) | ဒေါက်တာဦးကျော်နိုင်ဦး | ၉/စကန(နိုင်) ၀၃၂၀၂၈ | စဉ့်ကူး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၅) | ဦးရဲမင်းထွန်း | ၉/ကဆန(နိုင်) ၁၀၇၈၃၅ | ကျောက်ဆည်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၆) | ဦးအောင်ကြည် | ၉/ကဆန(နိုင်) ၀၀၈၄၂၉ | ကျောက်ဆည်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၇) | ဦးအောင်ကျော်မိုး | ၁၃/ကလန(နိုင်) ၀၁၈၁၇၀ | မိတ္ထီလာ(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၈) | ဦးစိုးသန်း | ၉/မထလ(နိုင်) ၀၄၂၀၅၇ | မိတ္ထီလာ(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၉) | ဦးချစ်မင်းသိန်း | ၉/မလန(နိုင်) ၀၄၂၇၇၄ | မလှိုင်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၀) | ဒေါ်သီတာငြိမ်း | ၉/မလန(နိုင်) ၀၀၈၁၄၇ | မလှိုင်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၁) | ဦးဇာနည်အောင် | ၉/ခအဇ(နိုင်) ၀၁၄၈၅၃ | မဟာအောင်မြေ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၂) | ဦးဇော်ဇော်အောင် | ၉/မနတ(နိုင်) ၀၉၈၉၇၂ | မဟာအောင်မြေ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၃) | ဒေါက်တာချစ်ကိုကို | ၉/မနမ(နိုင်) ၀၂၅၄၃၄ | ပြည်ကြီးတံခွန်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၄) | ဦးဇော်မောင်(ခ) ဇော်မောင်မောင် | ၉/ပကခ(နိုင်) ၀၀၃၄၃၄ | ပြည်ကြီးတံခွန်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၅) | ဦးမင်းမင်းနီ | ၉/တတဉ(နိုင်) ၀၀၂၃၉၇ | တံတားဦး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၆) | ဦးဝဏ္ဏအောင် | ၉/ခအဇ(နိုင်) ၀၁၀၈၃၂ | တံတားဦး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၇) | ဦးအေးခိုင် | ၉/ကပတ(နိုင်) ၀၀၀၁၀၉ | ကျောက်ပန်းတောင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၈) | ဦးမျိုးဆွေဦး | ၉/ကပတ(နိုင်) ၁၄၃၁၆၄ | ကျောက်ပန်းတောင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၉) | ဦးစိုးမင်းထက် | ၉/ဝတန(နိုင်) ၁၁၃၅၉၈ | ဝမ်းတွင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၀) | ဦးအောင်သူ | ၉/ဝတန(နိုင်) ၀၆၇၃၅၀ | ဝမ်းတွင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မွန်ပြည်နယ်** | | | | |
| (၄၁) | ဦးမင်းထင်အောင်ဟန် | ၁၀/မလမ(နိုင်) ၀၆၉၆၈၆ | မော်လမြိုင်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၂) | ဒေါက်တာထိန်လင်း | ၁၀/မလမ(နိုင်) ၀၈၅၆၀၁ | မော်လမြိုင်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၃) | ဒေါ်တင်အိ | ၁၀/သဖရ(နိုင်) ၀၁၀၅၅၆ | သံဖြူဇရပ်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၄) | ဦးထွန်းဌေး | ၁၀/သဖရ(နိုင်) ၀၀၂၃၉၇ | သံဖြူဇရပ်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၅) | ဒေါ်မြသီဂီမော် | MDN - ၀၅၇၄၇၃ | မုဒုံ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၆) | ဦးနိုင်ကြည်ဝင်း(ခ) ဒေါက်တာမင်းကြည်ဝင်း | ၁၀/မဒန(နိုင်) ၀၂၁၇၅၅ | မုဒုံ(၂) | မွန်အမျိုးသားပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၄၇) | ဦးထွန်းထွန်းဝင်း | ၁၂/မဂဒ(နိုင်) ၀၁၅၆၄၈ | မင်္ဂလာဒုံ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၈) | ဒေါ်သန္တာမိုး | ၁၂/မဂဒ(နိုင်) ၁၀၆၆၇၄ | မင်္ဂလာဒုံ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၉) | ဦးနေဝင်း | ၁၂/သခန(နိုင်) ၁၂၈၉၇၃ | သုံးခွ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၀) | ဦးမျိုးဆွေ | ၁၂/သခန(နိုင်) ၀၁၀၄၉၄ | သုံးခွ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၁) | ဦးရွှေယင်(ခ)ဦးထွန်းရင် | ၁၂/ဒလန(နိုင်) ၀၀၄၆၆၃ | ဒလ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၂) | ဦးထွေးတင်(ခ)ဦးမြသိန်း | ၁၂/တတန(နိုင်) ၀၇၉၀၁၉ | ဒလ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၃) | ဒေါ်ကြည်ပြာ | ၁၂/သဃက(နိုင်) ၁၄၂၃၇၂ | ကျောက်တံတား(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၄) | ဒေါ်မြလှစံ | ၁၂/ကတတ(နိုင်) ၀၁၈၃၀၃ | ကျောက်တံတား(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၅) | ဦးကျော်နန္ဒအောင် | ၁၂/ကမတ(နိုင်) ၀၀၀၂၈၃ | ကြည့်မြင်တိုင်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၆) | ဦးခင်ဝင်း | ၁၂/ကမတ(နိုင်) ၀၁၂၈၆၅ | ကြည့်မြင်တိုင်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၇) | ဦးကျော်ကျော်ထွန်း | ၁၂/လမန(နိုင်) ၀၄၁၉၉၁ | လှိုင်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၈) | ဒေါ်ခိုင်မာဌေး | ၁၂/လမန(နိုင်) ၀၁၇၈၇၈ | လှိုင်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၉) | ဦးအောင်ဘုန်းကျော်စံဦး | ၁၄/အဂပ(နိုင်) ၀၁၂၄၆၇ | ထန်းတပင်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆၀) | ဦးဌေးမော် | ၁၂/အစန(နိုင်) ၀၆၉၂၆၈ | ထန်းတပင်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆၁) | ဦးဇော်လွင် | ၁၂/ဥကမ(နိုင်) ၁၀၀၁၁၁ | မြောက်ဥက္ကလာပ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆၂) | ဦးမြင့်လွင် | ၁၂/ဥကမ(နိုင်) ၀၇၈၂၃၉ | မြောက်ဥက္ကလာပ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆၃) | ဦးအောင်ထူး | ၁၂/ဗတထ(နိုင်) ၀၂၂၅၅၄ | ဗိုလ်တထောင်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆၄) | ဦးသက်ထွန်းဝင်း | ၁၂/ဥကတ(နိုင်) ၀၅၈၇၀၇ | ဗိုလ်တထောင်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆၅) | ဦးမန်းအောင်ကိုမင်း | ၁၂/ကခက(နိုင်) ၀၅၇၀၃၃ | ကွမ်းခြံကုန်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆၆) | ဦးအောင်မင်းမင်း | ၁၂/သကတ(နိုင်) ၀၀၂၀၅၂ | ကွမ်းခြံကုန်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆၇) | ဦးအောင်မျိုး | ၁၂/စခန(နိုင်) ၀၃၄၉၄၂ | စမ်းချောင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆၈) | ဦးသော်တာအောင် | ၁၂/ဥကမ(နိုင်) ၀၃၆၂၈၃ | စမ်းချောင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆၉) | ဦးအောင်မြတ်ကျော် | ၁၂/တမန(နိုင်) ၀၄၆၈၁၄ | ဗဟန်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇၀) | ဦးသောင်းထွဋ် | ၁၂/ဗဟန(နိုင်) ၀၂၂၅၀၅ | ဗဟန်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

စာမျက်နှာ ၆ သို့

*စာမျက်နှာ ၅ မှ*

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ရှမ်းပြည်နယ်** | | | | |
| (၇၁) | ဦးခွန်ထွန်းလူ(ခ)ဦးဒီကီ | ၁၃/လရန(နိုင်) ၀၁၅၂၇၁ | ဟိုပန်(၁) | "ဝ" ဒီမိုကရက်တစ်ပါတီ |
| (၇၂) | ဦးရန်ကျော် | ၁၃/လရန(နိုင်) ၀၂၉၃၇၉ | ဟိုပန်(၂) | "ဝ" ဒီမိုကရက်တစ်ပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၇၃) | ဦးလင်းနိုင်ထွန်း | ၁၄/ဇလန(နိုင်) ၀၈၁၁၅၁ | ဇလွန်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇၄) | ဦးခိုင်ဝင်း | ၁၄/ဇလန(နိုင်) ၀၈၂၇၉၁ | ဇလွန်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇၅) | ဦးစိုးခိုင် | ၁၄/လမန(နိုင်) ၀၀၀၅၃၂ | လေးမျက်နှာ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇၆) | ဦးစိုးသန်း | ၁၄/လမန(နိုင်) ၀၀၉၁၆၅ | လေးမျက်နှာ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇၇) | ဦးသော်ဇင်ဝင်း | ၁၄/ကခန(နိုင်) ၀၇၄၅၅၆ | ကြံခင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇၈) | ဦးကျော်မျိုးလင်း | ၁၄/ကခန(နိုင်) ၀၆၈၄၅၈ | ကြံခင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇၉) | ဦးအောင်ကျော်ခိုင် | ၁၄/အဂပ(နိုင်) ၀၁၀၂၀၀ | အင်္ဂပူ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈၀) | ဦးဗိုလ်ဗိုလ်ဇင် | ၁၄/အဂပ(နိုင်) ၁၂၉၈၆၈ | အင်္ဂပူ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈၁) | ဒေါ်နီနီမိုး | ၁၄/ညတန(နိုင်) ၀၈၇၈၄၁ | ညောင်တုန်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈၂) | ဦးကျော်ဆန်း | ၁၄/ညတန(နိုင်) ၀၁၁၂၆၈ | ညောင်တုန်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဒီမိုကရေစီအကူးအပြောင်းကာလ သမိုင်းဝင်ရွေးကောက်ပွဲဟု ဥရောပသမဂ္ဂရွေးကောက်ပွဲလေ့လာရေးအဖွဲ့ သုံးသပ်ပြောကြား

**ရန်ကုန် နိုဝင်ဘာ ၁၀**

မြန်မာနိုင်ငံတွင် နိုဝင်ဘာ ၈ ရက်ကကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို လေ့လာစောင့်ကြည့်ခဲ့သည့် ဥရောပသမဂ္ဂ လေ့လာစောင့်ကြည့်ရေးအဖွဲ့သည် မြန်မာနိုင်ငံရဲ့ဒီမိုကရေစီကူးပြောင်းရေး အချိတ်အဆက်တွင် သမိုင်းဝင်ရွေးကောက်ပွဲကို စနစ်တကျစီစဉ်နိုင်ခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အမျိုးမျိုးသော ကိုယ်စားလှယ်လောင်းများကြားမှာ မှန်မှန်ကန်ကန်ရွေးချယ်နိုင်ခဲ့ကြောင်း လေ့လာဆန်းစစ်ချက်ထုတ်ပြန်မှုတစ်ရပ်အနေဖြင့် ယနေ့ သုံးသပ်ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံရဲ့ ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲကြီးဟာ ဒီမိုကရေစီကူးပြောင်းမှုမှာ သမိုင်းဝင်အချိတ်အဆက်ဖြစ်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ရွေးကောက်ပွဲကို စနစ်တကျစီစဉ်နိုင်ခဲ့ပြီး မဲဆန္ဒရှင်ပြည်သူတွေဟာလည်း များပြားတဲ့ ပါတီပေါင်းစုံကိုယ်စားလှယ်တွေကြားထဲက မှန်မှန်ကန်ကန်နဲ့ ကောင်းမွန်စွာ ရွေးချယ်နိုင်ခဲ့တာတွေ့ရတယ်။ ဒါပေမယ့် အဖွဲ့အစည်းဆိုင်ရာ၊ ဥပဒေပိုင်းဆိုင်ရာနဲ့ လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ တိုးတက်မှုတွေ လိုအပ်နေပါသေးတယ်" ဟု ယနေ့ နံနက် ၁၁ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ပြုလုပ်သည့် မီဒီယာရှင်းလင်းပွဲတွင် ဥရောပသမဂ္ဂ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့မှ လေ့လာရေးမှူးချုပ် Alexander Graf Lambsdorff က ပြောကြားသည်။ **(အပေါ်ပုံ)**




ဥရောပသမဂ္ဂ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့သည် နိုဝင်ဘာ ၈ ရက်က အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် မြို့ပြနှင့် ကျေးလက်ဒေသများရှိ မဲရုံပေါင်း ၅၀၀ ကျော်ကို အင်အား ၁၅၀ ဖြင့် လေ့လာဆန်းစစ်ခဲ့သည်။

သို့သော် ရွေးကောက်ပွဲမတိုင်မီ ကနဦးသဘောတူထားသည့် တပ်နယ်ပယ်အတွင်းရှိ မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးမှုတွေကိုတော့ ဥရောပသမဂ္ဂရွေးကောက်ပွဲလေ့လာရေးအဖွဲ့အနေဖြင့် လေ့လာခွင့်မရခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ရွေးကောက်ပွဲနေ့မှာ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ မဲပေးတဲ့အခါမှာ ယေဘုယျအားဖြင့်တော့ ကောင်းမွန်ချောမွေ့စွာရှိခဲ့ပြီး အေးအေးချမ်းချမ်းပဲ မဲထည့်နိုင်ခဲ့တာကို တွေ့ရပါတယ်။ ပြည်သူ ပြည်သားတွေဟာ ဒီမိုကရေစီကို လိုလားတယ်ဆိုတာကို ပြသခဲ့တယ်။ ရွေးကောက်ပွဲမတိုင်ခင်မှာလည်း ပါတီတွေရဲ့မဲဆွယ်မှုလုပ်ငန်းစဉ်တွေဟာ အားလုံးနီးပါး တည်တည်ငြိမ်ငြိမ်ပါပဲ။ ဒါပေမယ့် ကြိုတင်မဲပေးတဲ့လုပ်ငန်းစဉ်မှာတော့ စီမံမှုအားနည်းခဲ့သလို၊ ပွင့်လင်းမြင်သာမှုမှာလည်း အားနည်းခဲ့တာတွေ့ရတယ်" ဟု လေ့လာရေးမှူးချုပ်က ထပ်မံပြောကြားသည်။

ဥရောပသမဂ္ဂ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဥရောပသမဂ္ဂကို ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့စေလွှတ်ပေးရန် ဖိတ်ကြားခဲ့ပြီး နားလည်မှုစာချွန်လွှာကိုလည်း နှစ်ဦးနှစ်ဖက် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ ဥရောပသမဂ္ဂရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့သည် ဥရောပသမဂ္ဂအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများ၊ အစိုးရအဖွဲ့အစည်းများနှင့် သီးခြားလွတ်လပ်စွာ ရပ်တည်ပြီး အပြည်ပြည်ဆိုင်ရာရွေးကောက်ပွဲလေ့လာရေးအခြေခံမူများ ကြေညာချက်၊ ကျင့်ဝတ်များနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ဥပဒေများကို လေးစားလိုက်နာပြီး လုပ်ဆောင်မှုတိုင်းကို ဘက်လိုက်မှုကင်းရှင်းရန် သန္နိဋ္ဌာန်ချမှတ်လုပ်ဆောင်ခဲ့သောအဖွဲ့အစည်းဖြစ်ပြီး စောင့်ကြည့်လေ့လာသူများသည် ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၈ နိုင်ငံနှင့် ကနေဒါ၊ နော်ဝေနှင့် ဆွစ်ဇာလန်နိုင်ငံတို့မှဖြစ်ကြောင်း သိရသည်။

"အားလုံးသတိပြုမိဖို့ လိုတာက ရွေးကောက်ပွဲက မပြီးဆုံးသေးဘူးဆိုတာပါပဲ။ မဲရလဒ်ထုတ်ပြန်မှုလုပ်ငန်းစဉ်တွေဟာ ဆောင်ရွက်ဆဲပဲဖြစ်တယ်။ ဒါဟာ ရွေးကောက်ပွဲလုပ်ငန်းစဉ်ရဲ့ အရေးကြီးတဲ့အပိုင်းဖြစ်ပြီး လုပ်ငန်းစဉ်တစ်လျှောက်လုံးမှာ ပွင့်လင်းမြင်သာမှုနဲ့ ရိုးသားမှုရေချိန်မြင့်မားစေဖို့က အရေးကြီးတယ်။ ဥရောပသမဂ္ဂ ရွေးကောက်ပွဲလေ့လာသူတွေဟာ ရွေးကောက်ပွဲရလဒ်တွေ၊ စာရင်းဇယားသွင်းတာတွေ၊ ဆက်စပ်နေတဲ့အငြင်းပွားမှုတွေနဲ့ တောင်းဆိုမှုတွေကို သက်ဆိုင်ရာနေရာတွေမှာ ဆက်လက်လေ့လာနေဆဲပဲ ဖြစ်ပါတယ်" ဟု Alexander Graf Lambsdorff က ပြောသည်။

မြန်မာနိုင်ငံပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဖိတ်ခေါ်ခဲ့သည့် ဥရောပသမဂ္ဂရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ ယနေ့ထုတ်ပြန်မှုသည် ရွေးကောက်ပွဲကာလ ကနဦးထုတ်ပြန်တွေ့ရှိချက်များဖြစ်ပြီး နောင်ရွေးကောက်ပွဲများတွင် အကြံပြုချက်များပါဝင်သည့် အပြီးသတ်အစီရင်ခံစာကို မကြာမီကာလတွင် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယနေ့ကျင်းပသည့် ဥရောပသမဂ္ဂရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့၏ ကနဦးလေ့လာတွေ့ရှိချက်ထုတ်ပြန်မှု မီဒီယာရှင်းလင်းပွဲသို့ ပြည်တွင်း၊ ပြည်ပမှ မီဒီယာအမြောက်အမြား တက်ရောက်သတင်းယူခဲ့ကြသည်ကို တွေ့ရသည်။

**သတင်းဆောင်းပါး**
**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရှုပ်ထွေးလှသော ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား စိန်ခေါ်မှုအချို့မှလွဲ၍ အောင်မြင်စွာကိုင်တွယ်နိုင်ခဲ့ဟု ကာတာစင်တာမှတ်ချက်ပြု

ရန်ကုန် နိုဝင်ဘာ ၁၀

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရှုပ်ထွေးလှသောရွေးကောက်ပွဲလုပ်ငန်းစဉ်များအား စိန်ခေါ်မှုအချို့မှလွဲ၍ အောင်မြင်စွာကိုင်တွယ်နိုင်ခဲ့သည်ဟု ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ပြုလုပ်သည့် ကာတာစင်တာ၏ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်မှု ကနဦးသတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။**

သို့ရာတွင် မဲစာရင်းများ ကြိုတင်စစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် အနာဂတ်ရွေးကောက်ပွဲများအတွက် ကြိုတင်ဆန်းစစ်ခြင်းများကို ဆောင်ရွက်သင့်ကြောင်း ကာတာစင်တာမှ အကြံပြုထားသည်။

ကာတာစင်တာသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဖိတ်ကြားချက်အရ နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ရေတို လေ့လာစောင့်ကြည့်သူ ၆၂ ဦး၊ ရေရှည်လေ့လာ စောင့်ကြည့်သူခြောက်ဦးတို့ဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ မဲရုံပေါင်း ၂၄၅ ရုံတွင် ဆန္ဒမဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲစာရင်းထုတ်ပြန်ခြင်းတို့ကို လေ့လာစောင့်ကြည့်ခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဥပဒေအရမလိုအပ်သော်လည်း ပြည်တွင်းနှင့် နိုင်ငံတကာ စောင့်ကြည့်လေ့လာသူများအား ဖိတ်ခေါ်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လေ့လာခွင့်ပေးခဲ့ခြင်းသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အပြုသဘောဆန်သော အပြောင်းအလဲအဖြစ် မှတ်ချက်ပြုထားသည်။

ကာတာစင်တာ၏ စောင့်ကြည့်ရေးလုပ်ငန်းစဉ်တွင် မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေများ၊ ရွေးကောက်ပွဲများအားစီမံခန့်ခွဲခြင်း၊ မဲစာရင်းများ၊ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်း၊ ရွေးကောက်ပွဲတွင် အမျိုးသမီးများပါဝင်မှုကဏ္ဍနှင့် ရွေးကောက်ပွဲနေ့ဖြစ်စဉ်အပါအဝင် ရွေးကောက်ပွဲနှောင်းပိုင်းကာလ စောင့်ကြည့်ခြင်းများ ပါဝင်သည်။

ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းအများစုကို မဲဆန္ဒရှင်များအနေဖြင့် ရွေးချယ်နိုင်ခဲ့ပြီး နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံနေရာ အနှံ့အပြားတွင် လွတ်လပ်စွာမဲဆွယ်စည်းရုံးခွင့်ရရှိခဲ့သည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံသို့လာရောက်သော်လည်း မဲပေးခွင့်မရသူဦးရေမှာ မရှိသလောက် နည်းပါးခဲ့သည်ဟု ကာတာစင်တာ၏ ကနဦးထုတ်ပြန်ချက်တွင် ပါရှိသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းခြင်းသည် ဆက်လက်ဖြစ်ပေါ်နေသော်လည်း ဒီမိုကရေစီစနစ်ဆန်သည့် ရွေးကောက်ပွဲနှင့် အုပ်ချုပ်မှုအတွက် နိုင်ငံတကာစံနှုန်းများအတိုင်း အပြည့်အဝကိုက်ညီစေရန်အတွက် အဆင့်တိုးမြှင့်ပေးရန် လိုအပ်နေသေးသည်။ ရွေးကောက်ပွဲတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းများ ပါဝင်မှုသည် နည်းပါးလျက်ရှိသည်။ ရွေးကောက်ခံကိုယ်စားလှယ်လောင်း ၆၀၀၀ ကျော်ရှိသည့်အနက် ၈၀၀ ခန့်သာ အမျိုးသမီးကိုယ်စားလှယ်ပါဝင်မှုရှိသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်အဖြစ် အမျိုးသမီးတစ်ဦးသာ ပါဝင်နေသည်ကို ထောက်ပြထားသည်။




ကာတာစင်တာအနေဖြင့် ရွေးကောက်ပွဲစောင့်ကြည့်ခြင်း လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိပြီး လာမည့်ရက်အနည်းငယ်အတွင်းတွင် ထပ်မံထုတ်ပြန်မည့် အစီရင်ခံစာများနှင့် မြန်မာနိုင်ငံ၏ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ဆက်လက်အကဲဖြတ်သွားမည်ဟု ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။


ကမ္ဘာတစ်ဝန်းရှိ ငြိမ်းချမ်းရေးနှင့် ကျန်းမာရေးကဏ္ဍများကို တိုးမြှင့်နိုင်ရန်အတွက် အမေရိကန်ပြည်ထောင်စုသမ္မတဟောင်း ဂျင်မီကာတာနှင့် ဇနီးတို့က အီမိုရီတက္ကသိုလ်နှင့်ပူးပေါင်းကာ ၁၉၈၂ ခုနှစ်တွင် ကာတာစင်တာကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ကာတာစင်တာသည် လက်ရှိတွင် နိုင်ငံပေါင်း ၈၀ ကျော်အတွက် အကူအညီများ ပေးနေကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်၊မြတ်သန္တာမောင်**
**ဓာတ်ပုံ-ဖိုးထောင်**


၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ရန်ကုန်တိုင်းဒေသကြီး ၂၆ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
မန္တလေးတိုင်းဒေသကြီး ၁၂ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ပဲခူးတိုင်းဒေသကြီး ၂ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ဧရာဝတီတိုင်းဒေသကြီး ၁၃ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
မကွေးတိုင်းဒေသကြီး ၁၅ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
တနင်္သာရီတိုင်းဒေသကြီး ၂ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ရှမ်းပြည်နယ် ၈ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကချင်ပြည်နယ် ၁ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





**ရှင်းလင်းချက်**

KSDP = ကချင်ပြည်နယ် ဒီမိုကရေစီပါတီ
NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
SNLD = ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
CUP = Counting Under Process (ရေတွက်ဆဲ)
WDP = "ဝ" ဒီမိုကရက်တစ်ပါတီ


၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကယားပြည်နယ် ၄ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ချင်းပြည်နယ် ၁ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
မွန်ပြည်နယ် ၄ မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် ၆ ခုမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် ၆ ခုမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် ၂ ခုမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် ၅ ခုမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကယားပြည်နယ် မဲဆန္ဒနယ် ၆ ခုမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





**ရှင်းလင်းချက်**

NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
ZCD = ဇိုမီး ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
CUP = Counting Under Process (ရေတွက်ဆဲ)
I.C = Independent Candidate (တစ်သီးပုဂ္ဂလ)


၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
မွန်ပြည်နယ်မဲဆန္ဒနယ် ၄ ခုမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ချင်းပြည်နယ်မဲဆန္ဒနယ် ၂ ခုမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ် ၂ ခုမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် ၅၂ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် ၂၄ ခုမှတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် ၁၄ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ် ၂၆ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် ၄ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





**ရှင်းလင်းချက်**

NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
CUP = Counting Under Process (ရေတွက်ဆဲ)
ZCD = ဇိုမီး ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ


၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် ၃၂ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ် ၄ ခုမှတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ရှမ်းပြည်နယ်မဲဆန္ဒနယ် ၂၄ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကချင်ပြည်နယ်မဲဆန္ဒနယ် ၆ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကယားပြည်နယ်မဲဆန္ဒနယ် ၁၂ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ကရင်ပြည်နယ်မဲဆန္ဒနယ်၂ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
ချင်းပြည်နယ်မဲဆန္ဒနယ် ၂ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
မွန်ပြည်နယ်မဲဆန္ဒနယ် ၁၀ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




**ရှင်းလင်းချက်**

| | | | | | | | |
|---|---|---|---|---|---|---|---|
| KSDP | - ကချင်ပြည်နယ် ဒီမိုကရေစီပါတီ | NLD | - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | WDP | - "ဝ" ဒီမိုကရက်တစ်ပါတီ |
| KPP | - ကရင်ပြည်သူ့ပါတီ | SNLD | - ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ZCD | - ဇိုမီး ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| MNP | - မွန်အမျိုးသားပါတီ | USDP | - ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | CUP | - Counting Under Process (ရေတွက်ဆဲ) |

# အနိုင်ရ လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းအား ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၁၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုဝင်ဘာ ၁၀ ရက်တွင် ထုတ်ပြန်သည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့က ကျင်းပပြီးစီးခဲ့သော အထွေထွေရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း၏ မဲရလဒ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် —

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/ တစ်သီးပုဂ္ဂလ | မဲအရေအတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၂၉။ | ကချင်ပြည်နယ် | အင်ဂျန်းယန် | ဦးလမာနော်အောင် | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | ၄၃၉ |
| ၃၀။ | ကယားပြည်နယ် | ဘော်လခဲ | ဦးအေးမောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၇၄၃ |
| ၃၁။ | ကယားပြည်နယ် | မယ်စဲ့ | ဦးသန်းလင်းလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၆၁၆ |
| ၃၂။ | တနင်္သာရီတိုင်းဒေသကြီး | လောင်းလုံး | ဒေါ်ခင်စန္ဒီ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၄၇၇၃ |
| ၃၃။ | တနင်္သာရီတိုင်းဒေသကြီး | သရက်ချောင်း | ဦးအောင်စိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၄၅၅၁ |
| ၃၄။ | မကွေးတိုင်းဒေသကြီး | ရေနံချောင်း | ဦးသာချို(ခ)ဦးတင်ကြိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၂၀၆၁ |
| ၃၅။ | မကွေးတိုင်းဒေသကြီး | စလင်း | ဦးကံဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၈၂၇၆ |
| ၃၆။ | မကွေးတိုင်းဒေသကြီး | သရက် | ဦးကံမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၈၄၉၁ |
| ၃၇။ | မကွေးတိုင်းဒေသကြီး | မင်းတုန်း | ဒေါ်ခင်သန်းနု | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၂၄၃၄ |
| ၃၈။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ဦးငြိမ်းသစ်(ခ) ဦးသောင်းထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၃၁၇၄ |
| ၃၉။ | မန္တလေးတိုင်းဒေသကြီး | ပြည်ကြီးတံခွန် | ဦးကျော်စိုးလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၃၈၄၉ |
| ၄၀။ | မန္တလေးတိုင်းဒေသကြီး | တံတားဦး | ဒေါ်စိုးနွယ်အေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၉၅၅၉ |
| ၄၁။ | မန္တလေးတိုင်းဒေသကြီး | ကျောက်ပန်းတောင်း | ဦးရွှေကို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၆၂၂၃ |
| ၄၂။ | မန္တလေးတိုင်းဒေသကြီး | ဝမ်းတွင်း | ဦးခင်မောင်စိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၄၉၇၄ |
| ၄၃။ | မွန်ပြည်နယ် | သံဖြူဇရပ် | ဦးဉာဏ်ဟိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၃၈၈၉ |
| ၄၄။ | မွန်ပြည်နယ် | မုဒုံ | ဦးစောထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၈၆၆၃ |
| ၄၅။ | ရန်ကုန်တိုင်းဒေသကြီး | ထန်းတပင် | ဦးနေမျိုးထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၇၉၁၇ |
| ၄၆။ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပ | ဒေါက်တာသန်းဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၄၄၉၀ |
| ၄၇။ | ရန်ကုန်တိုင်းဒေသကြီး | ဗိုလ်တထောင် | ဒေါ်မြင့်မြင့်စိုး(ခ)မေစိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၆၄၁၉ |
| ၄၈။ | ရန်ကုန်တိုင်းဒေသကြီး | ကွမ်းခြံကုန်း | ဦးစိုးသူရထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၂၁၄၄ |
| ၄၉။ | ရန်ကုန်တိုင်းဒေသကြီး | စမ်းချောင်း | ဦးဘိုဘိုဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၇၆၀၉ |
| ၅၀။ | ရန်ကုန်တိုင်းဒေသကြီး | ဗဟန်း | ဦးထွန်းမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၁၀၃၂ |
| ၅၁။ | ဧရာဝတီတိုင်းဒေသကြီး | ဇလွန် | ဦးအောင်မင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၂၉၅၆ |
| ၅၂။ | ဧရာဝတီတိုင်းဒေသကြီး | လေးမျက်နှာ | ဦးဇော်မင်းသိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၄၃၁၂ |
| ၅၃။ | ဧရာဝတီတိုင်းဒေသကြီး | ကြံခင်း | ဦးထွန်းလင်းမော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၉၀၉၆ |
| ၅၄။ | ဧရာဝတီတိုင်းဒေသကြီး | အင်္ဂပူ | ဦးအေးဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၂၈၁၉ |
| ၅၅။ | ကယားပြည်နယ် | ဒီးမော့ဆို | ဦးပေါလ်ဆိုင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၉၆၃၁ |
| ၅၆။ | ကယားပြည်နယ် | ရှားတော | ဒေါ်ဝင့်ဝါထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၅၇၅ |
| ၅၇။ | ချင်းပြည်နယ် | တီးတိန် | ဦးကျင့်ရှင်းထန် | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၄၉၆၇ |
| ၅၈။ | ပဲခူးတိုင်းဒေသကြီး | သာယာဝတီ | ဦးအောင်မြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၃၂၇၄ |
| ၅၉။ | မကွေးတိုင်းဒေသကြီး | မကွေး | ဦးမြင့်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၇၅၈၀ |
| ၆၀။ | မကွေးတိုင်းဒေသကြီး | တောင်တွင်းကြီး | ဦးမင်းသိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၆၁၁၆ |
| ၆၁။ | မကွေးတိုင်းဒေသကြီး | မြို့သစ် | ဦးသာအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၆၇၁၈ |
| ၆၂။ | မကွေးတိုင်းဒေသကြီး | နတ်မောက် | ဦးအောင်တင်လင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၃၀၈၁ |
| ၆၃။ | မကွေးတိုင်းဒေသကြီး | မင်းဘူး | ဦးဝင်းဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၂၀၉၃ |
| ၆၄။ | မကွေးတိုင်းဒေသကြီး | ပွင့်ဖြူ | ဦးထွန်းထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၀၉၇၅ |
| ၆၅။ | မကွေးတိုင်းဒေသကြီး | ကံမ | ဦးစိန်ဟန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၇၅၉၃ |
| ၆၆။ | မကွေးတိုင်းဒေသကြီး | ဆင်ပေါင်ဝဲ | ဦးနေထက်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၉၉၀၅ |
| ၆၇။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ဦးအောင်ထူးမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၆၀၈၅ |
| ၆၈။ | မကွေးတိုင်းဒေသကြီး | ဆိပ်ဖြူ | ဦးအောင်သိုက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၁၈၀၆ |
| ၆၉။ | မကွေးတိုင်းဒေသကြီး | ဆော | ဦးကျော်တင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၉၆၆ |
| ၇၀။ | မန္တလေးတိုင်းဒေသကြီး | ပုသိမ်ကြီး | ဦးသောင်းငွေလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၁၆၄၁ |
| ၇၁။ | မွန်ပြည်နယ် | မော်လမြိုင် | ဦးနိုင်သောင်းညွန့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၅၁၅၁ |
| ၇၂။ | မွန်ပြည်နယ် | ချောင်းဆုံ | ဒေါ်ခင်ငွေကြွယ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၃၅၈၀ |
| ၇၃။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာတောင်ညွန့် | ဒေါ်ဖြူဖြူသင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၁၉၇၀ |
| ၇၄။ | ရန်ကုန်တိုင်းဒေသကြီး | ကိုကိုးကျွန်း | သူရဦးသက်ဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၂၀၄ |
| ၇၅။ | ရှမ်းပြည်နယ် | ကလော | ဒေါ်ပြုံးကေသီနိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၆၅၃၇ |
| ၇၆။ | ရှမ်းပြည်နယ် | ရွာငံ | ဦးအောင်စိုးမင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၇၁၈၃ |
| ၇၇။ | ရှမ်းပြည်နယ် | လဲချား | ဦးစိုင်းမွန်း | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၃၀၅၁ |
| ၇၈။ | ရှမ်းပြည်နယ် | လင်းခေး | ဦးစိုင်းဘသိန်း | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၉၀၁၀ |
| ၇၉။ | ရှမ်းပြည်နယ် | နောင်ချို | ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၂၀၀ |
| ၈၀။ | ရှမ်းပြည်နယ် | လောက်ကိုင် | ဦးလူတယ်ဟုန်(ခ) အောင်ရွှေ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ | ၇၁၉၄ |
| ၈၁။ | ဧရာဝတီတိုင်းဒေသကြီး | ကန်ကြီးထောင့် | ဦးရွှေလှကြိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၆၉၀၉ |
| ၈၂။ | ဧရာဝတီတိုင်းဒေသကြီး | သာပေါင်း | ဦးသိန်းထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၁၂၉၁ |
| ၈၃။ | ဧရာဝတီတိုင်းဒေသကြီး | ကျုံပျော် | ဦးစိုးအောင်နိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၈၅၉၃ |
| ၈၄။ | ဧရာဝတီတိုင်းဒေသကြီး | ရေကြည် | ဒေါက်တာစံရွှေဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၅၃၁၅ |
| ၈၅။ | ဧရာဝတီတိုင်းဒေသကြီး | မြန်အောင် | ဦးခင်မောင်လတ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၅၅၈၈ |
| ၈၆။ | ဧရာဝတီတိုင်းဒေသကြီး | မအူပင် | ဦးစိန်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၂၁၁၈ |
| ၈၇။ | ဧရာဝတီတိုင်းဒေသကြီး | ကျိုက်လတ် | ဦးရန်လင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၈၉၈၄ |
| ၈၈။ | ဧရာဝတီတိုင်းဒေသကြီး | ဒေးဒရဲ | ဒေါက်တာဒေါ်ခင်ညို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၁၂၃၁ |

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/ တစ်သီးပုဂ္ဂလ | မဲအရေအတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ကယားပြည်နယ် | အမှတ်(၃) | ဦးဘော်ရယ်စိုးဝေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၁၆၂ |
| ၂။ | ကယားပြည်နယ် | အမှတ်(၄) | ဦးစောစိန်ထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၀၃၀ |
| ၃။ | ကယားပြည်နယ် | အမှတ်(၇) | ဦးအောင်ကျော်စိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၄၃၁ |
| ၄။ | ကယားပြည်နယ် | အမှတ်(၈) | ဦးကျော်သန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၆၃၆ |
| ၅။ | ကယားပြည်နယ် | အမှတ်(၉) | ဦးစိုးသိန်း | တစ်သီးပုဂ္ဂလ | ၁၄၀၆ |
| ၆။ | ကယားပြည်နယ် | အမှတ်(၁၂) | ဦးစိုင်းပန်ဖ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၄၇၃ |
| ၇။ | ချင်းပြည်နယ် | အမှတ်(၅) | ဦးပူဂင်ကမ်းလျန် | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် | ၅၈၈၀ |
| ၈။ | ချင်းပြည်နယ် | အမှတ်(၆) | ဦးကျင့်ခန့်ပေါင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၅၄၇၄ |
| ၉။ | တနင်္သာရီတိုင်းဒေသကြီး | အမှတ်(၂) | ဦးသက်နိုင်စိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၄၁၀၇ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး | အမှတ်(၃) | ဦးထွန်းလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၄၂၆၆ |
| ၁၁။ | ပဲခူးတိုင်းဒေသကြီး | အမှတ်(၅) | ဒေါက်တာတင်တင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၁၉၂၈ |
| ၁၂။ | ပဲခူးတိုင်းဒေသကြီး | အမှတ်(၆) | ဦးမင်းဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၄၇၂၆ |
| ၁၃။ | ပဲခူးတိုင်းဒေသကြီး | အမှတ်(၇) | ဒေါက်တာမြသောင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၄၂၇၇ |
| ၁၄။ | ပဲခူးတိုင်းဒေသကြီး | အမှတ်(၁၀) | ဦးဝင်းကြိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၅၈၃၄ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး | အမှတ်(၁၁) | ဒေါက်တာဝင်းမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၃၁၃၀ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး | အမှတ်(၁၂) | ဦးအောင်သိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၅၆၇ |
| ၁၇။ | မကွေးတိုင်းဒေသကြီး | အမှတ်(၁) | ဦးလှဆန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၁၂၅၇၈ |
| ၁၈။ | မကွေးတိုင်းဒေသကြီး | အမှတ်(၂) | ဦးခင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၉၅၇၅ |
| ၁၉။ | မကွေးတိုင်းဒေသကြီး | အမှတ်(၃) | ဦးချစ်ထွေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၇၁၈၁ |
| ၂၀။ | မကွေးတိုင်းဒေသကြီး | အမှတ်(၄) | ဦးအောင်ကြည်ညွန့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၃၂၃၈ |
| ၂၁။ | မကွေးတိုင်းဒေသကြီး | အမှတ်(၅) | ဦးတင်အောင်ထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၅၆၅၇ |
| ၂၂။ | မွန်ပြည်နယ် | အမှတ်(၁) | ဦးအေးမင်းဟန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၈၃၀၉ |
| ၂၃။ | မွန်ပြည်နယ် | အမှတ်(၂) | ဒေါ်နွယ်နွယ်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၅၁၈၁ |
| ၂၄။ | မွန်ပြည်နယ် | အမှတ်(၅) | ဒေါ်မြတ်သီတာထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၄၃၇၅ |
| ၂၅။ | မွန်ပြည်နယ် | အမှတ်(၆) | ဦးဖေတင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၀၁၂၆ |
| ၂၆။ | ရန်ကုန်တိုင်းဒေသကြီး | အမှတ်(၁) | ဒေါက်တာငွေးကြွယ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၃၇၀၃၁ |
| ၂၇။ | ရန်ကုန်တိုင်းဒေသကြီး | အမှတ်(၂) | ဦးငွေးဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၄၅၁၅ |
| ၂၈။ | ရန်ကုန်တိုင်းဒေသကြီး | အမှတ်(၃) | ဒေါက်တာမြတ်ဉာဏစိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၄၀၅၃၈ |
| ၂၉။ | ရန်ကုန်တိုင်းဒေသကြီး | အမှတ်(၄) | ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၉၁၈၆၈ |
| ၃၀။ | ရန်ကုန်တိုင်းဒေသကြီး | အမှတ်(၇) | ဦးရဲမြင့်စိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၂၆၇၀၄ |
| ၃၁။ | ရန်ကုန်တိုင်းဒေသကြီး | အမှတ်(၈) | ဦးကျော်ထွေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၃၁၇၆၂ |
| ၃၂။ | ဧရာဝတီတိုင်းဒေသကြီး | အမှတ်(၈) | ဒေါ်အိအိပြုံး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၅၆၀၁၂ |
| ၃၃။ | ဧရာဝတီတိုင်းဒေသကြီး | အမှတ်(၉) | မန်းတိုးရွှေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၈၄၂၁ |

စာမျက်နှာ ၁၂ သို့

စာမျက်နှာ ၁၁ မှ

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မဲရလဒ်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရတိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/ တစ်သီးပုဂ္ဂလ | မဲအရေအတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၂၅။ | ပဲခူးတိုင်းဒေသကြီး | ရွှေတောင်(၁) | ဦးညွန့်ဝေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၉၁၅၃ |
| ၂၆။ | ပဲခူးတိုင်းဒေသကြီး | ရွှေတောင်(၂) | ဦးအုန်းသွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၆၇၄၀ |
| ၂၇။ | မန္တလေးတိုင်းဒေသကြီး | အမရပူရ(၁) | ဒေါက်တာဇော်မြင့်မောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၈၈၈၉ |
| ၂၈။ | မန္တလေးတိုင်းဒေသကြီး | အမရပူရ(၂) | ဦးမြင့်ဆွေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၂၉၀၆ |
| ၂၉။ | မန္တလေးတိုင်းဒေသကြီး | မတ္တရာ(၁) | ဦးမောင်မောင်အေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၇၃၈၈ |
| ၃၀။ | မန္တလေးတိုင်းဒေသကြီး | မတ္တရာ(၂) | ဦးမင်းမင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၃၈၈၅ |
| ၃၁။ | မန္တလေးတိုင်းဒေသကြီး | စဉ့်ကူး(၁) | ဦးအောင်သန်းထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၈၅၆၄ |
| ၃၂။ | မန္တလေးတိုင်းဒေသကြီး | စဉ့်ကူး(၂) | ဒေါက်တာ ဦးကျော်နိုင်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၇၆၂၅ |
| ၃၃။ | မန္တလေးတိုင်းဒေသကြီး | ကျောက်ဆည်(၁) | ဦးရဲမင်းထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၁၆၀၉ |
| ၃၄။ | မန္တလေးတိုင်းဒေသကြီး | ကျောက်ဆည်(၂) | ဦးအောင်ကြည် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၅၅၉၀ |
| ၃၅။ | မန္တလေးတိုင်းဒေသကြီး | မိတ္ထီလာ(၁) | ဦးအောင်ကျော်မိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၈၃၆၀ |
| ၃၆။ | မန္တလေးတိုင်းဒေသကြီး | မိတ္ထီလာ(၂) | ဦးစိုးသန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၅၁၇၄ |
| ၃၇။ | မန္တလေးတိုင်းဒေသကြီး | မလှိုင်(၁) | ဦးချစ်မင်းသိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၃၅၉၆ |
| ၃၈။ | မန္တလေးတိုင်းဒေသကြီး | မလှိုင်(၂) | ဒေါ်သီတာငြိမ်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၂၉၉ |
| ၃၉။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံ(၁) | ဦးထွန်းထွန်းဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၀၄၂၇ |
| ၄၀။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံ(၂) | ဒေါ်သန္တာမိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၈၇၂၈ |
| ၄၁။ | ရန်ကုန်တိုင်းဒေသကြီး | သုံးခွ(၁) | ဦးနေဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၁၇၄ |
| ၄၂။ | ရန်ကုန်တိုင်းဒေသကြီး | သုံးခွ(၂) | ဦးမျိုးဆွေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၄၀၈၇ |
| ၄၃။ | ရန်ကုန်တိုင်းဒေသကြီး | ဒလ(၁) | ဦးရွှေယဉ်(ခ)ဦးထွန်းရင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၉၂၉၇ |
| ၄၄။ | ရန်ကုန်တိုင်းဒေသကြီး | ဒလ(၂) | ဦးထွေးတင်(ခ)ဦးမြသိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၆၁၄၄ |
| ၄၅။ | ရန်ကုန်တိုင်းဒေသကြီး | ကျောက်တံတား(၁) | ဒေါ်ကြည်ပြာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၀၁၆ |
| ၄၆။ | ရန်ကုန်တိုင်းဒေသကြီး | ကျောက်တံတား(၂) | ဒေါ်မြလှစံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၁၁၇ |
| ၄၇။ | ရန်ကုန်တိုင်းဒေသကြီး | ကြည့်မြင်တိုင်(၁) | ဦးကျော်နန္ဒအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၉၉၀၉ |
| ၄၈။ | ရန်ကုန်တိုင်းဒေသကြီး | ကြည့်မြင်တိုင်(၂) | ဦးခင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၉၇၀၇ |
| ၄၉။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်(၁) | ဦးကျော်ကျော်ထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၈၉၀၆ |
| ၅၀။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်(၂) | ဒေါ်ခိုင်မာဌေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၀၆၈၁ |
| ၅၁။ | ရှမ်းပြည်နယ် | ဟိုပန်(၁) | ဦးခွန်ထွန်းလူ(ခ)ဦးဒီကီ | “ဝ”ဒီမိုကရက်တစ်ပါတီ | ၂၈၅၅ |
| ၅၂။ | ရှမ်းပြည်နယ် | ဟိုပန်(၂) | ဦးရန်ကျော် | “ဝ”ဒီမိုကရက်တစ်ပါတီ | ၃၃၆၂ |
| ၅၃။ | ကချင်ပြည်နယ် | အင်ဂျန်းယန်(၁) | ဦးဇော်မိုးနော် | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | ၂၁၃ |
| ၅၄။ | ကချင်ပြည်နယ် | အင်ဂျန်းယန်(၂) | ဒေါ်ဂျာဆိုင်းခေါ်န် | ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | ၂၀၃ |
| ၅၅။ | ကယားပြည်နယ် | ဘော်လခဲ(၁) | ဦးအေးရွှေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၆၃ |
| ၅၆။ | ကယားပြည်နယ် | ဘော်လခဲ(၂) | ဦးစိုးရယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၉၃၉ |
| ၅၇။ | တနင်္သာရီတိုင်းဒေသကြီး | လောင်းလုံး(၁) | ဦးဗိုလ်ထွေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၆၆၀ |
| ၅၈။ | တနင်္သာရီတိုင်းဒေသကြီး | လောင်းလုံး(၂) | ဦးမြင့်စန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၉၃၉၁ |
| ၅၉။ | တနင်္သာရီတိုင်းဒေသကြီး | သရက်ချောင်း(၁) | ဒေါက်တာလဲ့လဲ့မော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၈၉၇၀ |
| ၆၀။ | တနင်္သာရီတိုင်းဒေသကြီး | သရက်ချောင်း(၂) | ဦးဝေဝေလွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၄၈၂၅ |
| ၆၁။ | မကွေးတိုင်းဒေသကြီး | ရေနံချောင်း(၁) | ဦးတင့်လွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၄၄၈ |
| ၆၂။ | မကွေးတိုင်းဒေသကြီး | ရေနံချောင်း(၂) | ဦးသိန်းလှ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၆၈၅၇ |
| ၆၃။ | မကွေးတိုင်းဒေသကြီး | စလင်း(၁) | ဦးတာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၆၈၉၁ |
| ၆၄။ | မကွေးတိုင်းဒေသကြီး | စလင်း(၂) | ဦးသက်ခိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၃၂၉၆ |
| ၆၅။ | မကွေးတိုင်းဒေသကြီး | သရက်(၁) | ဒေါ်အေးယုမော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၀၅၂၂ |
| ၆၆။ | မကွေးတိုင်းဒေသကြီး | သရက်(၂) | ဦးဇော်မိုးအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၈၁၂၄ |
| ၆၇။ | မကွေးတိုင်းဒေသကြီး | မင်းတုန်း(၁) | ဦးတင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၁၅၆၄ |
| ၆၈။ | မကွေးတိုင်းဒေသကြီး | မင်းတုန်း(၂) | ဦးအေးလှိုင်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၁၀၉၉ |
| ၆၉။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ(၁) | ဦးဇာနည်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၇၅၃၁ |
| ၇၀။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ(၂) | ဦးဇော်ဇော်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၇၂၄၆ |
| ၇၁။ | မန္တလေးတိုင်းဒေသကြီး | ပြည်ကြီးတံခွန်(၁) | ဒေါက်တာချစ်ကိုကို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၉၆၆၈ |
| ၇၂။ | မန္တလေးတိုင်းဒေသကြီး | ပြည်ကြီးတံခွန်(၂) | ဦးဇော်မောင်(ခ)ဇော်မောင်မောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၅၉၇၄ |
| ၇၃။ | မန္တလေးတိုင်းဒေသကြီး | တံတားဦး(၁) | ဦးမင်းမင်းနီ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၉၅၂ |
| ၇၄။ | မန္တလေးတိုင်းဒေသကြီး | တံတားဦး(၂) | ဦးဝဏ္ဏအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၂၀၉ |
| ၇၅။ | မန္တလေးတိုင်းဒေသကြီး | ကျောက်ပန်းတောင်း(၁) | ဦးအေးခိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၂၀၁၈ |
| ၇၆။ | မန္တလေးတိုင်းဒေသကြီး | ကျောက်ပန်းတောင်း(၂) | ဦးမျိုးဆွေဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၃၇၃၀ |
| ၇၇။ | မန္တလေးတိုင်းဒေသကြီး | ဝမ်းတွင်း(၁) | ဦးစိုးမင်းထက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၁၇၆၈ |
| ၇၈။ | မန္တလေးတိုင်းဒေသကြီး | ဝမ်းတွင်း(၂) | ဦးအောင်သူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၃၇၀၆ |
| ၇၉။ | မွန်ပြည်နယ် | မော်လမြိုင်(၁) | ဦးမင်းထင်အောင်ဟန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၀၃၉၁ |
| ၈၀။ | မွန်ပြည်နယ် | မော်လမြိုင်(၂) | ဒေါက်တာထိန်လင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၃၈၈၅ |
| ၈၁။ | မွန်ပြည်နယ် | သံဖြူဇရပ်(၁) | ဒေါ်တင်အိ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၄၃၄၅ |
| ၈၂။ | မွန်ပြည်နယ် | သံဖြူဇရပ်(၂) | ဦးထွန်းဌေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၅၃၄ |
| ၈၃။ | မွန်ပြည်နယ် | မုဒုံ(၁) | ဒေါ်မြသိင်္ဂီမော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၇၇၆၃ |
| ၈၄။ | မွန်ပြည်နယ် | မုဒုံ(၂) | ဦးနိုင်ကြည်ဝင်း(ခ)<br>ဒေါက်တာမင်းကြည်ဝင်း | မွန်အမျိုးသားပါတီ | ၁၂၃၇၇ |
| ၈၅။ | ရန်ကုန်တိုင်းဒေသကြီး | ထန်းတပင်(၁) | ဦးအောင်ဘုန်းကျော်စံဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၅၇၅ |
| ၈၆။ | ရန်ကုန်တိုင်းဒေသကြီး | ထန်းတပင်(၂) | ဦးဌေးမော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၈၇၂၃ |
| ၈၇။ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပ(၁) | ဦးဇော်လွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၈၅၄၅ |
| ၈၈။ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပ(၂) | ဦးမြင့်လွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၆၄၈၄ |
| ၈၉။ | ရန်ကုန်တိုင်းဒေသကြီး | ဗိုလ်တထောင်(၁) | ဦးအောင်ထူး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၁၆၉ |
| ၉၀။ | ရန်ကုန်တိုင်းဒေသကြီး | ဗိုလ်တထောင်(၂) | ဦးသက်ထွန်းဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၅၇၅ |
| ၉၁။ | ရန်ကုန်တိုင်းဒေသကြီး | ကွမ်းခြံကုန်း(၁) | ဦးမန်းအောင်ကိုမင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၂၇၉၂ |
| ၉၂။ | ရန်ကုန်တိုင်းဒေသကြီး | ကွမ်းခြံကုန်း(၂) | ဦးအောင်မင်းမင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၀၉၅ |
| ၉၃။ | ရန်ကုန်တိုင်းဒေသကြီး | စမ်းချောင်း(၁) | ဦးအောင်မျိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၇၈၄၅ |
| ၉၄။ | ရန်ကုန်တိုင်းဒေသကြီး | စမ်းချောင်း(၂) | ဦးသော်တာအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၀၃၀၆ |
| ၉၅။ | ရန်ကုန်တိုင်းဒေသကြီး | ဗဟန်း(၁) | ဦးအောင်မြတ်ကျော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၇၄၂၀ |
| ၉၆။ | ရန်ကုန်တိုင်းဒေသကြီး | ဗဟန်း(၂) | ဦးသောင်းထွဋ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၆၅၇၂ |
| ၉၇။ | ဧရာဝတီတိုင်းဒေသကြီး | ဇလွန်(၁) | ဦးလင်းနိုင်ထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၇၃၀၀ |
| ၉၈။ | ဧရာဝတီတိုင်းဒေသကြီး | ဇလွန်(၂) | ဦးခိုင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၈၁၀၁ |
| ၉၉။ | ဧရာဝတီတိုင်းဒေသကြီး | လေးမျက်နှာ(၁) | ဦးစိုးခိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၇၃၁၃ |
| ၁၀၀။ | ဧရာဝတီတိုင်းဒေသကြီး | လေးမျက်နှာ(၂) | ဦးစိုးသန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၆၇၁၇ |
| ၁၀၁။ | ဧရာဝတီတိုင်းဒေသကြီး | ကြံခင်း(၁) | ဦးသော်ဇင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၉၇၇၀ |
| ၁၀၂။ | ဧရာဝတီတိုင်းဒေသကြီး | ကြံခင်း(၂) | ဦးကျော်မျိုးလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၉၆၃၁ |
| ၁၀၃။ | ဧရာဝတီတိုင်းဒေသကြီး | အင်္ဂပူ(၁) | ဦးအောင်ကျော်ခိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၇၇၇၆ |
| ၁၀၄။ | ဧရာဝတီတိုင်းဒေသကြီး | အင်္ဂပူ(၂) | ဦးဗိုလ်ဗိုလ်ဇင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၅၀၈၃ |
| ၁၀၅။ | ဧရာဝတီတိုင်းဒေသကြီး | ညောင်တုန်း(၁) | ဒေါ်နီနီမိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၂၈၄၀ |
| ၁၀၆။ | ဧရာဝတီတိုင်းဒေသကြီး | ညောင်တုန်း(၂) | ဦးကျော်ဆန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၂၉၁၄ |
| ၁၀၇။ | ကယားပြည်နယ် | ဒီးမော့ဆို(၁) | ဦးသိန်းအောင်(ခ)ဦးစဲရယ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၄၆၁ |
| ၁၀၈။ | ကယားပြည်နယ် | ဒီးမော့ဆို(၂) | ဦးဘော့စ်ကို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၁၉၂ |
| ၁၀၉။ | ကယားပြည်နယ် | ရှားတော(၁) | ဦးတီရယ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၈၀၄ |
| ၁၁၀။ | ကယားပြည်နယ် | ရှားတော(၂) | ဦးလှထွေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၁၃ |
| ၁၁၁။ | ချင်းပြည်နယ် | တီးတိန်(၁) | ဦးပူထန်ဒိတ်ခုတ် | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် | ၆၂၇၈ |
| ၁၁၂။ | ချင်းပြည်နယ် | တီးတိန်(၂) | ဦးဆွန်ဒုတ်ကျင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၈၆၆ |
| ၁၁၃။ | မကွေးတိုင်းဒေသကြီး | မကွေး(၁) | ဦးကျော်ဌေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၅၇၀၉ |
| ၁၁၄။ | မကွေးတိုင်းဒေသကြီး | မကွေး(၂) | ဒေါ်ခင်ချိုလတ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၅၅၇၇ |
| ၁၁၅။ | မကွေးတိုင်းဒေသကြီး | တောင်တွင်းကြီး(၁) | ဦးဇော်မင်းထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၅၀၆၃ |
| ၁၁၆။ | မကွေးတိုင်းဒေသကြီး | တောင်တွင်းကြီး(၂) | ဦးဝင်းမြင့်လှိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၂၂၉၃ |
| ၁၁၇။ | မကွေးတိုင်းဒေသကြီး | မြို့သစ်(၁) | ဦးသန်းဆွေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၈၁၃၁ |
| ၁၁၈။ | မကွေးတိုင်းဒေသကြီး | မြို့သစ်(၂) | ဦးဇော်မျိုးဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၉၀၂၀ |
| ၁၁၉။ | မကွေးတိုင်းဒေသကြီး | နတ်မောက်(၁) | ဦးသောင်းရွှေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၂၇၆၀ |
| ၁၂၀။ | မကွေးတိုင်းဒေသကြီး | နတ်မောက်(၂) | ဒေါက်တာခင်မောင်အေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၁၉၃၄ |
| ၁၂၁။ | မကွေးတိုင်းဒေသကြီး | မင်းဘူး(၁) | ဦးကျော်စွမ်းရည် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၆၅၆၈ |
| ၁၂၂။ | မကွေးတိုင်းဒေသကြီး | မင်းဘူး(၂) | ဦးနေမျိုးကျော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၈၂၂၉ |
| ၁၂၃။ | မကွေးတိုင်းဒေသကြီး | ကံမ(၁) | ဦးဇော်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၄၁၀၄ |
| ၁၂၄။ | မကွေးတိုင်းဒေသကြီး | ကံမ(၂) | ဦးမြင့်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၂၀၁ |
| ၁၂၅။ | မကွေးတိုင်းဒေသကြီး | ဆင်ပေါင်ဝဲ(၁) | ဦးတင်မောင်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၉၉၆၆ |
| ၁၂၆။ | မကွေးတိုင်းဒေသကြီး | ဆင်ပေါင်ဝဲ(၂) | ဦးကျော်လွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၇၈၁ |
| ၁၂၇။ | မကွေးတိုင်းဒေသကြီး | အောင်လံ(၁) | ဦးဇော်မင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၄၀၈၂ |
| ၁၂၈။ | မကွေးတိုင်းဒေသကြီး | အောင်လံ(၂) | ဦးအေးကျော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၅၅၄၉ |
| ၁၂၉။ | မကွေးတိုင်းဒေသကြီး | ဆိပ်ဖြူ(၁) | ဒေါ်သက်မွန်အေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၆၇၅၅ |
| ၁၃၀။ | မကွေးတိုင်းဒေသကြီး | ဆိပ်ဖြူ(၂) | ဦးကျော်ဆန်းအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၅၅၃၁ |
| ၁၃၁။ | မကွေးတိုင်းဒေသကြီး | ဆော(၁) | ဦးထင်လင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၇၁၈ |
| ၁၃၂။ | မကွေးတိုင်းဒေသကြီး | ဆော(၂) | ဦးကျော်မြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၆၂၅၀ |
| ၁၃၃။ | မန္တလေးတိုင်းဒေသကြီး | ပုသိမ်ကြီး(၁) | ဦးအောင်ကျော်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၇၈၀၀ |
| ၁၃၄။ | မန္တလေးတိုင်းဒေသကြီး | ပုသိမ်ကြီး(၂) | ဦးရဲမင်းဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၅၆၀၄ |
| ၁၃၅။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာတောင်ညွန့်(၁) | ဦးလှဌေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၄၃၄၇ |
| ၁၃၆။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာတောင်ညွန့်(၂) | ဦးရန်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၉၉၄ |
| ၁၃၇။ | ရန်ကုန်တိုင်းဒေသကြီး | ကိုကိုးကျွန်း(၁) | ဦးတင်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၉၃၆ |
| ၁၃၈။ | ရန်ကုန်တိုင်းဒေသကြီး | ကိုကိုးကျွန်း(၂) | ဦးအောင်နိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၇၅ |
| ၁၃၉။ | ရှမ်းပြည်နယ် | ကလော(၁) | ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၄၈၆၃ |
| ၁၄၀။ | ရှမ်းပြည်နယ် | ကလော(၂) | ဦးသန်းထိုက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၀၃၇၉ |
| ၁၄၁။ | ရှမ်းပြည်နယ် | ရွာငံ(၁) | ဦးအေးမင်းစိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၀၅၃ |
| ၁၄၂။ | ရှမ်းပြည်နယ် | ရွာငံ(၂) | ဦးစဝ်အောင်မြတ်(ခ)<br>ဦးအောင်မြတ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၀၀၀ |
| ၁၄၃။ | ရှမ်းပြည်နယ် | လဲချား(၁) | ဦးစိုင်းကျော်ဇေယျ(ခ)စိုင်းယဉ် | ရှမ်းတိုင်းရင်းသားများ<br>ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၆၀၁၉ |
| ၁၄၄။ | ရှမ်းပြည်နယ် | လဲချား(၂) | ဦးစိုင်းထွန်းအောင် | ရှမ်းတိုင်းရင်းသားများ<br>ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၇၀၈၁ |
| ၁၄၅။ | ရှမ်းပြည်နယ် | လင်းခေး(၁) | ဦးစိုင်းအောင်မျိုးကျော် | ရှမ်းတိုင်းရင်းသားများ<br>ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၄၁၈၄ |
| ၁၄၆။ | ရှမ်းပြည်နယ် | လင်းခေး(၂) | ဦးစိုင်းလုံ | ရှမ်းတိုင်းရင်းသားများ<br>ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၃၉၁၄ |
| ၁၄၇။ | ရှမ်းပြည်နယ် | နောင်ချို(၁) | ဦးမြင့်ဆွေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၉၉၆၅ |
| ၁၄၈။ | ရှမ်းပြည်နယ် | နောင်ချို(၂) | ဒေါက်တာညီညီအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၁၈၇၇ |
| ၁၄၉။ | ရှမ်းပြည်နယ် | လောက်ကိုင်(၁) | ဦးအောင်သန်းထွဋ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၃၅၆ |
| ၁၅၀။ | ရှမ်းပြည်နယ် | လောက်ကိုင်(၂) | ဦးဘေရင်နယ်(ခ)ခင်မောင်လွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၈၇၉ |
| ၁၅၁။ | ဧရာဝတီတိုင်းဒေသကြီး | ကန်ကြီးထောင့်(၁) | ဦးစိုးမိုးထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၆၉၉၁ |
| ၁၅၂။ | ဧရာဝတီတိုင်းဒေသကြီး | ကန်ကြီးထောင့်(၂) | ဒေါ်ခင်စောမူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၇၄၂ |
| ၁၅၃။ | ဧရာဝတီတိုင်းဒေသကြီး | သာပေါင်း(၁) | ဒေါ်ခင်မိုးဝါ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၃၄၀၁ |
| ၁၅၄။ | ဧရာဝတီတိုင်းဒေသကြီး | သာပေါင်း(၂) | ဦးအောင်အောင်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၈၅၅၉ |
| ၁၅၅။ | ဧရာဝတီတိုင်းဒေသကြီး | ကျုံပျော်(၁) | ဒေါ်သီတာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၄၀၇၄ |
| ၁၅၆။ | ဧရာဝတီတိုင်းဒေသကြီး | ကျုံပျော်(၂) | ဦးမန်းဂျော်နီ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၇၀၁၃ |
| ၁၅၇။ | ဧရာဝတီတိုင်းဒေသကြီး | ရေကြည်(၁) | ဦးမျိုးညွန့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၅၃၀၄ |
| ၁၅၈။ | ဧရာဝတီတိုင်းဒေသကြီး | ရေကြည်(၂) | ဒေါက်တာလှမြတ်သွေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၂၄၆၂ |
| ၁၅၉။ | ဧရာဝတီတိုင်းဒေသကြီး | မြန်အောင်(၁) | ဦးလှမိုးအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၇၁၂၄ |
| ၁၆၀။ | ဧရာဝတီတိုင်းဒေသကြီး | မြန်အောင်(၂) | ဒေါ်စုစုအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၈၈၅၄ |
| ၁၆၁။ | ဧရာဝတီတိုင်းဒေသကြီး | ကျိုက်လတ်(၁) | ဦးကျော်ဇေယျ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၉၄၄ |
| ၁၆၂။ | ဧရာဝတီတိုင်းဒေသကြီး | ကျိုက်လတ်(၂) | ဦးဝင်းလှိုင်(ခ)ဦးညို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၆၈၇၀ |
| ၁၆၃။ | ဧရာဝတီတိုင်းဒေသကြီး | ဒေးဒရဲ(၁) | ဦးသန်းလွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၈၁၀၄ |
| ၁၆၄။ | ဧရာဝတီတိုင်းဒေသကြီး | ဒေးဒရဲ(၂) | ဦးခင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၄၃၄၇ |
| ၁၆၅။ | ကချင်ပြည်နယ် | ဝိုင်းမော်(၁) | ဦးဝင်းညွန့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၀၃၆ |
| ၁၆၆။ | ကချင်ပြည်နယ် | ဝိုင်းမော်(၂) | ဦးနော်လီ(ခ)ဇခေါင်ခမ်းရယ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၄၉၁ |
| ၁၆၇။ | ကချင်ပြည်နယ် | ဖားကန့်(၁) | ဦးH.လအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၇၆၈၆ |
| ၁၆၈။ | ကချင်ပြည်နယ် | ဖားကန့်(၂) | ဦးလဆိုင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၃၀၁၄ |
| ၁၆၉။ | ကယားပြည်နယ် | လွိုင်ကော်(၁) | ဒေါက်တာအောင်ကျော်ဌေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၅၆၅၃ |
| ၁၇၀။ | ကယားပြည်နယ် | လွိုင်ကော်(၂) | ဦးတင်မြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၄၆၄၃ |
| ၁၇၁။ | ကယားပြည်နယ် | ဖရူဆို(၁) | ဦးသိုးရယ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၉၈၉ |

စာမျက်နှာ ၁၃ သို့

*စာမျက်နှာ ၁၂ မှ*

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မဲဆန္ဒနယ် | အနိုင်ရတိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမည် | ပါတီ/ တစ်သီးပုဂ္ဂလ | မဲအရေ အတွက် စုစုပေါင်း |
|---|---|---|---|---|---|
| ၁၇၂။ | ကယားပြည်နယ် | ဖရူဆို(၂) | ဦးခင်မောင်ထွန်း(နော်အီး) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၇၈၀ |
| ၁၇၃။ | ကယားပြည်နယ် | ဖားဆောင်း(၁) | ဦးဝင်းမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၃၁၀ |
| ၁၇၄။ | ကယားပြည်နယ် | ဖားဆောင်း(၂) | ဦးရန်နိုင်ဆွေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၄၂၃ |
| ၁၇၅။ | ကရင်ပြည်နယ် | သံတောင်ကြီး(၁) | ဦးစောလှမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၅၄၈၃ |
| ၁၇၆။ | ကရင်ပြည်နယ် | သံတောင်ကြီး(၂) | ဦးစောဂျေအေဝင်းမြင့် | ကရင်ပြည်သူ့ပါတီ | ၆၇၉၀ |
| ၁၇၇။ | စစ်ကိုင်းတိုင်းဒေသကြီး | မြင်းမူ(၁) | ဦးသောင်းမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၆၇၇၉ |
| ၁၇၈။ | စစ်ကိုင်းတိုင်းဒေသကြီး | မြင်းမူ(၂) | ဒေါ်နီလာလွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၀၉၃ |
| ၁၇၉။ | စစ်ကိုင်းတိုင်းဒေသကြီး | ဘုတလင်(၁) | ဦးအောင်ကျော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၂၁၅ |
| ၁၈၀။ | စစ်ကိုင်းတိုင်းဒေသကြီး | ဘုတလင်(၂) | ဒေါက်တာကျော်ဇေလင်း(ခ) ဇေလင်းမောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၄၉၅၆ |
| ၁၈၁။ | ပဲခူးတိုင်းဒေသကြီး | သနပ်ပင်(၁) | ဒေါက်တာစောညိုဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၈၆၂၈ |
| ၁၈၂။ | ပဲခူးတိုင်းဒေသကြီး | သနပ်ပင်(၂) | ဦးမျိုးမြင့်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၀၀၉၃ |
| ၁၈၃။ | ပဲခူးတိုင်းဒေသကြီး | ညောင်လေးပင်(၁) | ဦးအောင်နိုင်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၈၆၂၂ |
| ၁၈၄။ | ပဲခူးတိုင်းဒေသကြီး | ညောင်လေးပင်(၂) | ဦးညီညီထွေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၆၉၆၀ |
| ၁၈၅။ | ပဲခူးတိုင်းဒေသကြီး | ကျောက်တံခါး(၁) | ဦးလင်းလင်းကျော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၄၈၀၇ |
| ၁၈၆။ | ပဲခူးတိုင်းဒေသကြီး | ကျောက်တံခါး(၂) | ဦးကြည်ဇင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၂၃၆၇ |
| ၁၈၇။ | ပဲခူးတိုင်းဒေသကြီး | တောင်ငူ(၁) | ဦးအေးမင်းဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၉၂၆၉ |
| ၁၈၈။ | ပဲခူးတိုင်းဒေသကြီး | တောင်ငူ(၂) | ဦးမိုးမခ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၆၈၀၁ |
| ၁၈၉။ | ပဲခူးတိုင်းဒေသကြီး | ပေါင်းတည်(၁) | ဦးရဲလင်းနိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၆၁၀၉ |
| ၁၉၀။ | ပဲခူးတိုင်းဒေသကြီး | ပေါင်းတည်(၂) | ဦးထွန်းထွန်းဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၈၂၁၉ |
| ၁၉၁။ | ပဲခူးတိုင်းဒေသကြီး | လက်ပံတန်း(၁) | ဦးခင်မောင်ရင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၉၇၅၃ |
| ၁၉၂။ | ပဲခူးတိုင်းဒေသကြီး | လက်ပံတန်း(၂) | ဦးမျိုးအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၃၄၅၉ |
| ၁၉၃။ | မကွေးတိုင်းဒေသကြီး | ငဖဲ(၁) | ဦးစန်းကြူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၁၂၁၇ |
| ၁၉၄။ | မကွေးတိုင်းဒေသကြီး | ငဖဲ(၂) | ဦးခင်မောင်လွင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၄၃၅ |
| ၁၉၅။ | မကွေးတိုင်းဒေသကြီး | မင်းလှ(၁) | ဦးလှိုင်မြင့်သန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၉၈၄၇ |
| ၁၉၆။ | မကွေးတိုင်းဒေသကြီး | မင်းလှ(၂) | ဦးမောင်ကို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၁၈၉၁ |
| ၁၉၇။ | မွန်ပြည်နယ် | ကျိုက်မရော(၁) | ဒေါ်ခင်မျိုးမြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၄၅၁ |
| ၁၉၈။ | မွန်ပြည်နယ် | ကျိုက်မရော(၂) | ဦးမင်းအောင်မွန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၉၁၆၆ |
| ၁၉၉။ | မွန်ပြည်နယ် | ဘီးလင်း(၁) | ဒေါက်တာခင်နိုင်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၇၃၇၃ |
| ၂၀၀။ | မွန်ပြည်နယ် | ဘီးလင်း(၂) | ဦးမင်းမင်းဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၉၀၅၆ |
| ၂၀၁။ | ရှမ်းပြည်နယ် | ပင်းတယ(၁) | ဦးအာကာလင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၁၅၉၂ |
| ၂၀၂။ | ရှမ်းပြည်နယ် | ပင်းတယ(၂) | ဦးညီညီ(ခ)ဦးညီလေးချမ်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၂၀၈၄ |
| ၂၀၃။ | ရှမ်းပြည်နယ် | မဘိမ်း(၁) | ဦးမောင်ညို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၄၄၅ |
| ၂၀၄။ | ရှမ်းပြည်နယ် | မဘိမ်း(၂) | ဦးမင်းမင်းသိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၉၄၂ |
| ၂၀၅။ | ရှမ်းပြည်နယ် | မိုင်းဆတ်(၁) | ဦးသန်းဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၅၆၉၂ |
| ၂၀၆။ | ရှမ်းပြည်နယ် | မိုင်းဆတ်(၂) | ဦးဒါဝိဒ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၉၆၇ |
| ၂၀၇။ | ရှမ်းပြည်နယ် | မိုင်းတုံ(၁) | ဦးစောမူးလာ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၄၁၆၂ |
| ၂၀၈။ | ရှမ်းပြည်နယ် | မိုင်းတုံ(၂) | ဦးဆန်းဝင်းအောင်(ခ) ဦးအောင်အောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၁၈၆ |
| ၂၀၉။ | ရှမ်းပြည်နယ် | မိုင်းယောင်း(၁) | ဦးအိုက်ခမ်းလှိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၆၉၂၈ |
| ၂၁၀။ | ရှမ်းပြည်နယ် | မိုင်းယောင်း(၂) | ဦးစိုင်းရှဲန်တစ်လုံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၀၃၄ |
| ၂၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ဖျာပုံ(၁) | ဦးဇေယျာမင်းသိန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၄၁၀၂၇ |
| ၂၁၂။ | ဧရာဝတီတိုင်းဒေသကြီး | ဖျာပုံ(၂) | ဦးဘိုဘိုမင်းဇော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၃၃၃၇၉ |

**မှတ်ချက်။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုဝင်ဘာ ၁၀ ရက် ည ၉နာရီအထိ ထုတ်ပြန်သည့် အထွေထွေ ရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းနှင့် မဲရလဒ်များဖြစ်ပါသည်။**

တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အတည်ပြုပေးပို့သော အနိုင်ရရှိသည့် လွှတ်တော်အလိုက် ကိုယ်စားလှယ်များ၏ အမည်စာရင်းနှင့် မဲရလဒ်များကိုလည်း ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

*✻ ရှေ့ဖုံးမှ*

ရန်ကုန်မြို့ မီကာဆာဟိုတယ်၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် အဆိုပါအဖွဲ့ဝင် ရွေးကောက်ပွဲဆိုင်ရာ ကနဦးတွေ့ရှိချက်များနှင့်ပတ်သက်သည့်ထုတ်ပြန်ချက်ဆိုင်ရာ ရှင်းလင်းပွဲတွင် ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ခက်ခဲသည့် အခြေအနေများအကြားမှ ရွေးကောက်ပွဲလုပ်ငန်းဆောင်ရွက်မှုများကို စနစ်တကျစီစဉ်ဆောင်ရွက်ခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းများ၊ မဲရုံ၌ တာဝန်ကျသော ဝန်ထမ်းများ၏လွတ်လပ်၍ တရားမျှတရန် ဆောင်ရွက်ပေးခြင်းများ၊ လွန်ခဲ့သည့် ရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်လျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ခြင်းများသည် အလွန်လေးစားအားရဖွယ်ကောင်းကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထို့အပြင် ၎င်းတို့အဖွဲ့က ကြိုတင်မဲပေးရာ၌ ရပ်ကွက်/ကျေးရွာ ကော်မရှင်များ၏ လုပ်ဆောင်ချက်များ ကွဲပြားခြားနားမှုများကို တွေ့ရှိရပြီး သင်တန်းများ ပိုမိုလိုအပ်သည်ကို တွေ့ရှိကြရကြောင်း၊ သင်တန်းများ ပိုမိုပေးခြင်းဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ် ဆောင်ရွက်မှုများသည် တူညီမည်ဖြစ်ပြီး ပြည်သူများ၏ ရွေးကောက်ပွဲ ကော်မရှင်အပေါ် ယုံကြည်မှုကိုလည်း တိုးပွားစေမည်ဖြစ်ကြောင်း အကြံပြုထားသည်။

"အရေးကြီးတဲ့ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းတွေ ကျန်ရှိနေသေးပေမယ့် ရွေးကောက်ပွဲမတိုင်မီအခြေအနေနဲ့ ရွေးကောက်ပွဲနေ့ရဲ့ အခြေအနေတွေက မြန်မာနိုင်ငံရဲ့ ယုံကြည်ဖွယ်ကောင်းတဲ့ ရွေးကောက်ပွဲဖြစ်ပြီး ဒီမိုကရေစီ ပိုမိုထွန်းကားဖို့ အခွင့်အလမ်းတွေ ဖြစ်စေပါတယ်။ မသမာမှုတွေ ရှိတယ်လို့ပြောတဲ့ အရာတွေအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ တာဝန်ရှိသူတွေက အချိန်မနှောင်းခင် တရားမျှတစွာ ဖြေရှင်းပေးဖို့ တိုက်တွန်းလိုပါတယ်။ ပိုမိုကောင်းမွန်ဖို့ လိုအပ်နေသေးပေမယ့် ယနေ့အထိရွေးကောက်ပွဲလုပ်ငန်းစဉ်တွေက ထင်ထားတာထက် ကျော်လွန်ကောင်းမွန်ပြီး ပြည်သူတွေရဲ့ ဆန္ဒအသံတွေကို ပိုမိုကြားစေပါတယ်" ဟု Mr.Damaso က ထပ်လောင်း ပြောကြားသည်။

ဒီမိုကရေစီတွင် လူတိုင်းပါဝင်နိုင်ရန်နှင့် အနာဂတ်ငြိမ်းချမ်းမှုတည်ဆောက်ရန်အတွက် လူမျိုး၊ ဘာသာ၊ နေထိုင်ရာဒေသမရွေး အားလုံးပါဝင်နိုင်ရန် လုပ်ငန်းစဉ်များကို လုပ်ဆောင်သင့်ကြောင်းလည်း အကြံပြုထားသည်။ ၎င်းအဖွဲ့၏ လေ့လာစောင့်ကြည့်သူ ၄၇ ဦးသည် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ မဲရုံ ၃၀၃ ရုံ၌ နိုဝင်ဘာ ၈ ရက်တွင် တွေ့ရှိလေ့လာခြင်းအပေါ် မူတည်ကာ အကြံပြုချက်များ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

# ကျေးဇူးတင်ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ကိုယ်စားလှယ်လောင်းများ အောင်နိုင်ရေးအတွက် အားပေးကူညီထောက်ခံခဲ့ကြသော မိဘပြည်သူများ၊ အဖွဲ့အစည်းများ၊ ပါတီဝင်များ၊ ပါတီမိတ်ဆွေများအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။

နိုင်ငံရေးပါတီအသီးသီးမှ ရွေးကောက်ပွဲအောင်နိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့်အတူ မိမိပါတီမှ အောင်နိုင်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းများက ပူးပေါင်းလက်တွဲပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

# မြန်မာနိုင်ငံရှပ်ရှင်အစည်းအရုံး (၁၃)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ဖိတ်ကြားခြင်း

(၁၃)ကြိမ်မြောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာကို မရမ်းကုန်းမြို့နယ် နာဂလိုဏ်ဂူ ကလေးဝတောရစာသင်တိုက်ကျောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်း (၇)ကျောင်းတို့အား ရည်စူးပြီး ၁၅-၁၁-၂၀၁၅ရက် နံနက် ၉နာရီတွင် မရမ်းကုန်းမြို့နယ် စွယ်တော်လမ်းရှိ ကလေးဝတောရစာသင်တိုက်တွင် ကျင်းပမည်ဖြစ်ပါသည်။

သို့ပါ၍ ရုပ်ရှင်နှင့်ဗီဒီယိုလောကသားများ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့များနှင့် အခြားလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် လှူဖွယ်ပစ္စည်းနှင့်ဝတ္ထုငွေသားများကို ၁၂-၁၁-၂၀၁၅ရက် နောက်ဆုံးထားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ လာရောက်လှူဒါန်းနိုင်ပါသည်။ ၁၄-၁၁-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ပဒေသာပင်များ လှည့်လည်ပါမည်။ ၁၅-၁၁-၂၀၁၅ရက် ကထိန်ပွဲတော်ကျင်းပသည့်ရက်တွင် ဇာတ်ကားရိုက်ကူးများ နေ့တစ်ဝက်ရပ်နားထားပါရန်နှင့် ကထိန်ပွဲတော်ကို မပျက်မကွက် ကြွရောက်ပါရန် နိဗ္ဗာန်အကျိုးမျှော် နှီးဆော်ဖိတ်ကြားအပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

# (၃၆)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ဖေဖေဦးထွန်းလှအောင် (ပြည်ထဲရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်)-မေမေဒေါ်တင်တင်အေးတို့၏ ၁၁-၁၁-၂၀၁၅ ရက်တွင် ကျရောက်သော (၃၆)နှစ်မြောက်မင်္ဂလာနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောသား၊ မြေးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သား၊ ချစ်မြေးများ**

**ကိုနေလင်းအောင်-မတင်ဇာဇာမင်း**
**မြေး-မစုနှင်းလတ်၊ မောင်ဟိန်းဇေယျာထွန်း**
**ကိုကျော်သူထွန်း-မစုမြတ်ထွေး**
**မြေး-မောင်လင်းအောင်ကျော်ဖိုလ်၊ မောင်ကောင်းသက်ထူးဇော်**
**ကိုပြည့်ဖြိုးအောင်-မအေးချိုသရဖီကျော်**
**မြေး-မနှင်းဝတ်လွှာပြည့်မှူး**
**ကိုကျော်ဇင်ထွန်း-မဟိန်းထက်ထက်အောင်**
**မောင်အောင်ထက်သူ**

# ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လှိုင်မြို့နယ် ဘိုးဘွားပိုင်မြေ(မြေပိုင်မြေ)(၂၅'×၅၀')(၅၀'×၅၀') နှစ်ကွက်တွဲလျက်။ **ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၅၉၇၉၆၈၈၊ ၀၉-၅၀၉၃၃၉၆**

❖ ကျောဖုံးမှ

ဖြင့် ထပ်မံလာရောက်ပစ်ခတ်တိုက်ခိုက်သဖြင့် တပ်ဌာနချုပ်မှ လက်နက်ကြီး၊ လက်နက်ငယ်များ၊ တပ်မတော်ရဟတ်ယာဉ်များဖြင့် တန်ပြန်တိုက်ခိုက်ခဲ့ရာ နံနက် ၈ နာရီခွဲတွင် ပြန်လည်ဆုတ်ခွာသွားခဲ့သည်။ မိုင်းနောင်တပ်ဌာနချုပ်တွင် လုံခြုံရေးအရအတားအဆီးများ ပြုလုပ်ထားခြင်းကြောင့် အက်စ်အက်စ်အေ (ဝမ်ဟိုင်း)အဖွဲ့သည် အများပြည်သူနေထိုင်ရာ ရပ်ကွက်များအတွင်းမှ ပြည်သူလူထုအား အကာအကွယ်ယူ၍ ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်တွင် တပ်မတော်မှ အရာရှိ၊ စစ်သည်တချို့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြပြီး အဆောက်အအုံတချို့လည်း ပျက်စီးခဲ့သည်။



အက်စ်အက်စ်အေ(ဝမ်ဟိုင်း)အဖွဲ့ ပစ်ခတ်ခြင်းကြောင့် တပ်ဌာနချုပ်ရှိ အဆောက်အအုံပျက်စီးမှုကို တွေ့ရစဉ်။

အက်စ်အက်စ်အေ (ဝမ်ဟိုင်း)အဖွဲ့သည် မိုင်းနောင်တပ်ဌာနချုပ်သို့ နိုဝင်ဘာ ၁ ရက် ညပိုင်းတွင် တစ်ကြိမ်၊ နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင် တစ်ကြိမ်၊ နိုဝင်ဘာ ၃ ရက် ညပိုင်းတွင် နှစ်ကြိမ်နှင့် နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းတွင် သုံးကြိမ် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တပ်မတော်တပ်ရင်းဌာနချုပ်များနှင့် တပ်ဌာနချုပ်တို့ကို အကြိမ်ကြိမ်လာရောက်နှောင့်ယှက် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်လာခြင်းကြောင့် တပ်မတော်က တန်ပြန်တိုက်ခိုက်မှုများနှင့် နယ်မြေရှင်းလင်းခြင်းများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

❑ ရှေ့ဖုံးမှ

ဟိုတယ်ဆောက်လုပ်မှုများအတွင်း နိုင်ငံတကာအဆင့်မီ အခန်းပေါင်း ၃၇၅ ခန်း ပါဝင်မည်ဖြစ်ပြီး ကားပါကင်မှာ ယာဉ်အစီးရေ ၂၀၀ ခန့် ရပ်နားနိုင်သော မြေအောက်ထပ် နှစ်ထပ်ပါဝင်မည်ဖြစ်သည်။ ဟိုတယ်အဆောက်အအုံမှာ နိုင်ငံတကာ စံချိန်စံညွှန်းဝင် ၁၄ ထပ်အဆောက်အအုံဖြစ်ပြီး အဆင့်မီဓာတ်လှေကား ၁၂ စင်းနှင့် စက်လှေကားသုံးစင်း ပါဝင်မည်ဖြစ်သည်။ ပထမထပ်ရှိ ကပွဲခန်းမ၌ လူဦးရေ ၇၀၀ ဆံ့ အခန်း ထည့်သွင်းဆောက်လုပ်မည်ဖြစ်ပြီး အဝင်ဝ(Lobby)၌ အဆင့်မြင့်စားသောက်ဆိုင်သုံးဆိုင် ပါဝင်မည်ဖြစ်ကာ အပေါ်ဆုံး ၁၂ လွှာရှိ အမိုးထပ်တွင်လည်း စားသောက်ဆိုင် သုံးဆိုင် ပါဝင်မည်ဖြစ်သည်။

ဟိုတယ် အဆောက်အအုံ ဒုတိယအထပ်တွင် ရေကူးကန်၊ အားကစားလေ့ကျင့်ခန်း၊ နိုင်ငံတကာအဆင့်မီ Spa များပါဝင် ဆောက်လုပ်ထားရှိပြီး တတိယအလွှာမှ ၁၁ ထပ်ထိ အခန်းပေါင်း ၃၇၅ ခန်း ပါဝင်ကြောင်း သိရသည်။ လက်ရှိရက်ပေါင်း ၄၀ လျှင် ကြမ်းခင်း ကွန်ကရစ်လောင်းဆောင်ရွက်လျက်ရှိနေပြီး မြေအောက်ထပ် နှစ်ထပ်အပါအဝင် ရှစ်လွှာအထိ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကာ ဟိုတယ်အဆောက်အအုံ ဆောက်လုပ်မှုများအတွင်း ဥရောပ၊ စင်ကာပူ၊ တရုတ်နှင့် အမေရိကန်နိုင်ငံထုတ်ကုန်ပစ္စည်းများ ပါဝင်ဆောက်လုပ်လျက်ရှိသည်။

Family Business Group Hotel လီမိတက်မှ အမှုဆောင်အရာရှိချုပ် ဦးကိုကိုလတ်က "နိုင်ငံတကာမှာ ထင်ရှားကျော်ကြားတဲ့ ဒီ Sheraton ဟိုတယ်ဟာ ရန်ကုန်မြို့ကို ဝင်ရောက်လာခြင်းအားဖြင့် နိုင်ငံတော်အတွက် အခြားနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များကို ဖိတ်ခေါ်သလိုဖြစ်သွားပါပြီ၊ အခြားစီးပွားရေးကုမ္ပဏီငယ်များကလည်း အွန်လိုင်းကနေတွေ့ပြီး အချိန်မရွေးဝင်ရောက်ရင်းနှီးမြှုပ်နှံမှုတွေနဲ့အတူ ဆက်သွယ်လာနိုင်ပါတယ်။ နောက်တစ်ခုအရေးကြီးဆုံးဖြစ်တဲ့ နိုင်ငံအတွင်းက ပြည်သူဦးရေ ၅၀၀ ကျော်ကို ဒီ Sheraton ဟိုတယ်က အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှာဖြစ်ပြီး အခြားဆက်စပ်ကုမ္ပဏီ ၂၀၀ ကျော်အတွက်လည်း အခွင့်အလမ်းများ ရရှိစေမှာဖြစ်ပါတယ်"ဟုဆိုသည်။ နမူနာပုံစံကလည်း ဖေဖော်ဝါရီလကုန်လောက်ဆိုပြီးစီးမှာပါ။ အဲ့လိုဖေဖော်ဝါရီလကုန်မှာ အခန်းနမူနာပုံစံဆောင်ရွက်ပြီးစီးပြီဆိုရင် တကယ့်အခန်းများကို စတင်ဖွဲ့စည်းတော့မှာပါ။

ကြယ်ငါးပွင့်အဆင့်မီ Sheraton Hotel Yangon ဖွင့်လှစ်ပြီဆိုပါက ရန်ကုန်မြို့သို့ အကြောင်းကိစ္စကြောင့် လာရောက်လည်ပတ်ကြမည့်ခရီးသွားဧည့်သည်များအတွက်ပါ အကျိုးရှိစေမည်ဖြစ်ပြီး ရန်ကုန်မြို့ လူဦးရေအချို့တွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြစေတော့မည်ဖြစ်သည်။ ထို့အပြင် အဆိုပါကြယ်ငါးပွင့်အဆင့်မီ Sheraton Hotel Yangon စီမံကိန်းမှာ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် မတ် ၂၀ ရက်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ စတင်ခွင့်ပြုချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိုးဝင်း(SP)**

❄ ကျောဖုံးမှ

ထွက်ခွာခဲ့ပြီး နိုဝင်ဘာ ၉ ရက်မှ စတင်ကာ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ ယင်းပွဲစဉ်မှာ မြန်မာအသင်းနည်းပြသစ် ဂတ်ဖရိုင်းဒရစ်၏ ပထမဆုံး နိုင်ငံတကာပွဲလည်းဖြစ်လာမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလအတွင်း ကမ္ဘာ့ဖလားခြေစစ်ပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း နိုဝင်ဘာ ၁၇ ရက်တွင် ယှဉ်ပြိုင်ရမည့် ကူဝိတ်အသင်းနှင့်ပွဲကို ယှဉ်ပြိုင်ကစားခြင်းမပြုရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ထုတ်ပြန်ခဲ့ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ခဲ့သည်။

ဖီဖာသည် ကူဝိတ်အစိုးရ၏ ဝင်ရောက်စွက်ဖက်မှုကြောင့် ကူဝိတ်လက်ရွေးစင်အသင်းများနှင့် ကလပ်အသင်းတို့အား နိုင်ငံတကာ ပြိုင်ပွဲဝင်ခွင့်ပိတ်ပင်ထားခြင်းဖြစ်သည်။ ဖီဖာသည် မြန်မာအသင်းနှင့် ကူဝိတ်အသင်းတို့၏ ခြေစစ်ပွဲအား ကစားရန်မလိုဟု ဆုံးဖြတ်ခဲ့သော်လည်း ယင်းပွဲရလဒ်၊ ကူဝိတ်အသင်း၏ ကမ္ဘာ့ဖလား ခြေစစ်ပွဲရလဒ်များအား မည်ကဲ့သို့ သတ်မှတ်မည်ကို အတည်မပြုရသေးဘဲ ကမ္ဘာ့ဖလားခြေစစ်ပွဲမပြီးဆုံးမီ ထုတ်ပြန်ပေးမည် ဖြစ်ကြောင်း သိရသည်။ မြန်မာအသင်းမှာ ကူဝိတ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲ ပထမအကျော့ပွဲတွင် စံချိန်တင်ရလဒ် ကိုးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။

မြန်မာအသင်းသည် တောင်ကိုရီးယားအသင်းနှင့် ခြေစစ်ပွဲအတွက် ဆက်လက် ပြင်ဆင်လျက်ရှိပြီးပထမအကျော့က အိမ်ကွင်းတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ အဆိုပါ ခြေစစ်ပွဲအတွက် နည်းပြ ဂတ်ဖရိုင်းဒရစ်မှာပြင်ဆင်ချိန် အနည်းငယ်သာရရှိထားပြီး မြန်မာယူ-၂၁ အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဟောင်ကောင်လက်ရွေးစင်အသင်းကို ငါးဂိုး-ဂိုးမရှိတို့ဖြင့် ခြေစမ်းပွဲများတွင် ရှုံးပွဲကြုံတွေ့ထားသည်။ မြန်မာအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် အုပ်စု(ဆ)၌ ပါဝင်နေပြီး ငါးပွဲကစား၊ လေးမှတ်ဖြင့်အဆင့်လေးနေရာ၌ ရပ်တည်နေသည်။ မြန်မာအသင်းနှင့် ကစားမည့်တောင်ကိုရီးယားအသင်းမှာ လေးပွဲစလုံးအနိုင်ရရှိပြီး အုပ်စုကိုဦးဆောင်လျက်ရှိသည်။ **ညီမြတ်သော်တာ**

# အရှိန်မထိန်းနိုင်သည့်ဆိုင်ကယ် ကားကိုဝင်တိုက်

**မြို့သစ် နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီက မြို့သစ်မြို့ မြို့ဝင်/ထွက်ဂိတ်အနီး မြို့သစ်-နတ်မောက်သွားကားလမ်း မိုင်တိုင်(၁၇/၀)၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းကားလမ်းအတိုင်း မြို့သစ်ဘက်မှနတ်မောက်ဘက်သို့ တောင်တွင်းကြီးမြို့ ရွှေကြာအင်း(၁)ရပ်ကွက်နေ ယာဉ်မောင်း ဦးကိုကို(၄၇ နှစ်) မောင်းနှင်သည့် 6C/---- Caldina ယာဉ်ကို အဆိုပါကားလမ်း၏ ဝဲဘက်ခြမ်းလမ်းသွယ်မှ မောင်းနှင်ထွက်လာသော မြို့သစ်မြို့ ကွက်သစ်ရပ်ကွက်နေသူ ရဲထွဋ်ဦး(၁၇ နှစ်)၏ ၄၇ယ/----ဆိုင်ကယ်က အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိရာ ရဲထွဋ်ဦးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် ဆိုင်ကယ်မဆင်မခြင် မောင်းနှင်သူ ရဲထွဋ်ဦးကို မြို့သစ်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**


Happy Birthday

"ဖေဖေ"

သားကို အရည်အချင်းရှိပြီး ကိုယ့်ထူးကိုယ်ချွန် ယောကျ်ားကောင်းတစ်ယောက်ဖြစ်အောင် သွန်သင်ဆုံးမပေးခဲ့တဲ့ အဖေ့ကို ၁၁-၁၁-၂၀၁၅ရက်မှာ ကျရောက်တဲ့ အဖေ့ရဲ့ မွေးနေ့မှာ သားရိုသေစွာနဲ့ ကန်တော့လိုက်ပါတယ်။ အဖေ...အဖေချစ်တဲ့ အမေနဲ့အတူ ယခုထက်ပိုပြီး အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို သယ်ပိုးနိုင်ပါစေ...။

**ချစ်သောသားကြီး**

**ကောင်းသန့်သက်စိုး(ခ)ဖိုးသား**

Happy Birthday

"ဦး"

တူ/တူမများအပေါ် ဖခင်ရင်းသဖွယ် မငြိုမငြင်ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့ပါသော ကျေးဇူးရှင် **"ဦး"** ၏ (၁၁-၁၁-၂၀၁၅) ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်မွေးနေ့ပေါင်းရာကျော်တိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ချစ်သောမိသားစုနှင့်အတူ လောကီလောကုတ္တရာနှစ်ဖြာသောအကျိုးကို ယခုထက်ပိုမိုလုပ်ဆောင်နိုင်ပြီး အေးချမ်းသာယာမှုများနှင့် ပြည့်စုံသောဘဝကို ထာဝရလျှောက်လှမ်းပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

**ချစ်သော တူ/တူမများ**

**သားသား-စုစု၊ အောင်သက်ဦး-မီးမီး၊**

**ငြိမ်းချမ်း-ရည်မွန်၊ မွှေးမွှေး၊**

**ဂျဲဂျဲ၊ ကဲကဲ၊ ကုကု၊ သုသု၊ တုံတုံ**



# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရွှေကျင်၊ ညောင်လေးပင်၊ ဒိုက်ဦးမြို့နယ်များ၌ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြီးစီး

**ရွှေကျင် နိုဝင်ဘာ ၁၀**

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်က နိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့နယ်တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ရွေးကောက်ပွဲကိုလည်း မြို့နယ်အတွင်းရှိ သတ်မှတ်မဲရုံများ၌ ကျင်းပသည်။

ရွှေကျင်မြို့နယ်တွင် ရပ်ကွက် (၈)ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၁ အုပ်စုတို့ရှိ မဲရုံပေါင်း ၇၈ ရုံမှ မဲဆန္ဒရှင်ပြည်သူများသည် မိမိတို့နှစ်သက်ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဆန္ဒပြုရွေးချယ်၍ မဲပေးကြပြီး ရွေးကောက်ပွဲ ကော်မရှင်အဆင့်ဆင့်တို့ကလည်း ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများနှင့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြသည်။



ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ မြို့မ(၂)ရပ်ကွက် မဲရုံအမှတ်(၂)၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးရန် လာရောက်ကြစဉ်။

အလားတူ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်တို့၌လည်း ဖွင့်လှစ်ထားရှိသည့်မဲရုံများ၌ နံနက်ပိုင်းမှစတင်၍ မိမိနှစ်သက်ရာပါတီနှင့် ပုဂ္ဂိုလ်တို့အား လွတ်လပ်စွာ ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

**ပိန်းဇလုပ် -သိန်းညွန့်**

# မင်္ဂလာတောင်ညွန့်မြို့နယ် ရပ်ကွက် ၂၀ မှ မဲရုံ ၇၆ ရုံတွင် အေးချမ်းစွာ မဲဆန္ဒပေးနိုင်ခဲ့

**ရန်ကုန် နိုဝင်ဘာ ၁၀**

မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရပ်ကွက်ပေါင်း ၂၀ တွင် မဲရုံပေါင်း ၇၆ ရုံထားရှိကာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်စာရင်းများအရ ကြိုတင်မဲထည့်ထားသူ ပုံစံ၃(က) ဖြင့်လျှောက်ထားသူများအပါအဝင် မဲဆန္ဒ ပေးပိုင်ခွင့်ရှိသူ ၈၂၁၃၈ ဦးရှိကြောင်းသိရသည်။ နိုဝင်ဘာ ၈ ရက် နံနက် ၅ နာရီခန့်မှစ၍ ရပ်ကွက်တိုင်းလိုလို မဲဆန္ဒပေးလိုသူများက စိတ်အားထက်သန်စွာဖြင့် မဲရုံများတွင် တန်းစီစောင့်ဆိုင်းလျက်ရှိနေကြသည်ကို မြင်တွေ့ရသည်။

ကန်တော်ကလေး (အရှေ့) ရပ်ကွက် ၉၃ လမ်းတွင် နေထိုင်သော ဒေါ်စန်း(၇၉နှစ်)မှာ မဲပေးရမည့်နေ့ရက်ရောက်မှ ရုတ်တရက် ညာခြေထောက် မသန်စွမ်းဖြစ်ကာ လမ်းမလျှောက်နိုင်ဖြစ်လာ၍ ရပ်ကွက်ကော်မရှင်အဖွဲ့ဝင်များက လက်တွန်းကုလားထိုင်ဖြင့် ဝိုင်းဝန်းကူညီဖေးမကာ ကိုယ်တိုင်မဲဆန္ဒပေးနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

အလားတူ ရေတွင်းကုန်းရပ်ကွက် မဲရုံအမှတ်(၁)တွင် မျက်စိခွဲစိတ်ရမည့် ဆီးချိုဝေဒနာရှင် ဒေါ်အေးအေးသန်း(၅၈နှစ်)သည်လည်း ကြိုတင်ဆန္ဒမဲပေးရက် ပိတ်သွားသဖြင့် ခက်ခက်ခဲခဲဖြင့် မဲရုံသို့ ကိုယ်တိုင်မဲဆန္ဒလာပေးရာ မဲရုံမှူးဒေါ်ဝင်းဝင်းမာနှင့်အဖွဲ့က ကူညီဆောင်ရွက်ပေးကာ မြို့နယ်ကော်မရှင်နှင့် အများပြည်သူရှေ့မှောက်တွင် ဆန္ဒမဲပေးလက်မှတ် ထုတ်ပေးခဲ့သည်။

မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းဇော်နှင့် အဖွဲ့ဝင်များက မဲရုံများသို့ လှည့်လည်ကြည့်ရှုပြီး နိုင်ငံရေးပါတီများမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများကလည်း မဲရုံတိုင်းလိုလိုရှိနေပြီး အချို့ပါတီများမှာ မဲရုံသို့ မဲထည့်ရန်ဝင်သွားသည့် လူဦးရေကိုပါ ရေတွက်မှတ်သားနေသည်ကို တွေ့ရသည်။ စက်ဆန်းရပ်ကွက်မဲရုံတွင် ပြင်သစ်သတင်းဌာနမှ မဲဆန္ဒလာပေးသူ အမျိုးသမီးငယ်တစ်ဦးအား တွေ့ဆုံမေးမြန်းသတင်းယူနေသည်ကို မြင်တွေ့ခဲ့ရသည်။

မဲရုံပိတ်ချိန် ညနေ ၄နာရီအထိ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ရပ်ကွက် ၂၀ရှိ မဲရုံ ၇၆ ရုံတွင် မဲဆန္ဒရှင်ပြည်သူ ၆၀၀၀၀ ကျော်တို့က လွတ်လပ်ပျော်ရွှင်စွာ ဆန္ဒမဲပေးနိုင်ခဲ့သည်ဟု သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်များအား လွတ်လပ်စွာ ဆန္ဒမဲပေးရွေးချယ်

**လားရှိုး နိုဝင်ဘာ ၁၀**

အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက် နံနက် ၆ နာရီမှ စတင်၍ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် သတ်မှတ်မဲဆန္ဒနယ် အသီးသီးရှိ မဲရုံများ၌ တစ်ပြိုင်တည်း ဖွင့်လှစ်ကျင်းပရာ မဲဆန္ဒရှင် တိုင်းရင်းသား ပြည်သူများသည် မဲရုံများသို့ လာရောက်ကြပြီး လွှတ်တော် အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်များအား လွတ်လပ်စွာဖြင့် မိမိတို့စိတ်ကြိုက် ဆန္ဒမဲပေးရွေးချယ်ကြသည်။

မကျန်းမာသူများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူ မဲဆန္ဒရှင်များ လာရောက်ဆန္ဒမဲပေးရာတွင် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးကြသည်။



ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ရပ်ကွက် ၁၆၀၊ ကျေးရွာအုပ်စု ၆၉၆ အုပ်စု၊ မဲရုံပေါင်း ၁၃၅၁ ရုံ ဖွင့်လှစ်ထားပြီး မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူ စုစုပေါင်း ၁၂၆၈၅၃၁ ဦး ရှိသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကလည်း မဲရုံများသို့ လာရောက်စစ်ဆေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဟန်ဌေး (လားရှိုး)**

# အာဆီယံအဖွဲ့ မဲရုံများသို့ လာရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ အမှတ်(၁)အထကတွင် ဖွင့်လှစ်ထားရှိသော အမှတ်(၂)မဲရုံသို့ နိုဝင်ဘာ ၈ ရက် ညနေ ၃ နာရီခွဲက အာဆီယံနိုင်ငံများမှ ရွေးကောက်ပွဲလေ့လာရေး ကိုယ်စားလှယ်အဖွဲ့ ၁၇ ဦး၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်သုံးဦး၊ အာဆီယံ IDEA အဖွဲ့မှ နှစ်ဦး စုစုပေါင်း ၂၂ ဦးတို့ လာရောက်လေ့လာရာ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစေရန် စီမံဆောင်ရွက်ထားရှိမှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီး

**ရေစကြို**

၂၀၁၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်က ကျင်းပရာ သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင် အဖွဲ့ခွဲများ၊ မဲရုံမှူးနှင့် မဲရုံတာဝန်ရှိသူများကလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိကြသည်။

အလားတူ မဲရုံလုံခြုံရေးတာဝန်ရှိသူများ မဲရုံကိုယ်စားလှယ်များကလည်း မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာ မဲပေးနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

**ညောင်တုန်း**

ပြည်သူလူထုအထူးမျှော်လင့်တောင့်တခဲ့သော သမိုင်းဝင်မည့်ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးအတွက် ညောင်တုန်းမြို့နယ်အတွင်းရှိ ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၄ အုပ်စုရှိ မဲရုံပေါင်း ၂၄၄ ရုံကို နိုဝင်ဘာ ၈ ရက် နံနက် ၆ နာရီက တစ်ပြိုင်နက် ဖွင့်လှစ်ခဲ့ရာ မဲရုံများရှေ့တွင် နံနက် ၆ နာရီမတိုင်မီက အသင့်ရောက်ရှိနေသော မဲဆန္ဒရှင်များက တက်တက်ကြွကြွ တန်းစီဝင်ရောက်ပြီး စိတ်ပါဝင်စားစွာ ဆန္ဒမဲများပေးခဲ့ကြသည်ကို တွေ့ရသည်။

"ညောင်တုန်းမြို့နယ်တစ်နယ်လုံးမှာ မဲရုံပေါင်း ၂၄၄ ရုံ ဖွင့်လှစ်ထားပါတယ်။ နောက်ဆုံးစာရင်းအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၅၁၈၀၅ ဦးရှိပါတယ်။ အိန္ဒိယ၊ အမေရိကန်၊ သြစတြေးလျ၊ ဗြိတိန်နိုင်ငံများက စောင့်ကြည့်လေ့လာသူများ မြို့နယ်ကော်မရှင်ကို လာရောက်ဆက်သွယ်ထားပါတယ်။ သူတို့စိတ်ကြိုက်လေ့လာသွားမှာဖြစ်ပါတယ်"ဟု ညောင်တုန်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဖိုးလစ်သောင်းရွှေက ပြောသည်။

**နေလင်း(ညောင်တုန်း)**



မွန်ပြည်နယ် ရေးမြို့၌ နိုဝင်ဘာ ၈ ရက် နံနက် ၅ နာရီခွဲခန့်မှစတင်၍ မဲများပေးနိုင်ရန်အတွက် မဲရုံရှေ့၌ မဲဆန္ဒရှင်များ စောင့်ဆိုင်းနေကြစဉ်။

နေမျိုးထွန်း(ရေး)

**ရန်ကုန်**

နိုဝင်ဘာ ၈ ရက်က ပါတီစုံအထွေထွေရွေးကောက်ပွဲအတွက် ပြည်သူများ လာရောက်၍ဆန္ဒပြုမဲပေးကြရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဉယျာဉ်မြို့တော် ၉၄ ရပ်ကွက် အထက(၂) ကျောင်းခန်းမ၌ လျှို့ဝှက်ဆန္ဒပြုမဲရုံပေါင်း ၂၅ ရုံရှိရာ မဲရုံ အမှတ်(၂၀)တွင် ပြည်သူများ လာရောက်ဆန္ဒမဲပေးကြ၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ရပ်ကွက် ၁၄ ရပ်ကွက် ကျေးရွာလေးရွာရှိရာ စုစုပေါင်း ဆန္ဒပြုမဲရုံ ၉၈ ရုံ ရှိကြောင်း သိရသည်။

**(ကျင်မောင်)**

**မဘိမ်း**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ရှမ်းပြည်နယ် (မြောက်ပိုင်း) မဘိမ်းမြို့ပေါ်ရပ်ကွက် မဲရုံများဖြစ်သည့် မြို့မရပ်ကွက် မဲရုံအမှတ်(၁)၊ တိုက်ကုန်းရပ်ကွက် မဲရုံ(၂)၊ ကုန်းခါးရပ်ကွက် မဲရုံအမှတ်(၃) နှင့် နမ့်ပုံးပုံးရပ်ကွက် မဲရုံအမှတ်(၄)တို့တွင် နိုဝင်ဘာ ၈ ရက် နံနက် ၆ နာရီကစတင်ကာ မဲရုံများဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိရာ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဖြင့် ဆန္ဒမဲပေးနေသည်ကို တွေ့ရသည်။

အဆိုပါရပ်ကွက်မဲရုံများရှိ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံဝန်ထမ်းများနှင့် မဲရုံလုံခြုံရေးအဖွဲ့ဝင်များကလည်း မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံရေးပါတီကိုယ်စားလှယ်များနှင့် ပြည်သူများ ရှေ့မှောက်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရရှိသည့်ဆန္ဒမဲများကို ရေတွက်ခြင်း၊ အသိပေးကြေညာခြင်းများဆောင်ရွက်ခဲ့သဖြင့် ပြည်သူများ ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**ထိန်လင်းဦး(ပြန်/ဆက်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ ''မန္တလေးမျဉ်းဖြောင့်များ'' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင်* 'The Straight Lines of Mandalay' *အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် '' ၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချိုညချမ်း'' အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော '' ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း'' ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*



# မိကျောင်းတံတားဇာတ်ဝင်ခန်း

ဆူးငှက်

"ညီလေး. . . မပြေးနဲ့မပြေးနဲ့. . . အစ်ကိုပြောတာ နားထောင်ပါညီလေး၊ အေးအေးဆေးဆေး အဖမ်းခံလိုက်ပါ"

"ခင်ဗျားကြီး လိုက်မလာနဲ့နော်. . . ကျုပ်ဘယ်နည်းနဲ့မှ ခင်ဗျားလက် အရောက်မခံဘူး။ ဟောဒီမှာမြင်လား. . . ခင်ဗျားလိုက်လာရင်ခင်ဗျားအတွက် ကျည်ဆန်"

"ညီလေးမှားမယ်နော်. . . မှားမယ်. . . ညီလေးဘယ်နည်းနဲ့မှမလွတ်နိုင်ဘူး။ အစ်ကိုတို့အားလုံးဝိုင်းထားပြီးပြီ. . . . မင်းလက်ထဲက သေနတ်ကိုချလိုက်ပါတော့ ညီလေးရယ်. . . . . မင်းစိတ်လျှော့ အစ်ကိုတို့ဆီပြန်လာခဲ့ပါတော့. . . ."

"တော်စမ်းပါဗျာ. . . . ခင်ဗျားဟာကျုပ်အစ်ကိုလည်းမဟုတ်ဘူး၊ ကျုပ်က တစ်ကောင်ကြွက်ဗျ၊ တစ်ကောင်ကြွက်၊ ကျုပ်ဘဝမှာ အစ်ကိုဆိုတဲ့ဝေါဟာရကို ငယ်ငယ်ကတည်းက စွန့်ပစ်ထားတာကြာပြီဗျ. . .။ ကျုပ်လျှောက်ခဲ့တဲ့လမ်းဟာမှန်တယ်။ အရင်ကလည်းမှန်တယ်၊ အခုလည်းမှန်တယ်၊ နောင်လည်းမှန်မှာသေချာတယ်။ ဒီလိုပဲကျုပ်ယုံတယ်. . . ကျုပ်သေနတ်ထဲက ကျည်ဆန်တွေဟာ အသုံးချစရာ နှစ်လမ်းပဲရှိတယ်။ နံပါတ်တစ်က ခင်ဗျားကြီးကျုပ်နားကပ်လာရင် ခင်ဗျားအတွက်. . . .။ နံပါတ်နှစ်က ခင်ဗျားလက်ထဲ ကျုပ်ရောက်သွားပြီး မှားပါတယ်ခင်ဗျာလို့ ဘယ်တော့မှမပြောနိုင်အောင် ကျုပ်ပါးစပ်ကို ကျုပ်နှုတ်ပိတ်ဖို့ ကျုပ်အတွက်. . . . ကျုပ်အတွက်ဗျ. . . ."

"ညီလေး. . . ကိုကြီးပြောတာ အေးအေးဆေးဆေးနားထောင်ပြီးမှစဉ်းစဉ်းစားစားလုပ်ပါညီလေးရယ်၊ ကိုကြီးတာဝန်အရ ဆောင်ရွက်ရတော့မှာ ညီလေး. . . ညီလေးပြင်ဖို့ အချိန်ရသေးတယ်။ မင်းလုပ်ရပ်တွေစွန့်လွှတ်ပြီး ကိုကြီးဆီလာခဲ့ပါညီလေး. . ."

"ဟာ. . . . ပြောလေ ကဲလေပါလားဗျ . . . . ခင်ဗျားရှေ့မတိုးနော်. . . ရှေ့မတိုးနဲ့ပစ်လိုက်တော့မှာနော်. . .၊ ပစ်လိုက်တော့မှာနော်"

"ဟေး. . . သူရ. . . ရ. . . ရ. . . ရ မင်းကိုအားလုံးဝိုင်းမိထားပြီ. . . ပြီ. . . . ပြီ. . မင်းလက်လှုပ်လိုက်တာနဲ့ မင်းကိုချိန်ထားတဲ့ တို့သေနတ်မောင်းတွေ . . . တွေ. . . တွေ . . . ဖြုတ်လိုက်မယ်. . . မယ်. . . မယ်"

"မင်းတို့လက်အရောက်မခံဘူးကွ . . . ဟောဒီမှာကြည့် . . . နောင်တစကားကို ဘယ်တုန်းကမှ မပြောတဲ့ ငါ့ပါးစပ်ကို ငါ့သေနတ်နဲ့ ငါဂုဏ်ပြုမှာ. . . . ဟော ဒီမှာကြည့်. . . "

"ဒိုင်း"

"ညီလေး လေး . . . လေး"

ပွဲကြည့်နေသော ကလေးပရိသတ်က ဝေါခနဲ ပွဲကျသွားသည်။ တကယ်တော့ ကျွန်တော်တို့သည် ဇာတ်ခုံ သေးသေးလေး ဆောက်ကာ အရုပ်ကလေးများနှင့် ဇာတ်ကတမ်း ကစားနေကြခြင်းဖြစ်၏။ ကျွန်တော်တို့ ဇာတ်ကို ကြည့်မည့် ကလေးတွေက သားရေကွင်း ငါးကွင်းပေးရသည်။

ကျွန်တော်သည် အိမ်တော်ရာ အနောက်ဘက် မိကျောင်းတံတားလမ်းပေါ်ရောက်တိုင်း မွေးဖွားသည်မှစ၍ အိမ်ထောင်ကျသည်အထိ နှစ်အစိတ်နီးပါး နေထိုင်ခဲ့ရသော ရပ်ကွက်ကလေးဆီ ငေးမျှော်ကြည့်ရင်း ငယ်ဘဝများကို လွမ်းဆွတ်နေမိ၏။ သည်ရပ်ကွက်ကလေးမှာ ငယ်စဉ်က ဇာတ်ကတမ်းကစားခဲ့သည်များကို အရိပ်ပြပွဲပမာ တဖျပ်ဖျပ်မြင်ယောင်လာသည်။ ကျွန်တော်နေထိုင်သော ဆီစက်ဝင်းကြီး၏အနောက်ဘက် မလွယ်ပေါက်ကလေးမှ ထွက်လိုက်လျှင် ကျွန်တော့်သူငယ်ချင်း သောင်းထွန်းတို့၊ ကြည်လွင်တို့ အိမ်သို့ရောက်သည်။ သူတို့အိမ်ဘေးက ကွက်လပ်လေးမှာ ဝါးခြမ်းအသစ်လေးများဖြင့် ဇာတ်ခုံလေးဆောက်ကြသည်။ ကျွန်တော်တို့ဇာတ်ခုံလေးက ဖြစ်ကတတ်ဆန်းမဟုတ်။ တကယ့်ဇာတ်ခုံကြီးများမှာပါဝင်သည့် အင်္ဂါရပ်များအားလုံးပါသည်။ ယုတ်စွအဆုံး နောက်ခံဇာတ်ကားကို ပရိဂျက်တာဖြင့်ထိုးသည့် အပေါက်လေးကအစပါသည်။ ကန့်လန့်ကာ ပုဏ္ဏားကွယ်များလည်း အပြည့်အစုံ။ ချပ်ပြားလေးပေါ်မှာတောကား၊ တိုက်ကား၊ နန်းကားစသည် များဆွဲကာ အပေါက်များဖောက်၊ မှန်ရောင်စက္ကူအကြည်ဖြင့်ကပ်၊ ထိုချပ်ပြားလေးကို လက်နှိပ်ဓာတ်မီးရှေ့တပ်ပြီး နောက်ခံပိတ်ကားပေါ်ထိုး၏။

ရှေ့ပြည်ဖုံးကားသည် သောင်းထွန်းအမေ၏လုံချည်စမှ ပိုသောကတ္တီပါအပြာရင့်နှင့်မို့ သားနားလှသည်။ ထိုကားလိပ်ကို ရင်ခွဲဆင်ထားတဲ့ နောက်တစ်ကားက ကျွန်တော့်အဖေခေါင်းပေါင်းစကိုဖြတ်၍ ဆင်ထားသည်။ သူကအနီရဲရဲ. . .။ လိုအပ်သော တဲ၊ နန်းတော်၊ ရာဇပလ္လင်၊ ရေလှိုင်းစသည့် ဆက်တင်များလည်း အစုံပါသည်။ ကြည်လွင်က ပန်းချီရေးတတ်သည်။ ကျွန်တော်ကလည်း မတောက်တခေါက်ပုံဆွဲတတ်သည်။ နှစ်ယောက်ပေါင်း လက်စွမ်းပြလိုက်တော့ ကျွန်တော်တို့ဇာတ်ခုံလေး၏ အခမ်းအနားအပြင်အဆင်က မြို့တော်အင်အားသစ်နှင့် နင်လားငါလား. . . . .။

မြို့တော်အင်အားသစ်လို ကျွန်တော်တို့ဇာတ်ခုံလေးမှာလည်း တံတားချိုးပြသည်။ တံတားခုံးပုံချပ်ဖြင့်လို့ထားသောဆက်တင် အောက်ခြေမှာ သောင်းထွန်းအမေ မီးဖိုချောင်က ပြာပူတွေကို နို့ဆီခွက်ဖြင့်ထည့်ထား၏။ ထိုနို့ဆီခွက်ဖြင့်အပေါ်တည့်တည့် ပုဏ္ဏားကွယ်တွင် သကြန်ရေကစားသည့် ရေပြွတ်လေးဝှက်ထားပြီး တံတားချိုးချင်တော့ ရေပြွတ်ထဲကရေတွေပြာပူပေါ် ညှစ်ချလိုက်တော့ မီးခိုးလုံးတွေ အလိပ်လိုက်ထလာသည်။ ချပ်ဆက်တင် တံတားကို မီးခိုးလုံးတွေကြားမှာ ချိုးလိုက်ရုံပဲပေါ့။

သောင်းထွန်းအိမ်ကတတ်နိုင်သောကြောင့် ဓာတ်မီးခုံအတွက် မီးများကိုနှစ်ခဲထိုးမီးသီးတွေနှင့် ဝိုင်ယာတွေနှင့် ဓာတ်ခဲတွေနှင့် သောင်းထွန်းက ဆင်သည်။ ကျွန်တော်က ဇာတ်လမ်းကို အရုပ်လေးတွေ၏ လှုပ်ရှားမှုနှင့်အညီပြောရသည်။ အခန်းပြောင်း ရှာတာအဖွင့်အပိတ်တီးလုံးတွေ၊ နောက်ခံသီချင်းတွေ သံစဉ်တွေကိုမူ ကြည်လွင်အစ်ကို ကိုစိန်လွင်က ပါးစပ်ဖြင့်တီးခတ်သီဆိုပေးသည်။

ကျွန်တော့်လက်ဖြစ် (နှုတ်ဖြစ်)ဇာတ်လမ်းကတော့ ငယ်ငယ်ကတည်းက ညီအစ်ကိုနှစ်ယောက်ကွဲသွား၊ တစ်ယောက်ကို ဘကြီးဘုန်းကြီးကမွေးစား ပညာသင်ပေး၊ ဘွဲ့ရ၊ ပြီးတော့ စစ်ထဲဝင်. . .။

တစ်ယောက်ကအခြားရွာက ထန်းသမားတစ်ယောက်မွေးစား၊ ကြီးလာတော့ ထန်းရည်မူး. . .။ ပေတေကာ လူဆိုးလူမိုက်ဖြစ်၊ နောက်ဆုံးဇာတ်သိမ်းတော့ ညီလူဆိုးကိုအစ်ကိုဖမ်း. . .။ အစ်ကိုကညီမှန်းသိ၍ ဥပဒေဘောင်အတွင်းဝင်ရန်ပြော. . .။ ညီက အစ်ကိုမှန်းမသိဘဲ သူ့လမ်းသူဆက်လျှောက်ကာ ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်သည့်ဇာတ်လမ်း. . .။ ကျွန်တော်တို့ငယ်စဉ်က လူငယ်ကြည်ခိုင်တို့၊ အပယ်ခံကျည်းတန်တို့၏ ပြဇာတ်တွေကို အများဆုံးကြည့်ဖြစ်တော့ သူတို့သုံးသောဇာတ်ဝင် စကားတွေကို အတုခိုး၏။

ကျွန်တော်သည် မိကျောင်းတံတားလမ်းပေါ်မှသည် ရပ်ကွက်လေးဆီ ငေးမျှော်ရင်းငယ်ဘဝကို မြင်ယောင်နေမိသည်။ ဟောသည်ရေသူမရုပ်နှင့် မိကျောင်းကြီးနှစ်ကောင်ကလည်း အရင်အတိုင်း၊ အိမ်တော်ရာဘုရားတံတိုင်း ဆောင်ပြာသာဒ်ကြီးနှင့် လမ်းကြားကလေးကလည်း အရင်ကအတိုင်း။

ရပ်ကွက်လေးထဲမှာတော့ အရင်ကလူတွေအများကြီး ကျန်နေပါသေးသည်။ သူတို့ သူတို့ကတော့ ဈေးချိုကိုင်းတန်းဈေး၊ ထီးတိုင်ဈေးနှင့် နီးသောကြောင့် အရောင်းအဝယ် လုပ်ငန်းတွေလုပ်ကိုင်ကာ စီးပွားရေးတွေ ပြောင်းလဲသူ ပြောင်းလဲသွား၏။ ၁၅ ပေ၊ ပေ ၂၀ မြေကွက်လေးမှာ နံကပ်နှစ်ထပ်တိုက်လေး တည်သူကတည်ထားသည်။ အရင်ပျဉ်ထောင်အိမ်ကြီးနေရာမှာ အာစီသုံးထပ်တိုက်ကြီး ဆောက်သူကဆောက်ထားသည်။ သို့သော်အရင်က ၁၀ ပေပတ်လည်ခန်းလေးတွေဖွဲ့ထားသည့် တန်းလျားအိုကြီးကားမရှိတော့ . . .။ ၁၀ ပေပတ်လည်အိမ်လေးတွေ စိပ်နေသည့်နေရာမှာ ဝင်းကျယ်တချို့နေရာဝင်ယူထား၏။

တကယ်တော့ မိကျောင်းတံတားသည် အိမ်တော်ရာဘုရားအနောက်တောင်ထောင့် တံတိုင်းပြာသာဒ်နေရာမှစသည်။ ပေ ၃၀ ခန့်ရှည်သော မိကျောင်းရုပ်ကြီးသည် ရေသူမရုပ်ခေါင်းပေါ်၌ မေးတင်ထား၏။ လမ်း၏တစ်ဖက် တစ်ချက်တွင် မိကျောင်းရုပ်နှင့်ရေသူမတစ်ရုပ်စီရှိသည်။ နဂိုမူလကတော့ မည်သို့ပုံသဏ္ဌာန်ရှိသည်မသိ။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က ထီးလင်းတိုက်ဆရာတော်များ ပြုပြင်ထားသောအရုပ်ကြီးများကို ယခုမြင်နေကြရခြင်းဖြစ်သည်။ မိကျောင်းတံတားကား အိမ်တော်ရာဘုရားသို့ ပုဂံမင်းကြွချီလာရန် မြေနိမ့်ပိုင်းရွှံ့နွံထူရာနေရာအတွက် မင်းသား မောင်ကျောက်လုံးတည်ထားခဲ့သည့် အုတ်တံတားဟု ပြောစမှတ်ပြုကြသည်။ တကယ်တော့ အိမ်တော်ရာဘုရား မတည်မီ ပုဂံမင်းမင်းသားဘဝ စံနေတော်မူစဉ်ပင် ထိုအုတ်တံတားကြီးရှိနေပြီလား။ မပြောတတ်. . . .။

မိကျောင်းခေါင်း အရှေ့ဘက်ရပ်ကွက်လေးကို ရပ်ကွက်သူ ရပ်ကွက်သားများက သဘော်တန်းရပ်ဟုခေါ်ကြသည်။ ၂၆ ဘီလမ်းမြောက်ဘက်တွင်လည်း သဘော်တန်းရပ်ကွက်တစ်ကွက်ရှိသောကြောင့် ယခုရပ်ကွက်လေးကို ဒေါင်းရိုးသဘော်တန်းဟု အမည်တွဲဖက်ခေါ်ကြပါသည်။ လူကြီးသူမများကတော့ "အရင်ကဒီနေရာမှာ သဘော်တွေဆိုက်တဲ့ နေရာပေါ့"ဟု ပြောကြလေသောအခါ ကျွန်တော်တို့ကလေးများ တအံ့တသြဖြစ်ကြရတာမှတ်မိပါသေးသည်။ သဘော်တွေတကယ်ဆိုက်ကပ်ခဲ့လေသည်လားတော့ မသိ. . .။ ကျွန်တော်တို့မှတ်မိသည့်အရွယ်၌ပင် ရပ်ကွက်ကလေးမှာ ကျင်းချိုင့်ထဲတည်ထားမှန်းသိသာလှ၏။ မိကျောင်းတံတားသည် ယခုမြင်ကွင်းလို ရပ်ကွက်နှင့်တစ်ပြေးညီမဟုတ်သေး . . .။ ရပ်ကွက်လေးသည် မိကျောင်းတံတားအောက် များစွာနိမ့်နေပါသည်။ ထိုအခါ မိုးရွာလျှင် မိုးရေများသည် ရပ်ကွက်လေးထဲမှာ တစ်ဖြိုက်နှစ်ဖြိုက်ရွာရုံနှင့် အိုင်ထွန်းတော့၏။ သဲကြီးမဲကြီးရွာလျှင် ခုတင်ခါးပန်းရေမြုပ်လုဖြစ်ကာ တစ်ရပ်လုံး မိုးရေတဖွေးဖွေးဖြစ်သွားပါ၏။

ကိုယ့်ရပ်ကွက်လေးကို ဒေါင်းရိုးသဘော်တန်းဟု ခေါ်တွင်ကြသော်လည်း ဘေးရပ်ကွက်သားများကမူ "ဆီသည်ချောင်"ဟု ချိုးချိုးဖွဲ့ဖွဲ့ခေါ်ကြပါသည်။ ရပ်ကွက်ကလေးအရှေ့ဘက်က ဝင်းကြီးထဲတွင် သုခရတနာဆီစက်ကြီးရှိပါသည်။ ထိုဆီစက်ကြီးကို အမှီသဟဲပြုပြီး ခေါင်းရွက်ဗျပ်ထိုးဆီရောင်းကြသူက အလွန်ဆုံးရှိမှ ဆယ်ဦးပေါ့. . .။ သို့သော် ထိုဆီသည်များကိုအစွဲပြုပြီး ရပ်ကွက်လေးကို ဆီသည်ချောင်ဟု ခေါ်ခြင်းဖြစ်ပါသည်။ ထိုခေတ်က ဆီသည်များက ယောကျ်ားဆီသည်သည် ဆီဝနေသော ထမ်းပိုးကော့ကြီးတွင် တစ်ဖက်တစ်ချက် နှီးပုံးကြီးများ ချိတ်ဆွဲပြီး ခမောက်ကြီးဆောင်းကာ ရပ်ကွက်တကာလှည့်၍ ဆီရောင်းချ၏။ ဆီခြင်သောမှုတ်က ရိုးတံရှည်တပ် အုန်းမှုတ်၊ ထန်းမှုတ်များဖြစ်၏။ ငါးကျပ်သားမှုတ်၊ တစ်ဆယ်သားမှုတ်၊ နှစ်ဆယ်သားမှုတ်၊ ငါးဆယ်သားမှုတ်များဖြစ်ပါသည်။ မိန်းမဆီသည်များကတော့ ယွန်းနီချပ်တွင် အချိန်တစ်ဆယ်ဝင် သံဖြူပုံးကိုဖြတ်ကာအပေါ်မှ သံဖြူဆရာကအဖုံးပြန်ဖုံးပြီး အဝကျယ် အပေါက်ဖောက်ပေးထားသည်။ ယင်းဆယ်ဝင်ပုံးဘေးမှ လခြမ်းပုံပုံးလေးကိုလည်း သံဖြူဆရာက ယွန်းဗျပ်နှင့်ဟန်ချက်ညီဆံ့အောင် ချိုးပေးထားသည်။ ဆယ်ဝင်ပုံးအဝကျယ်တွင် ကုန်းလိပ်ခွံကို ဒေါင်လိုက်စိုက်ထားပြီး ယင်းလိပ်ခွံထဲမှာ သံဖြူကတော့ကို ထည့်ထားသည်။ ဆီခြင်မှုတ်များက ဆယ်ဝင်ပုံးထဲမှာနှစ်ထားပြီး မှုတ်ရိုးများက လိပ်ခွံထဲမှ အစီအရီထောင်လျက်အနေအထားရှိပါသည်။

***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# ယာဉ်တိုက်မှုကြောင့် မဲရုံလုံခြုံရေးအထူးရဲတစ်ဦး ဒဏ်ရာရ

**ဗန်းမောက် နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်၌ ရွေးကောက်ပွဲကျင်းပသည့် နိုဝင်ဘာ ၈ ရက် ညနေ ၆ နာရီခန့်တွင် မဲရုံတာဝန်ထမ်းဆောင်နေသည့် အထူးရဲတစ်ဦး ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၈ ရက် ညနေ ၆ နာရီ ၁၅ မိနစ်ခန့်တွင် ဗန်းမောက်မြို့နယ် စက်တောကျေးရွာ မဲရုံအမှတ်(၁)၌ တာဝန်ထမ်းဆောင်နေသော အထူးရဲကျော်လွင်ဖြိုးသည် ဗန်းမောက်မြို့နယ် ရွေးကောက်ပွဲကော်မရှင်ရုံးမှ တာလီခြစ်ရန်စာရွက်ယူပြီး မဲရုံသို့ အပြန်တွင် ၎င်းစီးလာသော ဆိုင်ကယ်ဖြင့် မျက်နှာချင်းဆိုင်မှ ဖိုးသေး(ခ)တင့်ဝေ မောင်းနှင်လာသောဖူဆိုလူစီးမှန်လုံယာဉ်ဖြင့် ရှောင်တိမ်းရင်းတိုက်မိခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် အထူးရဲကျော်လွင်ဖြိုးတွင် ဝဲဘက်လက်ဖျံရိုးကျိုးဒဏ်ရာ၊ ယာဘက်ပေါင်အရင်းကွဲ ဒဏ်ရာ၊ ဝဲဘက်ရင်အုံအထက်တွင် ပေါက်ပြဲဒဏ်ရာများရရှိသွားခဲ့ပြီး ဗန်းမောက်ပြည်သူ့ဆေးရုံသို့ ဆေးစာဖြင့်ပို့အပ်ခဲ့ကြောင်း၊ လူနာအခြေအနေမှာ စိုးရိမ်ရသဖြင့် မန္တလေးဆေးရုံကြီးသို့ ဆက်လက်လွှဲပြောင်း ဆေးကုသမှုခံယူနေရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ကိုပေါ့ဆစွာမောင်းနှင်သူ ဖိုးသေး(ခ)တင့်ဝေအား ဥပဒေအရ အရေးယူပေးရန် ဗန်းမောက်မြို့နယ်ရဲစခန်းမှူး ဒုရဲမှူးခင်မောင်ဝင်းက တရားလိုပြုလုပ်တိုင်ကြားခဲ့ပြီး အမှုစစ် ဒုရဲအုပ်အေး သန်းစိန်က အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်းနှင့် သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်း၊ ဒဏ်ရာရရှိသူအား ဆေးစာပေးပို့ခြင်းများ ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

**လှအောင်(ကသာ)**

# လင်းအားကောင်းသော ဆိုဒီယမ်လမ်းမီးများတပ်ဆင်




**ရန်ကုန် နိုဝင်ဘာ ၁၀**

ညအမှောင်တွင် ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သော ရွှေပြည်သာမြို့နယ်လမ်း အရှည်ပေ ၃၃၀၀၀ ရှိ အမှတ်(၄) လမ်းမကြီးနံဘေးတစ်လျှောက် မီးတိုင်များတွင် အလင်းအားကောင်းသော ဝပ် ၂၅၀ ဆိုဒီယမ်လမ်းမီး ၂၇၄ လုံးကို မြို့နယ်လျှပ်စစ်ရုံးက နိုဝင်ဘာလပထမပတ်က တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

# အရှိန်မထိန်းနိုင်သောယာဉ် ဝင်ရောက်တိုက်မိ၍ ဆိုင်ကယ်စီးနင်းနေသူနှစ်ဦးသေဆုံး

**နေပြည်တော် နိုဝင်ဘာ ၁၀**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၊ ဥက္ကံရွာမစာသင်ကျောင်းအနီး ရန်ကုန်-ပြည်ကားလမ်းမပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ ဥက္ကံနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ရန်ကုန်ဘက်မှ ပြည်ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဘဝမြင့်ရပ်ကွက်နေ သော်ဇင်(၂၉နှစ်)မောင်းနှင်လာသော 4K/---- TOYOTA Vitz အဖြူရောင်ယာဉ်မှာ ယင်းလမ်းအတိုင်း ရှေ့မှ တိုက်ကြီးမြို့နယ် ထန်းပင်ကုန်းကျေးရွာနေ ဦးကျော်နီ (၅၈နှစ်)မောင်းနှင်ပြီး တစ်ရွာတည်းနေ ဦးတင်ရွှေ(၈၀နှစ်) လိုက်ပါလာသည့် ၃၈ယ/---- Turbo Star Wave-125 အနီရောင်ဆိုင်ကယ်ကို အရှိန်မထိန်းနိုင်ဘဲ နောက်မှ ဝင်တိုက်မိ၍ ဦးကျော်နီနှင့် ဦးတင်ရွှေတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ဥက္ကံတိုက်နယ်ဆေးရုံသို့ကူညီပို့ဆောင်စဉ် နှစ်ဦးစလုံး သေဆုံးသွားခဲ့သောကြောင့် ယာဉ်မောင်းသော်ဇင်ကို ဥက္ကံနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မီးမရရှိသေးသည့်ကျေးရွာများကို ဆိုလာမီးများပေးအပ်

**ပြင်ဦးလွင် နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် မီးလင်းရေး(ဆိုလာ)လုပ်ငန်းများဆောင်ရွက်ရာတွင် ဘော်ကျေးရွာ၊ ပင်စုပ်ရွာ၊ ကျားကွင်းရေကျေးရွာ၊ ဟိုလိပ်ကျေးရွာ၊ ကျိုင်းတောင်းကျေးရွာ၊ နားကူးကျေးရွာ၊ ဘန်းသာကျေးရွာတို့အတွက် စုစုပေါင်း ဆိုလာ ၈၀၈ စုံကို ပြင်ဦးလွင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာများသို့ သွားရောက်၍ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# မန့်ဟီးရိုးမြို့နယ်၌ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ခဲ့



**မန့်ဟီးရိုး နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မန့်ဟီးရိုးမြို့နယ်၌ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။

မန့်ဟီးရိုးမြို့နယ်အတွင်း ရပ်ကွက်ကျေးရွာအုပ်စုများက မဲပေးနိုင်သည့်မဲဆန္ဒရှင် စုစုပေါင်း ၅၉၃၃ ဦးရှိပြီး အဆိုပါပြည်သူများက မိမိစိတ်ကြိုက် ရွေးချယ်ထားသည့် ပါတီကိုယ်စားလှယ်လောင်းများကို မဲပေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# လွတ်လပ်စွာမဲပေးခဲ့ကြ

**နောင်တရား နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ် **(တောင်ပိုင်း)** ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့တွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်က ကျင်းပသည့် အထွေထွေရွေးကောက်ပွဲမဲဆန္ဒနယ် အမှတ်(၂)မဲရုံ အမှတ်(၂)၌ နံနက် ၆ နာရီမှစ၍ မဲရုံဖွင့်လှစ်ခဲ့သည်။

အဆိုပါ ရွေးကောက်ပွဲတွင် ပြည်သူများက လွတ်လွတ်လပ်လပ်နှင့်ငြိမ်းချမ်းစွာ ဆန္ဒမဲပေးရသည့်အတွက် ကျေနပ်နေကြပြီးဆန္ဒမဲ လက်မှတ်၏ ရလဒ်များကို ရင်ခုန်စွာစောင့်ဆိုင်းနေကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အောင်လံမြို့ စက်ရုံရပ်ကွက် လယ်ပြင်မဲရုံ အမှတ်(၃)တွင် နိုဝင်ဘာ ၈ ရက်က ပြည်သူများ အေးချမ်းစွာ ဆန္ဒမဲပေးနေစဉ်။

(၁၁၉)

# ပွင့်ဖြူမြို့နယ်၌ ရတနာတိုး မိုးစပါးစံပြကွက်ရိတ်သိမ်း

**ပွင့်ဖြူ နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် နိုဝင်ဘာ ပထမပတ်က လယ်တိုင်ကျေးရွာအုပ်စုကွင်းအမှတ် (၈၅၂) တောင်သူ ဦးအောင်ဆန်းဝင်း၏ ရတနာတိုး မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲ ကျင်းပခဲ့ကြောင်း သိရသည်။



ပွင့်ဖြူမြို့နယ်တွင် ရေသောက်နည်းလမ်းငါးသွယ်ဖြင့် ၇၈၇၃၆ ဧကစိုက်ပျိုးနိုင်ခဲ့ရာ ယခုအချိန်တွင် မိုးစပါးများ ရင့်မှည့်စပြုလာပြီဖြစ်၍ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှိုင်မြင့် ဦးဆောင်၍ ဒုဦးစီးမှူး ဦးခင်မောင်ကြည်၊ ဒေါ်မိုးမိုးဝေ၊ ရှေ့တန်း စခန်းတာဝန်ခံများနှင့် ဝန်ထမ်းများက လယ်တိုင်ကျေးရွာအုပ်စုကွင်းအမှတ် (၈၅၂) တောင်သူ ဦးအောင်ဆန်းဝင်း ၂ ဒသမ ၅ ဧကနှင့် ဦးမောင်မောင်ကြီး ၇ ဒသမ ၀၀ တို့၏ မိုးစပါး(ရတနာတိုး)များ စံကွက်ရိတ်သိမ်းခဲ့ရာ ပျမ်းမျှ ၁၁၃ ဒသမ ၂၈ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

**မမိုးသဲ**

# သံဖြူဇရပ်-ရေးကားလမ်းပေါ် ယာဉ်တိမ်းမှောက်မှုဖြစ်

**သံဖြူဇရပ် နိုဝင်ဘာ ၁၀**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ်၌ နိုဝင်ဘာ ၈ ရက် နံနက် ၈ နာရီခွဲက ယာဉ်တိမ်းမှောက်မှုတစ်ခုဖြစ်ပွားရာ လူသုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဝဲဝင်ကရာကျေးရွာအုပ်စု ဖဲပဒေါကျေးရွာမှ ဝဲဘိုးတောင်ကျေးရွာမဲရုံသို့ မဲထည့်ရန်လာရောက်စဉ် ဦးထွန်းရှိန်(၅၈ နှစ်)ဝဲဘိုးတောင်ကျေးရွာနေသူ မောင်းနှင်လာသောယာဉ်အမှတ် 2G/-------ယာဉ်သည် သံဖြူဇရပ်နှင့် ရေးကားလမ်းရှိ မိုင်တိုင်အမှတ် (၄၈ /၁)နှင့် (၄၈/၂)အကြားတွင် တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ အမျိုးသားလေးဦး၊ အမျိုးသမီး ခုနစ်ဦးဒဏ်ရာရရှိပြီး အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးသေဆုံးခဲ့သည်။ ဒဏ်ရာရရှိသူများအား သံဖြူဇရပ်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် GIS

**မတိုး(ကျေးလက်ဦးစီး)**

GIS အကြောင်းကို ရေးမယ်ဆိုရင်တော့ GIS ဆိုတာဘာလဲ၊ GIS နဲ့ ဘာလုပ်နိုင်လဲ၊ GIS ရဲ့အစိတ်အပိုင်းတွေကို သိဖို့လိုအပ်ပါတယ်။ GIS(Geographic Information System) ဆိုတာ ပထဝီအချက်အလက်တွေကို ကောက်ယူစုဆောင်း၊ သိမ်းဆည်း၊ လေ့လာဆန်းစစ်၊ စီမံခြင်းနှင့် တင်ဆက်ပြသခြင်းတို့ကိုပြုလုပ်နိုင်တဲ့ ကွန်ပျူတာစနစ်တစ်ခုဖြစ်ပါတယ်။ အရှင်းဆုံးပြောရရင်တော့ GIS ဆိုတာ Data တွေ ထည့်လို့ရတဲ့ Computer Software, Analysis လုပ်နိုင်တယ်။ ရရှိလာတဲ့ရလဒ်ကို ကြည့်လို့ရတယ်။ ဇယားနဲ့လည်းကြည့်လို့ရတယ်၊ မြေပုံလိုလည်းကြည့်နိုင်တယ်။ GIS ကိုသုံးပြီး ဘာတွေဘယ်မှာရှိလဲ၊ အရေအတွက်ဘယ်လောက်ရှိလဲ၊ အဲဒီနေရာမှာ ဘာတွေရှိလဲ၊ အနီးအနားမှာ ဘာတွေရှိလဲနဲ့ ဘာတွေဘယ်လောက် ပြောင်းလဲသွားလဲဆိုတာတွေကို အလွယ်တကူ သိရှိနိုင်ပါတယ်။ ဥပမာ- အနာဂတ်စီမံကိန်းတွေ ရေးဆွဲရာမှာ ရေတွင်းတူး၍ ရနိုင်သောရွာ သို့မဟုတ် တူး၍ရရင် အနက်ပေ၊ ခန့်မှန်းရေထွက်နှုန်း၊ လမ်းဖောက်မည်ဆိုရင် အနီးဆုံး ချိတ်ဆက်ရမယ့် နေရာ၊ မြေမျက်နှာသွင်ပြင်အနေအထားတို့ကို အလွယ်တကူ သိနိုင်သဖြင့် နိုင်ငံတော်မှ ပံ့ပိုးရင်ရရှိမယ့် အကျိုးကျေးဇူးတွေကို ချက်ချင်းခန့်မှန်းနိုင်ပါတယ်။ ယခုအခါ GIS ကို နေရာဒေသတစ်ခုခုနဲ့ ပတ်သက်နေတဲ့ ဘယ်ကိစ္စမျိုးမဆို အသုံးပြုနိုင်ပါတယ်။ ကဏ္ဍနယ်ပယ် အတော်များများမှာလည်း အသုံးချနေကြပါပြီ။ Decision support အတွက် အထောက်အပံ့ဖြစ်စေတဲ့ Tool တစ်ခုအနေနဲ့ အဓိက အသုံးပြုနိုင်ပါတယ်။

GIS အသုံးပြုတဲ့အခါမှာ GPS / Remote Sensing စသည်တို့နဲ့ ဆက်စပ်နေပြီး တွဲသုံးလေ့ရှိပါတယ်။ GPS နည်းပညာကတော့ ကမ္ဘာပေါ်ရှိ တည်နေရာကို တိုင်းတာဖော်ပြဖို့အတွက် ဂြိုဟ်တုတွေကို လွှတ်တင်ပြီး မြေပြင်ကထိန်းချုပ်အသုံးပြုရတဲ့ နည်းပညာရပ်ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံ ကာကွယ်ရေးဌာနမှာ အသုံးပြုဖို့အတွက် Satellite base Radio Navigation System ကို ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ GPS မှာ ထိန်းချုပ်ရေးအပိုင်း (Control)၊ ကောင်းကင်ဂြိုဟ်တုအပိုင်း၊ GIS signal ကို ဖမ်းယူအသုံးချတဲ့အပိုင်းတွေပါဝင်ပါတယ်။ နောက်ပိုင်းမှာတော့ GPS Technology ကို နယ်ပယ်အသီးသီးမှာ အသုံးပြုလာကြတာကိုတွေ့ရပါတယ်။ GPS ကို Location, Navigation, Tracking, Mapping, Timing စတဲ့ data Acquistion အတွက်သုံးပါတယ်။ GPS မှာ ဘယ် Datum / Projection System ကို Setting လုပ်ပြီး တိုင်းတာရမလဲဆိုတာ သိရှိရမှာပါ။ ကိုယ်ဘယ်ရောက်နေလဲ၊ ရောက်နေတဲ့နေရာကို မြေပုံပေါ်တင်နိုင်ပါပြီ။

Remote Sensing နည်းပညာကတော့ ကမ္ဘာမြေကြီးကို အဝေးကနေ စူးစမ်းလေ့လာခြင်းဖြစ်ပါတယ်။ ကောင်းကင်ဓာတ်ပုံ (Arial Photo) ဂြိုဟ်တုဓာတ်ပုံ (Satellite Image) များကို Supervise Classification နဲ့ Unsupervise Classification အနေနဲ့ Analysis လုပ်ခြင်းကို ပြုလုပ်နိုင်ပါတယ်။ ဂြိုလ်တုဓာတ်ပုံဆိုတာ ကမ္ဘာအထက် ၂၀၀ ကီလိုမီတာမှာ ကမ္ဘာကိုလှည့်ပတ်နေတဲ့ဂြိုဟ်တု ၂၆ လုံးမှ ရိုက်ယူထားတဲ့ဓာတ်ပုံတွေဖြစ်ပါတယ်။ ဂြိုဟ်တုဓာတ်ပုံကို အနီတစ်ဖိုင်၊ အပြာတစ်ဖိုင်၊ အစိမ်းတစ်ဖိုင်နဲ့ save လုပ်ထားပါတယ်။ ENVI, GRASS အစရှိတဲ့ Software တွေနဲ့ အနီကို အနီရောင်၊ အပြာကို အပြာရောင်၊ အစိမ်းကို အစိမ်းရောင်အတိုင်း ပြန်ထပ်ယူခြင်းကို True Colour Composite လို့ခေါ်ပြီး အနီကို အပြာရောင်၊ အပြာကို အစိမ်းရောင်လို မှားယွင်းပေါင်းစပ်ခြင်းကို False Colour Composite လို့ခေါ်ပါတယ်။ ဂြိုဟ်တုဓာတ်ပုံမှာ အနီ၊ အပြာ၊ အစိမ်းအရောင်အပြင် အနီအောက်အနီး၊ အနီအောက် အဝေး၊ ခရမ်းလွန်၊ အပူစတဲ့ ဖိုင်များပါဝင်ပါသေးတယ်။ အဲဒီဖိုင်အနည်းအများကို spectral resolution လို့ ခေါ်ပါတယ်။ ဥပမာ- Google Earth နဲ့ Landset TM ဂြိုဟ်တုဓာတ်ပုံများဖြစ်ပါတယ်။ Remote Sensing နည်းပညာကိုတော့ Land Use, Land Cover, Soil Classification နဲ့ မြေလျှောင်တိုင်းတာရေးတွေမှာ အများဆုံးသုံးတဲ့အပြင် Remote Sensing နည်းပညာနဲ့ ကမ္ဘာမြေကြီးကို (real time)အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်အကဲဖြတ်နိုင်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် GIS ဆိုတာ လွန်ခဲ့တဲ့ ၂၀၀၁ ခုနှစ်တည်းက ရင်းနှီးပြီးသား ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ယခင် စည်ပင်သာယာရေးဦးစီးဌာနလက်ထက် ၂၀၀၁ ခုနှစ်ကတည်းက GIS စနစ်ကို စတင်တည်ထောင်နိုင်ခဲ့ပါတယ်။ Topographic Map တွေကို Scan လုပ်ပြီး မြေကြီးနဲ့မြေပုံ တစ်ထပ်တည်းကျစေဖို့ Georeference လုပ်ရပါတယ်။ မီးရထားလမ်း၊ ကားလမ်း၊ မြစ်ချောင်းများပါမကျန် Digitize ပြုလုပ်နိုင်ခဲ့ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် ၁၇ ခုမှာရှိတဲ့ ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရဲ့ ကျေးလက်လမ်းတံတား၊ ရေပေးရေးနဲ့ ကျန်းမာသန့်ရှင်းရေး အချက်အလက်တွေပါတဲ့ Database ကြီး လေးနှစ်ကြာ Phase I, II, III ခွဲပြီး အချက်အလက်မြေပုံစနစ်ကို တည်ထောင်နိုင်ခဲ့ပါတယ်။ တစ်လက်မ တစ်မိုင် စကေးမြေပုံတွေကို အခြေခံပြီး Raster ကနေ Vector စနစ်ကို ပြောင်းလဲနိုင်ခဲ့ပါတယ်။ Analog မြေပုံကနေ Digital မြေပုံဖြစ်စေခဲ့တယ်။ Satellite Image ကို အခြေခံပြီး မြို့ကြီးတွေရဲ့ မြေပုံတွေကိုထုတ်နိုင်ခဲ့ပါတယ်။ ကျေးရွာတွေရဲ့ တည်နေရာကို Geolocated အဖြစ် ပြောင်းလဲနိုင်ခဲ့ပါတယ်။ ၂၀၀၄ ခုနှစ်မှာတော့ Attribute ပေါင်းများစွာပါဝင်တဲ့ မြေပုံတွေကို ထုတ်နိုင်ခဲ့ပါတယ်။ ပါဝင်တဲ့အချက်အလက်တွေကတော့ ကျေးလက်ရေပေးရေးနဲ့ ကျန်းမာသန့်ရှင်းရေးအနေနဲ့ လူဦးရေ၊ အိမ်ခြေ၊ အိမ်ထောင်စု၊ ပိုင်ဆိုင်မှု၊ ရေတွင်း၊ ရေကန်၊ ကျောင်း၊ ဆေးပေးခန်း၊ အိမ်သာ၊ ရေစမ်းသပ်မှု၊ ကျေးလက်လမ်းအနေနဲ့ လက်ရှိလမ်းအမျိုးအစား၊ အရှည်၊ အကျယ်၊ မည်သည့်ခုနှစ်မှ စတင်ဖောက်လုပ်သည်၊ မည်သည့်မြို့၊ ရွာနှင့် ဆက်သွယ်ဖောက်လုပ်သည် အစရှိသည်ဖြင့် အသေးစိတ် ပါဝင်ပါတယ်။ ဒါ့အပြင် ခရိုင်ချင်းဆက်လမ်း (၁)၊ (၂) နှင့် (၃)တို့ရဲ့ လမ်းအူကြောင်းပြမြေပုံတွေကိုလည်း ထုတ်နိုင်ခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်မှာတော့ Georeference လုပ်ထားတဲ့ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ် (UTM) မြေပုံတွေကို ထုတ်လုပ်နိုင်ခဲ့ပြီး မြို့နယ်တွေအားလုံးသို့ ဖြန့်ဝေအသုံးပြုနိုင်ခဲ့ပါတယ်။

၂၀၀၈-၂၀၀၉ ခုနှစ်မှာတော့ UNICEF အကူအညီနဲ့ စစ်ကိုင်း၊ မကွေး၊ မန္တလေးတိုင်းမှာရှိတဲ့ မြို့နယ်ပေါင်း ၃၅ မြို့နယ်ရဲ့ ရေပေးရေးနဲ့ ကျန်းမာသန့်ရှင်းရေး အချက်အလက်တွေကို Update လုပ်နိုင်ခဲ့သလို Analysis လုပ်နိုင်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ Update မလုပ်နိုင်ခဲ့ပါဘူး။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ၂၀၁၄ ခုနှစ်မှာတော့ Update မလုပ်နိုင်ခဲ့တဲ့ GIS Database လည်း အသက်ဝင်နိုင်ခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ကမ္ဘာ့ဘဏ်အထောက်အပံ့နဲ့ ကျေးလက်မီးလင်းရေး Plan ကို ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရဲ့ ကျေးရွာ တည်နေရာ၊ အိမ်ခြေ၊ လူဦးရေ၊ ကျေးရွာရဲ့ လျှပ်စစ်မီးလိုအပ်ချက်၊ Main Voltage လိုင်းနဲ့ အကွာအဝေးစတဲ့အချက်အလက်တွေကို အခြေခံပြီး ရေးဆွဲနိုင်ခဲ့ပါတယ်။ အခုတော့ ကျေးလက်မီးလင်းရေးအတွက် ဘယ်နေရာကို Phase I၊ ဘယ်နေရာကို Phase II၊ ဘယ်နေရာကို Preelectrification အနေနဲ့ Solar, Mini Hydro စတဲ့ စနစ်တွေနဲ့ ဆောင်ရွက်ဖို့ကို GIS စနစ်နဲ့ ရေးဆွဲနိုင်ခဲ့ပါပြီ။ ဒါ့အပြင် ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW)နဲ့ ပူးပေါင်းဆောင်ရွက်တဲ့ ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ် (Rural Development Programme)အတွက် လမ်းအူကြောင်းရှာဖွေဖို့နဲ့ လမ်းကြောင်းပြမြေပုံတွေ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ Google Map, Google Earth ကို အသုံးပြုပြီး လမ်းတိုင်းတာတွက်ချက်ခြင်းတို့ကိုလည်း လွယ်ကူစွာ ပြုလုပ်နိုင်တဲ့အပြင် Water Supply and Sanitation Strategy and investment Plan အတွက် ကျေးလက်ဒေသ ရေသုံးစွဲမှုနဲ့ ရေအရင်းအမြစ် Database ကို GIS စနစ်နဲ့ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

GIS နည်းပညာက ကမ္ဘာပေါ်မှာ ကျယ်ပြန့်စွာ အသုံးပြုနေတဲ့ နည်းပညာဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့ GIS ကို အသုံးပြုသူနည်းတယ်လို့ဆိုရမှာပါ။ ၂၀၁၄ ခုနှစ် နေပြည်တော် MICC-2 မှာ ကျင်းပခဲ့တဲ့ Remote Sensing Conference ကို ကြည့်ခြင်းအားဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံတွေအားလုံးဟာ GIS ကို အများဆုံးအသုံးပြုကြပါတယ်။ နိုင်ငံပေါင်းများစွာက ကျောင်းသား ကျောင်းသူတွေဟာ သူတို့ရဲ့စာတမ်းတွေကို GIS နဲ့ တင်သွင်းကြတာကို တွေ့ရပါတယ်။ သူတို့ရဲ့စာတမ်းတွေကို အဲဒီ Conference မှာ တင်သွင်းဖတ်ကြားသွားတာကိုတွေ့ရပါတယ်။ GIS, 3D GIS, Digital Processing, Image Processing, Satellite, UAV, Web GIS နဲ့ Remote Sensing နည်းပညာတွေကိုလည်း စုံလင်စွာတင်ပြ ဆွေးနွေးခဲ့ကြပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ယခင်နှစ်များက GIS ကို သိသူအလွန်နည်းသေးပါတယ်။ ယခုအခါ ရန်ကုန်တက္ကသိုလ် ပထဝီဝင်ဌာနမှာ GIS Dipaloma သင်တန်းကို ဖွင့်လှစ်သင်ကြားနေပြီဖြစ်တဲ့အပြင် အခြားပုဂ္ဂလိကသင်တန်းတွေလည်းဖွင့်လှစ်နေကြပါပြီ၊ GIS နဲ့ပတ်သက်တဲ့ နည်းပညာနှီးနှောဖလှယ်ပွဲတွေကိုလည်း အတော်များများ လုပ်လာကြပါပြီ။ အချို့ဝန်ကြီးဌာနများမှာလည်း တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြပါပြီ။ မြန်မာနိုင်ငံမှာ GIS နဲ့ Remote sensing နည်းပညာကို အသုံးပြုပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်း သြဂုတ်လက ရေကြီးပြီး သဘာဝဘေးခံစားခဲ့ရတဲ့ မြို့နယ်တွေရဲ့ ရေကြီးခြင်း၊ မြေပြိုခြင်းတို့ကြောင့် အိမ်ပြိုပျက်ခြင်း၊ လမ်း၊ တံတားများ ပျက်ဆီးခြင်းမြေပုံများ၊ လက်ရှိရေကြီးမှုအခြေအနေပြတဲ့ မြေပုံတွေကိုလည်း GIS ပညာရှင်များက ထုတ်လုပ်နိုင်ခဲ့ပြီး လွယ်ကူစွာ ရယူအသုံးပြုနိုင်ဖို့ KML, Tiff, Jpg, GIS Data ဖိုင်တွေကို Website တွေနဲ့ ဖြန့်ဝေထားတာကိုတွေ့ရပါတယ်။ အဲဒီမြေပုံများကို အသုံးပြုပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကိုလည်း အချိန်နဲ့တစ်ပြေးညီ လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ အလျင်အမြန်တိုးတက်နေတဲ့ Digital ခေတ်မှာ GIS နည်းပညာကို အသုံးပြုပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လုပ်ဆောင်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

> **GIS နည်းပညာက ကမ္ဘာပေါ်မှာ ကျယ်ပြန့်စွာ အသုံးပြုနေတဲ့ နည်းပညာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့ GIS ကို အသုံးပြုသူ နည်းတယ်လို့ဆိုရမှာပါ။ ၂၀၁၄ ခုနှစ် နေပြည်တော် MICC-2 မှာ ကျင်းပခဲ့တဲ့ Remote Sensing Conference ကို ကြည့်ခြင်းအားဖြင့် ဖွံ့ဖြိုးပြီး နိုင်ငံတွေအားလုံးဟာ GIS ကို အများဆုံး အသုံးပြုကြပါတယ်**

## တောင်ကြီးမြို့၌ ပြည်သူများငြိမ်းချမ်းလွတ်လပ်စွာ ဆန္ဒမဲပေး

**တောင်ကြီး နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံးသည် နိုဝင်ဘာ ၈ ရက် နံနက် ၆ နာရီမှစ၍ သက်ဆိုင်ရာမဲရုံအသီးသီး၌ ငြိမ်းငြိမ်းချမ်းချမ်းနှင့် လွတ်လပ်စွာ ဆန္ဒမဲပေးခဲ့ကြောင်း သိရသည်။

တောင်ကြီးမြို့နယ်တွင် မဲဆန္ဒနယ် အမှတ်(၁)နှင့် အမှတ်(၂) နှစ်ခုရှိပြီး မဲဆန္ဒနယ်အမှတ်(၁)တွင် မဲရုံ ၁၁၈ ရုံ၊ မဲဆန္ဒရှင် ၁၄၅၉၉၈ ဦးနှင့် မဲဆန္ဒနယ်အမှတ်(၂)တွင် မဲရုံ ၉၁ ရုံ၊ မဲဆန္ဒရှင် ၁၃၂၈၄၈ ဦး စုစုပေါင်း မဲရုံ ၂၀၉ ရုံတွင် မဲဆန္ဒရှင် ၂၇၈၈၄၆ ဦးရှိကြောင်း သိရသည်။

မဲဆန္ဒရှင်ပြည်သူများ ငြိမ်းချမ်းလွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံအသီးသီးတွင် မဲရုံလုံခြုံရေးများချထားဆောင်ရွက်လက်ရှိကြောင်းနှင့် သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူများ အဆင်ပြေစွာမဲပေးနိုင်ရေး လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကူညီဆောင်ရွက်ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ယမုန်နာ အမှတ်(၁) ဆက်သွယ်ရေး တံတားတည်ဆောက်

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၀**

ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်မှုအဆင်ပြေချောမွေ့စေရေးအတွက် မော်လမြိုင်ကျွန်းမြို့ အမှတ် (၁၀)ရပ်ကွက်မှ အမှတ် (၁၃) ရပ်ကွက် ချမ်းမြေ့သာယာသို့ ကူးသန်းသွားလာရာတွင် အရေးပါသော ယမုန်နာ အမှတ်(၁) ဆက်သွယ် ရေးတံတားကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ နှင့် ဒေသခံအလှူရှင်များ၏ ပါဝင်လှူဒါန်းမှုများဖြင့် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ယင်းယမုန်နာ အမှတ်(၁) တံတားတည်ဆောက်မှုလုပ်ငန်းများ ပြီးစီးသွားပါက လူနေထူထပ်သော အမှတ်(၉)၊(၁၀)၊ (၁၃) ရပ်ကွက် မဲဇလီပုသိမ်စု၊ သပြေချောင်းနှင့် မှန်ကူကနစိုချောင်းကျေးရွာအုပ်စုများအထိ ဆက်သွယ်ရေး အဆင်ပြေလွယ်ကူသွားမည်ဖြစ်သည်။

ယခုအခါ ယမုန်နာ အမှတ်(၁) ဆက်သွယ်ရေးတံတား၏ တည်ဆောက်မှုလုပ်ငန်းများမှာ နိုဝင်ဘာ ၉ ရက်အထိ တံတားတည်ဆောက်မှု ၅၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **မော်ကျွန်း-မြင့်အောင်**

# အပြိုင်အဆိုင်ကြရဦးမယ့် ယူရို ၂၀၁၆ ခြေစစ်ပွဲ ရှုံးထွက်ပွဲစဉ်တွေ

မိုးမြင့်လင်းလက်

***ယူရို ၂၀၁၆ ခြေစစ်ပွဲ ရှုံးထွက်ပွဲစဉ်တွေကို အောက်တိုဘာ ၁၄ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ခြေစစ်ပွဲအောင်ဖို့ အဆုံးအဖြတ်ဖြစ်တာမို့ ဒီပွဲစဉ်တွေမှာ ပြိုင်ပွဲဝင်အသင်းတိုင်း ခြေကုန်ထုတ်တော့မှာဖြစ်ပါတယ်။ အနိုင်ရရှိရေးဦးတည်ချက်နဲ့ ပြတ်သားတဲ့ရလဒ်ကို ဖော်ဆောင်နိုင်ဖို့ အပြိုင်ကြိုးစားကြမှာဖြစ်တာကြောင့် ဒီပွဲစဉ်တွေဟာ ရင်ခုန်စရာကောင်းနေတာတော့ အမှန်ပါပဲ။***



**ယူကရိန်းနှင့် ဆလိုဗေးနီးယား**

ဆလိုဗေးနီးယားက အုပ်စု(E)မှာ ၁၀ပွဲကစား ၁၆မှတ်နဲ့ တတိယနေရာမှာ ရှိနေပြီး ယူကရိန်းတို့က အုပ်စု(C)မှာ ၁၀ပွဲကစားပြီး ၁၉မှတ်ရရှိထားပါတယ်။ ယူကရိန်းတို့က လူဇင်ဘတ်၊ ဘီလာရုစ်၊ မက်ဆီဒိုးနီးယားတို့ကို အနိုင်ကစားပြီး ကစားအားတက်နေတာတော့ အမှန်ပါပဲ။ ယူကရိန်းရဲ့ အားသာချက်က ခံစစ်ပိုင်းဖြစ်ပြီး တိုက်စစ်ပိုင်းမထက်မြက်ပေမယ့် အခွင့်အရေးရရင် ဂိုးသွင်းနိုင်တဲ့ တိုက်စစ်မှူးတွေကြောင့် ယူကရိန်းတို့ အားသာချက်တော့ရှိနေပါတယ်။ ဆလိုဗေးနီးယားရော ယူကရိန်းပါ တိုက်စစ်ဖွင့်ကစားကြမှာမို့ ဒီပွဲဟာ ပရိသတ်အကြိုက်ပွဲစဉ်ဖြစ်လာမှာ သေချာနေပါတယ်။ ယူကရိန်းတို့က နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ စပိန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့သလို ဆလိုဗေးနီးယားတို့ကတော့ ဆန်မာရီနိုကို နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရထားတာမို့ စိတ်ဓာတ် အင်အား မြင့်မားနေတာတော့ အမှန်ပါပဲ။ ဒီပွဲမှာ ယူကရိန်းကို ကြိုက် ပေမယ့် အနိုင်ရလဒ်ကို ဆလိုဗေးနီးယားတို့ ရယူသွားပါလိမ့်မယ်။

**ဆွီဒင်နှင့် ဒိန်းမတ်**

အုပ်စု (G)မှာ ဆွီဒင်တို့ ၁၀ပွဲကစားပြီးချိန်မှာ ၁၈မှတ်နဲ့ တတိယနေရာမှာ ရှိနေပါတယ်။ ဒိန်းမတ်တို့လည်း အုပ်စု(I) မှာ ရှစ်ပွဲကစား ၁၂မှတ်နဲ့ တတိယနေရာမှာရပ်တည်နေတာမို့ ခြေစစ်ပွဲအောင်ဖို့ အဆုံးအဖြတ်ပေးမယ့် ဒီပွဲကို နှစ်သင်းစလုံး အလေးထား ကစားတော့မှာပါ။ ဒိန်းမတ်တို့က ခံစစ်ပိုင်းအားသာချက်ရှိနေပြီး တိုက်စစ်ပိုင်းကတော့ အားရစရာမရှိပါဘူး။ ဒါပေမယ့် အသင်းလိုက် ကစားအားကောင်းတဲ့ ဒိန်းမတ်တို့က ဆွီဒင်ရဲ့တိုက်စစ်မှူးတွေကို ကောင်းကောင်းထိန်းချုပ်နိုင်ပါလိမ့်မယ်။ ဆွီဒင်တိုက်စစ်မှူးတွေဟာ ပြိုင်ဘက်ခံစစ်မှူးတွေကို ကျော်ဖြတ်နိုင်ပြီး ဂိုးရအောင်လည်း သွင်းယူနိုင်တာမို့ ဒိန်းမတ်တို့ အကြိတ်အနယ် ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဆွီဒင်တို့က ရှေ့၊ လယ်၊ နောက် အင်အားမျှပြီး ဒိန်းမတ်ရဲ့ခံစစ်ကြောင်းကို ရအောင်ထိုးဖောက်ဂိုးသွင်းဖို့ နေရာစုံက ထိုးဖောက်ပါလိမ့်မယ်။ ဆွီဒင်ရဲ့ အားသာချက်က ကွင်းလယ်အားကိုတည်ပြီး ကစားတတ်တာမို့ အခုပွဲဟာ ဒိန်းမတ်အတွက်လည်း လွယ်ကူမှာတော့ မဟုတ်ပါဘူး။ ဒိန်းမတ်ရော၊ ဆွီဒင်တို့ပါ ရှုံးထွက်ပွဲစဉ်ဖြစ်တာမို့ ပထမအကျော့မှာတင် ပြတ်သားတဲ့ အနိုင်ရလဒ်ကို ပုံဖော်ပါလိမ့်မယ်။ ဒါပေမယ့် ဆွီဒင်တို့ကတော့ အခုပွဲမှာ အမှတ်ပြည့်ရဖို့အတွက် ခြေကုန်ဖွင့်ကစားမှာဖြစ်ပြီး ခြေစစ်ပွဲအောင်ဖို့အတွက် ကြိုတင်ပြင်ဆင်ထားပြီဖြစ်ပါတယ်။ ဒီပွဲဟာ နှစ်သင်းစလုံး ခြေစွမ်းကြောင့် သရေပွဲရလဒ်လည်း ထွက်ပေါ်သွားနိုင်ပါတယ်။

**ဘော့စနီးယား-ဟာဇီဂိုးဗီးနားနှင့် အိုင်ယာလန်**

အုပ်စု (D)မှာ အိုင်ယာလန်တို့ ၁၀ပွဲကစား ၁၈မှတ်ရထားပြီး ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားတို့ကလည်း အုပ်စု (B)မှာ ၁၀ပွဲကစား ၁၇မှတ်ရထားလို့ အခုလို ရှုံးထွက်ပွဲစဉ် ကစားရတာဖြစ်ပါတယ်။ ဘော့စနီးယားနဲ့ ဟာဇီဂိုးဗီးနားတို့က ခံစစ်ပိုင်းဆိုးရွားပြီး အမှားအယွင်းတွေလည်းများပါတယ်။ တိုက်စစ်ပိုင်းမှာ အားကိုးရတဲ့ကစားသမားတွေရှိပေမယ့် ပြိုင်ဘက်ရဲ့ ခံစစ်မှူးတွေ ခြေစွမ်းပြနိုင်ရင် ဂိုးရဖို့ ခက်ခဲတတ်တာမို့ အခုပွဲ သိပ်တော့မလွယ်ပါဘူး။ အိုင်ယာလန်တို့ကတော့ ခံစစ်ပိုင်းတောင့်တင်းကျစ်လစ်ပြီး ပါးပါးနပ်နပ်လည်း ကစားနိုင်တဲ့သူတွေဖြစ်ပါတယ်။ ဒါပေမယ့် အိုင်ယာလန်တိုက်စစ်မှူးတွေက ဂိုးသွင်းစွမ်းရည်ကျဆင်းနေတာမို့ အခုပွဲမှာ တော်ရုံကြိုးစားလို့ မရနိုင်ပါဘူး။ ဒါပေမယ့် အခက်အခဲကြားကရုန်းကန်ထွက်တတ်တဲ့ အိုင်ယာလန်တို့ကို ပိုပြီးနှစ်သက်မိတာ အမှန်ပါပဲ။ ။



## ခရစ္စမတ်မတိုင်မီ အနာဂတ်အတွက် ဆုံးဖြတ်မယ်ဆိုတဲ့ ဂွာဒီယိုလာ

ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွာဒီယိုလာဟာ ဘာစီလိုနာအသင်းမှာ အောင်မြင်တဲ့ နည်းပြဖြစ်ခဲ့သလို ဘိုင်ယန်မြူးနစ်မှာလည်း အောင်မြင်မှုတွေဆက်တိုက် ရရှိနေပါတယ်။ သူဟာ ဦးဆောင်မှုကောင်းတဲ့ နည်းပြတစ်ဦးဖြစ်တယ်လို့ဆိုပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ဘွန်ဒက်စ်လီဂါဖလားကို ဆက်တိုက်ကာကွယ်နိုင်ခဲ့ပါတယ်။ မကြာသေးမီက သူ့အနေနဲ့ ဘိုင်ယန်မြူးနစ်မှာပဲ ဆက်လက်ရှိနေလိမ့်မယ်လို့ ပြောကြားခဲ့ပေမယ့် အင်္ဂလန်ပရီမီယာလိဂ်ကိုပြောင်းဖို့ ကြိုးစားနေတာပါ။ ဂွာဒီယိုလာအနေနဲ့ ပြီးခဲ့တဲ့နွေရာသီက မန်စီးတီးကိုပြောင်းဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ လက်ရှိနည်းပြ ပယ်လီဂရီနီက မန်စီးတီးကို အကောင်းဆုံးဦးဆောင်နေတဲ့အတွက် ဂွာဒီယိုလာ မန်စီးတီးကိုပြောင်းဖို့ အခွင့်အလမ်းမသာခဲ့ပါဘူး။ စပိန်နိုင်ငံသား ဂွာဒီယိုလာဟာ ဘိုင်ယန်မြူးနစ်နဲ့ လာမယ့်ဇွန်လအထိပဲ စာချုပ်ထားတာဖြစ်ပါတယ်။ စာချုပ်သက်တမ်းကုန်ဆုံးတော့မှာဖြစ်တဲ့အတွက် ဂွာဒီယိုလာဟာ သူ့ရဲ့အနာဂတ်နဲ့ပတ်သက်လို့ ဆုံးဖြတ်ချက်တစ်ခုခုချရတော့မှာဖြစ်ပါတယ်။ သူက လာမယ့် ခရစ္စမတ်မတိုင်မီ သူ့ရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်ချထားမယ်လို့ဆိုပါတယ်။

## နည်းပြဂျာဂျင်ကလော့ပ်လက်ထက် ပထမဆုံး ရှုံးပွဲကြုံသည့် လီဗာပူး

လီဗာပူးနဲ့ ခရစ္စတယ်ပဲလေ့စ်တို့ ကစားခဲ့တဲ့ပွဲမှာ လီဗာပူးအသင်းအနေနဲ့ အဆိုးရွားဆုံးရလဒ်နဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ လီဗာပူးက ခရစ္စတယ်ပဲလေ့စ်ကို ဆိုးဆိုးရွားရွား နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်သွားခဲ့ပါတယ်။ ဒီလိုရှုံးနိမ့်သွားခဲ့ရတဲ့ အကြောင်းအရင်းတစ်ရပ်ကတော့ ပွဲချိန် မိနစ် ၄၀မှာ လီဗာပူးရဲ့ အဓိက ကစားသမားတစ်ဦးဖြစ်တဲ့ ဆာခိုဒဏ်ရာရပြီးတဲ့နောက် ပြိုင်ပွဲမှထွက်ခွာသွားရတဲ့အတွက်ဖြစ်တယ်လို့ နည်းပြဂျာဂျင်ကလော့ပ်က ဆိုပါတယ်။ လီဗာပူးအသင်းဟာ နည်းပြသစ် ဂျာဂျင်ကလော့ပ် တာဝန်ယူခဲ့ပြီးနောက် ရှုံးပွဲမရှိစံချိန်တင်ထားရာ မှ ပထမဆုံးအကြိမ် အရှုံးနဲ့ရင်ဆိုင်ခဲ့ရခြင်းဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ နည်းပြဂျာဂျင်ကလော့ပ် ကိုင်တွယ်ချိန်မှာ သရေပွဲနဲ့ အနိုင်ပွဲများ ရရှိနေရာမှ ပထမဆုံးအရှုံးနဲ့ ကြုံတွေ့ခဲ့ရခြင်းဖြစ်ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။



# ရွေးကောက်ပွဲအပြီးတွင် သတင်းစာနှင့် ဂျာနယ်များ အရောင်းသွက်

**ရန်ကုန် နိုဝင်ဘာ ၁၀**

အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပပြီးစီးသည့် နောက်တစ်ရက် နိုဝင်ဘာ ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်အတွင်းရှိ သတင်းစာ၊ ဂျာနယ်အရောင်းဆိုင်များ၌ သတင်းစာနှင့် ဂျာနယ်များ အရောင်းသွက်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အတွက် အရေးကြီးသောနေ့တစ်နေ့ဖြစ်သည့် အထွေထွေရွေးကောက်ပွဲကြီးနှင့်ပတ်သက်သည့် သတင်းထူး၊ သတင်းဦးများကို သိရှိလိုသဖြင့် ဈေးကြီးပေးဝယ်၍ ဖတ်ရသော်လည်း ဝယ်ဖတ်ခြင်းဖြစ်ကြောင်း ရွှေပြည်သာမြို့နယ်နေ ပြည်သူတစ်ဦးက ပြောသည်။




ရွှေပြည်သာမြို့နယ်မှ ဂျာနယ်ဆိုင်တစ်ဆိုင်။

ရွှေပြည်သာမြို့နယ်အတွင်း လူစည်ကားရာနေရာများတွင် ခင်းကျင်းရောင်းချသော ဂျာနယ်ဆိုင်များတွင်လည်းကောင်း၊ လက်ပွေ့ဂျာနယ်သမားများ အနေဖြင့်လည်းကောင်း သတင်းစာနှင့် ဂျာနယ်များ ရောင်းကောင်းခဲ့ပြီး ဝယ်ယူသူများသဖြင့် နံနက် ၇ နာရီခွဲခန့်တွင် အားလုံးရောင်း၍ ကုန်ခဲ့ကြောင်း သတင်းစာနှင့် ဂျာနယ်ရောင်းသူများထံမှ သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

## အထွေထွေရွေးကောက်ပွဲ



အထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် ရပ်ကွက်ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များက ကူညီပေးခဲ့ရာ မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက်မှ မကျန်းမာသည့် အမျိုးသမီးတစ်ဦးအား ကူညီနေသော အထူးရဲနှင့် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များ။

အောင်သန်း(မင်္ဂလာတောင်ညွန့်)



ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်း အထွေထွေရွေးကောက်ပွဲအပြီး ည ၈ နာရီကျော်အချိန်တွင် ရပ်ကွက်နှင့် ကျေးရွာများမှ မဲပိတ်သိမ်းရေတွက်ပေးပို့မှု အခြေအနေများနှင့် ပတ်သက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတာဝန်ရှိသူတစ်ဦးအား နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့တစ်ဖွဲ့က မေးမြန်းနေစဉ်။ ကိုကြီးစိုး(ဆိပ်ကမ်း)

# ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆက်လက်ကျင်းပလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၀**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် Phyo Sithu Trading Ltd & Eco Natural Resort မှ အဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ သတ္တမပွဲစဉ်(ရန်ကုန်)၏ စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲကို ရန်ကုန်မြို့ရှိရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ နိုဝင်ဘာ ၆ ရက်က ဆက်လက်ကျင်းပခဲ့သည်။

စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ် အမှုဆောင်ဦးစိုင်းဖီးလစ်ရီက Phyo Sithu Trading Ltd & Eco Natural Resort မှ ဒါရိုက်တာ ဦးကျော်ကိုကိုချစ်အား ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ဦးထွန်းထွန်းလင်းက ရန်ကုန်ဂေါက်ကလပ် ဒုတိယအထွေထွေမန်နေဂျာ ဦးခင်မောင်သက်ထံ အမှတ်တရလက်ဆောင်ကို ပေးအပ်သည်။

ထို့နောက် ဝါသနာရှင်အဆင့် အမျိုးသမီးပြိုင်ပွဲ၊ အမျိုးသားပြိုင်ပွဲနှင့် ပညာရှင်အဆင့်ပြိုင်ပွဲ များမှ နေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆုများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင် ဦးဝင်းဇော်နှင့်တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး ပြိုင်ပွဲဒုတိယနေ့ ကျင်းအမှတ်(၁၁)တွင် ဝါသနာရှင်အဆင့်အမျိုးသားပြိုင်ပွဲတွင် Hole In One ရရှိသွားသော ဌေးအောင်ဌေးအား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင်ဦးသန့်ဇင်မှ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးအောင်ကြည်က ဝါသနာရှင်အဆင့် အမျိုးသမီးပြိုင်ပွဲ၌ တတိယရရှိသော ခင်မာနွယ်၊ ဒုတိယရရှိသော မေဦးခိုင်နှင့် စုစုပေါင်းရိုက်ချက် ၂၁၄ ချက်ဖြင့် ပထမရရှိသော ယဉ်မေမျိုးတို့အားလည်းကောင်း၊ ရန်ကုန်ဂေါက်ကလပ် Captain ဦးဇော်မင်းက ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲ၌ တတိယရရှိသော လှိုင်မင်းထက်၊ ဒုတိယရရှိသော စည်သူရဲရင့်နှင့် စုစုပေါင်းရိုက်ချက် ၂၉၃ ချက်ဖြင့် ပထမရရှိသော ဟိန်းစည်သူတို့အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က ပညာရှင်အဆင့်ပြိုင်ပွဲတွင် တတိယရရှိသော အောင်ဆန်းဝင်း(KM Golf Centre)၊ ဒုတိယရရှိသော သိန်းဇော်မြင့်(KM Golf Centre)နှင့် စုစုပေါင်းရိုက်ချက် ၂၈၄ ချက် (4 Under)ဖြင့် ပထမရရှိသွားသော ဇော်ဇော်လတ်(HAN Golf Academy) တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် Phyo Sithu Trading Ltd & Eco Natural Resort မန်နေးဂျင်းဒါရိုက်တာတို့က ပထမရရှိသွားသော ဇော်ဇော်လတ်အား ဆုကြေးငွေချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

## မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုဖြစ်ပွား

**စစ်ကိုင်း နိုဝင်ဘာ ၁၀**

စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ကွက် ကျော်ထက်ကွေ့လမ်းဆုံ၌ မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုတစ်မှု နိုဝင်ဘာ ၃ ရက်က ဖြစ်ပွားခဲ့ပြီး ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါသူတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားရာသို့ စစ်ကိုင်းမြို့မရဲစခန်းမှ ရဲအုပ်ခင်မောင်တင်က သွားရောက်စစ်ဆေးခဲ့ရာ ယာဉ်မောင်းသက်ကိုကို မောင်းနှင်လာသော အာရာဖတ်အမျိုးအစား အဖြူရောင်ယာဉ်သည် တောင်မှမြောက်သို့ မုံရွာ-မန္တလေးလမ်းအတိုင်း မောင်းနှင်လာစဉ် ယာဉ်မောင်းအောင်မျိုးမောင်းနှင်လာသော နစ်ဆန်းဟွန်ဒါယာဉ်နှင့် တိုက်မိခဲ့ခြင်းဖြစ်ကာ ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းသက်ကိုကိုနှင့် ယာဉ်ပေါ်ပါသူ မအေးအေးနွယ်တို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှု ခံယူလျက်ရှိသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ကိုမဆင်မခြင်မောင်းသူ သက်ကိုကိုနှင့် အောင်မျိုးတို့အား စစ်ကိုင်းမြို့မရဲစခန်းက အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

## ဆိုင်ကယ်နှင့်အတူ မသင်္ကာဖွယ်တွေ့ရသူကို ဖမ်းဆီးစစ်ဆေး

**မကွေး နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ မပေါ်ပေါက်သေးသည့် အမှုများကူညီဖော်ထုတ်ရန်နှင့် ရာဇဝတ်မှုလျှော့နည်းကျဆင်းရေးအတွက် တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ရဲအကူတပ်ဖွဲ့ခွဲနှင့် မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ နိုဝင်ဘာ ၆ ရက် ညနေပိုင်းက သတင်းစုံစမ်းစဉ် ရန်မျိုးအောင်ရပ်၊ ပြည်တော်သာလမ်းနှင့် ခွာညိုလမ်းထောင့် ဆိုင်ကယ်ပွဲစားဝိုင်းတွင် YAMAHA FZ 125 အမျိုးအစား အနက်ရောင်ဆိုင်ကယ်တစ်စီးကို ကာလတန်ဖိုးထက်လျှော့၍ရောင်းချနေသည့် မသင်္ကာဖွယ်လူတစ်ဦးအား တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ ဆိုင်ကယ်ကိုရောင်းချနေသူမှာ ကယားပြည်နယ် လွိုင်ကော်မြို့ မိုင်းလုံးရပ်နေ ကျော်စိုးဝင်း(၄၆နှစ်)ဖြစ်ပြီး ဆိုင်ကယ်နှင့်ပတ်သက်၍ ခိုင်လုံသောအထောက်အထား တစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် ၎င်းအား မကွေးနယ်မြေရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# အယောင်ဆောင်မဲပေးသူ အမျိုးသမီးတစ်ဦးကို အမှုဖွင့်အရေးယူထား

**ရန်ကုန် နိုဝင်ဘာ ၁၀**

နိုဝင်ဘာ ၈ ရက်က ကျင်းပသည့် အထွေထွေရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး(အရှေ့ပိုင်းခရိုင်)ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ မဲရုံတစ်ရုံ၌ အယောင်ဆောင်၍ မဲပေးသူ အမျိုးသမီးတစ်ဦးကို ဥပဒေအရ အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၈ ရက် နံနက် ၈ နာရီခွဲခန့်က (၈၇)ရပ်ကွက် အောင်မင်္ဂလာလမ်းတွင်နေထိုင်သူ ဒေါ်အေးမြင့်(၆၈ နှစ်)သည် မေတ္တာလမ်းနေ ဒေါ်ခင်မို့မို့အေး(၂၂နှစ်)၏ မဲဆန္ဒရှင်သက်သေခံလက်မှတ် အမှတ်စဉ်(၈၁၉)ကိုကိုင်ဆောင်၍ မဲရုံအမှတ်(၁)တွင် လာရောက်မဲပေးနေစဉ် မဲရုံမှူးက မသင်္ကာသဖြင့်စစ်ဆေးရာ ဒေါ်ခင်မို့မို့အေးအယောင်ဆောင်၍ လာရောက်ဆန္ဒမဲပေးနေကြောင်း စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အမှတ်(၁)မဲရုံမှူးက ဒဂုံဆိပ်ကမ်းမြို့သစ် မြို့မရဲတပ်ဖွဲ့စခန်းသို့တိုင်ကြားခဲ့ပြီး အယောင်ဆောင်၍ ဆန္ဒမဲပေးသူ ဒေါ်အေးမြင့်အား မြို့မရဲတပ်ဖွဲ့စခန်းက ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျင်မောင်**

# မှားယွင်းမဲပေးမိသည့် ဆန္ဒမဲလက်မှတ်ကိုအသစ်ထပ်တောင်း၍မရသဖြင့် ဆုတ်ဖြဲပစ်သူတစ်ဦးအား မိုးညှင်းမြို့နယ်၌ ဖမ်းဆီးအရေးယူ

**မိုးညှင်း နိုဝင်ဘာ ၁၀**

နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲကြီးတွင် မိုးညှင်းမြို့နယ်အတွင်း မဲရုံတစ်ခု၌ ဆန္ဒမဲလက်မှတ်တွင် မှားယွင်း၍ တံဆိပ်တုံး နှိပ်မိသဖြင့် လက်မှတ်အသစ်ထပ်တောင်းရာမှ တောင်း၍မရသောကြောင့် ဆန္ဒမဲလက်မှတ်ကို ဆုတ်ဖြဲပစ်သူတစ်ဦးအား ဖမ်းဆီးအရေးယူခဲ့ရကြောင်း သိရသည်။

မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ မိုင်းနောင်ကျေးရွာ အထကကျောင်းတွင် ဖွင့်လှစ်ထားသော မဲရုံအမှတ်(၇၆)၌ လာရောက်မဲပေးသူ မောင်အောင်ကျော်စိုး(၂၇ နှစ်)သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မဲလက်မှတ်ကို မဲပေးရာတွင် တံဆိပ်တုံးမှားယွင်းနှိပ်မိသည့် အကြောင်းပြချက်ဖြင့် မဲရုံမှူးထံမှ မဲလက်မှတ်အသစ်ကို ထပ်တောင်းခဲ့ကြောင်း၊ မဲရုံမှူးဖြစ်သူ ဒေါ်ဖြူဖြူလှိုင်က မဲလက်မှတ်ကို ထပ်မံထုတ်ပေး၍မရကြောင်း အကျိုးအကြောင်းပြောဆို ရှင်းပြခဲ့ရာ မောင်အောင်ကျော်စိုးက စိတ်ဆိုးပြီး ၎င်း၏မဲလက်မှတ်ကို ဆုတ်ဖြဲပစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မဲရုံအမှတ်(၇၆)မှ မဲရုံမှူး ဒေါ်ဖြူဖြူလှိုင်က လုံးတုံရဲစခန်း၌ တရားလိုပြုလုပ် တိုင်တန်းခဲ့ရာ လုံးတုံရဲစခန်းမှူး ရဲအုပ်ရဲထွန်းက မောင်အောင်ကျော်စိုးအား ရွေးကောက်ပွဲဆိုင်ရာဥပဒေအရ အမှုဖွင့်ပြီး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုင်းနောင်ကျေးရွာ မဲရုံအမှတ်(၇၆)တွင် အဆိုပါဖြစ်စဉ်မှအပ အခြားထူးခြားဖြစ်စဉ်များ ဖြစ်ပွားခဲ့ခြင်းမရှိဘဲ မဲဆန္ဒရှင်ပြည်သူများမှာ တည်ငြိမ်အေးချမ်းစွာဖြင့် မိမိတို့ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်များကို လွတ်လပ်စွာ မဲပေးနိုင်ခဲ့ကြကြောင်း သိရသည်။

**မိုးအောင်(ကချင်မြေ)**

# ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများနှင့် လိုက်လျောညီထွေရှိစေရေးအတွက် တက်ကြွစွာ ဆောင်ရွက်လျက်ရှိ

**စင်ကာပူသမ္မတနိုင်ငံတွင် နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိကျင်းပသည့် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဖိုရမ် (Responsible Business Forum on Sustainable Development) သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။**

အဆိုပါဖိုရမ်၏အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက Marina Bay Sands Convention Centre ၌ကျင်းပရာ ယင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီးက "Myanmar Perspectives on Climate Change Strategies" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားရာ ရာသီဥတုပြောင်းလဲမှုသည် ကျွန်ုပ်တို့လူ့အဖွဲ့အစည်းအတွင်း ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ခြိမ်းခြောက်မှုပြုနေသော အဆိုးရွားဆုံးသော ကမ္ဘာ့စိန်ခေါ်မှုဖြစ်ပါကြောင်း၊ ရာသီဥတုပြောင်းလဲမှု၏ထိခိုက်မှုများကို ကမ္ဘာ့နိုင်ငံများတွေ့ကြုံခံစားရလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကို နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ် သတ်မှတ်ထားပါကြောင်း၊ ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများနှင့် လိုက်လျောညီထွေရှိစေရေးအတွက် တက်ကြွစွာ ဆောင်ရွက်လျက်ရှိနေပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို လျော့နည်းသက်သာစေရေးကို အဓိကအခန်းကဏ္ဍတစ်ရပ်အနေဖြင့်ချမှတ်၍ ဆုံးဖြတ်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ စင်စစ်အားဖြင့် မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုဆိုးကျိုးများကြောင့် အလွန်အမင်းထိခိုက်သည့် နိုင်ငံဖြစ်ပါကြောင်း၊ သုတေသနလေ့လာတွေ့ရှိချက်များအရ လွန်ခဲ့သောနှစ်ပေါင်း ၂၀ ကာလအတွင်းမှ ၂၀၁၅ ခုနှစ်အထိ သုံးနှစ်ဆက်တိုက် ကမ္ဘာပေါ်၌ ဒုတိယမြောက် ရာသီဥတုပြောင်းလဲမှု ထိခိုက်အလွယ်ဆုံးနိုင်ငံဖြစ်ကြောင်းကို သိရှိရပါကြောင်း၊ ၂၀၀၈ ခုနှစ်တွင်ဖြစ်ပွားခဲ့သော နာဂစ်အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့မှုကြောင့် လူဦးရေ ၁၃၈၀၀၀ ခန့် သေဆုံးမှုဖြစ်ပေါ်ခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်းတွင်းမှာပင် မြန်မာနိုင်ငံတွင် ရေလွှမ်းမှု၊ ရေကြီးမှုဒဏ်ကို ခန့်မှန်းရေတွက်ရန် ခက်ခဲသည့်အတိုင်းအတာအထိ ဆိုးကျိုးများဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုပုံစံများအရ လာမည့်အနာဂတ်ကာလများတွင်လည်း ရာသီဥတုပြောင်းလဲခြင်း၏ဆိုးကျိုးများ ဆက်လက်ဖြစ်ပေါ်မည်ဟု ခန့်မှန်းရပါကြောင်း၊ မြန်မာနိုင်ငံသည် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချနိုင်ရေးအတွက် တာဝန်ယူမှုတစ်ခုအနေဖြင့် မြန်မာနိုင်ငံ၏အခြေအနေနှင့်သင့်လျော်မည့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ် (Intended National Determined Contribution-INDC) ကိုရေးဆွဲ၍ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်းသို့ တင်ပြထားပြီး ဖြစ်ပါကြောင်း၊ သစ်တောမဟာဗျူဟာစီမံချက်၊ စွမ်းအင်မဟာဗျူဟာစီမံချက်၊ လျှပ်စစ်စွမ်းအားမဟာဗျူဟာစီမံချက်နှင့် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးစီမံချက်များကို ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် အမျိုးသားအဆင့် ပို့ဆောင်ရေးမဟာဗျူဟာစီမံချက်နှင့် ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံအဆင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်များကိုလည်း ရေးဆွဲချမှတ်ထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ မူဝါဒများ၊ မဟာဗျူဟာများကို ရေးဆွဲချမှတ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးတွင် သဘာဝသယံဇာတအရင်းအမြစ်များနှင့် ရာသီဥတုပြောင်းလဲမှု၊ ရေရှည်တည်တံ့သောသစ်တောနှင့် စိုက်ပျိုးရေးကဏ္ဍမှ မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေး၊ မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးအတွက် တီထွင်ဖန်တီးမှုအသစ်များ၊ နည်းပညာအသစ်များနှင့် ဆက်သွယ်ဆောင်ရွက်မှု ကွန်ရက်ဖွဲ့စည်းမှုများနှင့် ရာသီဥတုပြောင်းလဲမှုလုပ်ငန်းရပ်များနှင့် အနာဂတ်ကာလမျှော်မှန်းချက်များ စသည်တို့နှင့်ပတ်သက်သည့် ဆွေးနွေးပွဲများကို ကျင်းပရာ Panelist များက တစ်ဦးချင်းစီအလိုက် အမြင်များကို ဆွေးနွေးကြသည်။

**(မြန်မာ့အလင်း)**

> **မြန်မာနိုင်ငံသည် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချနိုင်ရေးအတွက် တာဝန်ယူမှုတစ်ခုအနေဖြင့် မြန်မာနိုင်ငံ၏အခြေအနေနှင့်သင့်လျော်မည့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ် INDC ကိုရေးဆွဲ၍ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်းသို့ တင်ပြထားပြီးဖြစ်**

# ရှမ်းရိုးမတောင်စွယ်များနောက်ခံဖြင့် ပနံသင့်နေသည့် ဗျိုင်းအင်းကန်ကြီး ပြန်လည်အသက်ဝင်လာပြီ

သတင်းဆောင်းပါး-တင်မောင်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မောင်မွှေး

တပ်ကုန်း နိုဝင်ဘာ ၁၀

**အရှေ့ဘက်တစ်ခွင် မျှော်ကြည့်လျှင် ရှမ်းရိုးမတောင်တန်းကြီးသည် တောင်နှင့် မြောက်သွယ်တန်းလျက်ရှိပြီး အပြာရင့်ရောင်နောက်ခံပန်းချီကားတစ်ချပ်ပမာ တည်ရှိနေသည့်ကြားမှ နဝင်းချောင်းကို ကျော်ဖြတ်လျက် အရှေ့မြောက်ဘက်ဆီသို့ လှမ်းမျှော်ကြည့်လျှင် ညီညာသောကန်ရေပြင်မှ ရေလှိုင်းလေးများဖြင့် ပနံသင့်လျက် ပြန်လည်အသက်ဝင်လာပြီဖြစ်သည့် သမိုင်းဝင်ကန်ကြီးတစ်ကန်ကို မျက်ဝါးထင်ထင် တွေ့မြင်ရမည်ဖြစ်သည်။**



အဆိုပါကန်ကြီးမှာ တခြားမဟုတ်။ ဒေသခံများ၏ မျှော်လင့်ချက်၊ လိုလားချက်အိပ်မက်များအပေါ် နိုင်ငံတော်အစိုးရက ခေတ်နှင့်အညီ အသစ်ပြန်လည် တူးဖော်အသက်သွင်းပေးခဲ့သည့် သမိုင်းဝင် ဗျိုင်းအင်းကန်ကြီးပင်ဖြစ်သည်။

ဗျိုင်းအင်းကန်ကြီး၏ ကန်ပေါင်ရိုးမှ လျှောက်သွားလျှင် ဗျိုင်းအင်းရွာကိုဖြတ်ကျော်လျက် ရွာမြောက်ဘက်ရှိ ဗျိုင်းအင်းရှေးဟောင်းဆုတောင်းပြည့် ဘုရားကြီးရှိရာ ဆုတောင်းပြည့် စေတီတော်ကြီးကို ဖူးတွေ့ရပါသည်။

အဆိုပါ ဗျိုင်းအင်းကန်ကြီးသည် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၏ အရှေ့ဘက် သုံးမိုင်ခန့်အကွာ ဗျိုင်းအင်းကျေးရွာအနီး၌တည်ရှိပြီး နှစ်ပရိစ္ဆေတကြာအောင် တိမ်ကောနေခဲ့သည့် ကန်ကြီးဖြစ်သည်။ ဒေသခံပြည်သူများ၏ ဆန္ဒနှင့်အညီ နေပြည်တော်ကောင်စီ၏ ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၁၁၄ ဒသမ ၁၇၄ သန်းအကုန်ကျခံ၍ ဆည်မြောင်းဦးစီးဌာနက သြဂုတ် ၅ ရက်ကစတင်ပြီး စက်ယန္တရားကြီးများဖြင့် အချိန်နှင့်တစ်ပြေးညီ ပြန်လည်တူးဖော်ခဲ့ရာ အောက်တိုဘာလအတွင်းက တူးဖော်မှုပြီးစီးခဲ့ကြောင်း သိရသည်။

ယင်းဗျိုင်းအင်းကန်ကြီး တူးဖော်မှု ပြီးစီးသွားပြီဖြစ်သဖြင့် မြို့နေပြည်သူများအတွက် သောက်သုံးရေနှင့် ဒေသခံတောင်သူလယ်သမားတို့၏ လယ်မြေများကို စိုက်ပျိုးရေပေးဝေရေးတို့တွင် များစွာ အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။


"သမိုင်းဝင် ဗျိုင်းအင်းကန်ကြီးကို အသစ်ပြန်လည်တူးဖော်ပေးခြင်းဖြင့် မြို့ပေါ်ရှိ ပြည်သူတွေဟာ သောက်သုံးရေအတွက် လွယ်ကူမယ်။ နောက်ပြီး ကန်ဘေးကျေးရွာအုပ်စုတွေမှာရှိတဲ့ ဒေသခံတောင်သူတွေရဲ့ လယ်မြေစိုက်ခင်း ဧက ၇၀၀ ခန့်ကိုလည်း စိုက်ပျိုးရေပေးဝေနိုင်မှာဖြစ်ပါတယ်" ဟု ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဗျိုင်းအင်းကန်၏ တာပေါင်အရှည်သည် ပေ ၅၆၈၀ ရှိကြောင်း၊ ရေလှောင်ပမာဏသည် အမြင့် ခုနစ်ပေရှိပြီး အကျယ်မှာ ၁၆ ဧကနှင့် တမံအမြင့်မှာ ၁၂ ပေရှိကြောင်း၊ ရေဂါလန် သိန်းပေါင်း ၃၇၀ သိုလှောင်နိုင်ကြောင်း သိရသည်။

"မြို့ပေါ် ခြောက်ရပ်ကွက်မှာ လူဦးရေက ငါးသောင်းလောက်ရှိတယ်။ ဂါလန် ၅၀ နဲ့ တွက်မယ်ဆိုရင် သိုလှောင်တဲ့ရေပမာဏက တစ်ပတ်စာ အသုံးပြုလို့ရတယ်။ တစ်ပတ်စာကုန်သွားရင် မြို့ပေါ်ခြောက်ရပ်ကွက်မှာရှိတဲ့ လူဦးရေ ငါးသောင်းကျော်ဟာ တစ်ဦးကို ငါးဆယ်ဂါလန်နှုန်းအသုံးပြုမယ်ဆိုရင် ၃၇၈ သိန်း ကုန်မယ်။ ရေကုန်သွားမယ်ဆိုရင် ဗျိုင်းအင်းကန်ရဲ့အထက်မှာရှိတဲ့ မုန်ရေထိန်းတမံဆိုတာ ရှိတယ်။ မုန်ရေထိန်းတမံကနေ ဗျိုင်းအင်းကန်ရဲ့ နွေစဉ် ရေလိုအပ်ချက်ကို အစဉ်ထည့်သွင်းပေးသွားမှာ ဖြစ်ပါတယ်။ မုန်ရေထိန်းတမံက ရေဖြည့်ပေးလို့ရတယ်ဆိုတာက ၁၂ ရာသီပတ်လုံး စီးဆင်းနေတဲ့ ရေထွက်ရှိတဲ့အတွက်အကြောင့် နွေ၊ မိုး၊ ဆောင်း ရာသီမရွေး ဒီဗျိုင်းအင်းကန်ရဲ့ ရေလိုအပ်ချက်ကို နွေစဉ်ဖြည့်သွင်းပေးနေလို့ရပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ရှေးဟောင်း သမိုင်းဝင် ဗျိုင်းအင်းကန်ကြီး တူးဖော်မှု ပြီးစီးသွားပြီဖြစ်သဖြင့် မြို့နေပြည်သူများ ရေရှားပါးသည့် နွေရာသီအချိန်ကာလတွင် သောက်သုံးရေအတွက် ဖူလုံတော့မည့်အပြင် ဒေသခံ တောင်သူလယ်သမားများ အတွက်လည်း စိုက်ပျိုးရေအတွက် ပိုမိုအဆင်ပြေလာတော့မည် ဖြစ်သဖြင့် ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**သမိုင်းဝင်ဗျိုင်းအင်းကန်ကြီး ပြန်လည်တူးဖော်ပြီးနောက် ရေများဝင်ရောက်နေမှုကို တွေ့ရစဉ်။**



# အင်ဒိုနီးရှားရောက် တရားမဝင်လုပ်သားများအတွက် မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့၏ အကူအညီများ

ဆောင်းပါး
စိန်ဦး

မြန်မာနိုင်ငံသားများအနေဖြင့် ပြည်ပနိုင်ငံများသို့ တရားဝင်နည်းလမ်းများဖြင့်လည်းကောင်း၊ တရားမဝင်နည်းလမ်းများဖြင့်လည်းကောင်း အသီးသီးသွားရောက် အလုပ်လုပ်ကိုင်လျက်ရှိရာ မြန်မာနိုင်ငံသားများ၏ ရသင့်ရထိုက်သည့် ခံစားခွင့်များရရှိစေရေးဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေဘောင်အတွင်းမှ ကာကွယ်ပေးခြင်း၊ ဒုက္ခရောက်နေပါက ကူညီစောင့်ရှောက်ပေးခြင်းတို့ကို ပြည်ပနိုင်ငံအသီးသီးရှိ မြန်မာသံရုံး၊ မြန်မာ့ကိုယ်စားလှယ်အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများရှိ တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

တရားဝင်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများအား ကူညီဆောင်ရွက်ပေးရာတွင် အလုပ်သမားများ၏ ရပိုင်ခွင့်များအား တရားဥပဒေနှင့်အညီ ခိုင်ခိုင်မာမာတောင်းဆို၍ အပြည့်အဝရရှိရေး ဆောင်ရွက်နိုင်သော်လည်း တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်သူများ ဒုက္ခရောက်နေပါက သက်ဆိုင်ရာမြန်မာသံရုံးသို့ ဆက်သွယ်မှုမရှိခြင်း၊ ခရီးသွားအထောက်အထားများယူဆောင်သွားမှုမရှိခြင်း၊ ခရီးသွားလာရာတွင် အထောက်အထားမရှိသည့်အတွက် ဖမ်းဆီးထောင်ချ အပြစ်ပေးခံရခြင်းစသော အခြေအနေများကြောင့် အလုပ်ရှင်များ၊ ပွဲစားများက ခေါင်းပုံဖြတ်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ လူကုန်ကူးခြင်းများ ပြုလုပ်လာသည်ကို တွေ့ရှိရပါသည်။

၂၀၁၅ မတ်လ ၂၉ရက်ထုတ် Jakarta Post သတင်းစာတွင် အင်ဒိုနီးရှားနိုင်ငံ ဘန်ဂျီနာကျွန်း၌ မြန်မာနိုင်ငံသားများ ကျွန်ပြုခိုင်းစေခံနေရသည်ဆိုသည့် သတင်းဆောင်းပါး ပါလာခဲ့သည့်အတွက် စုံစမ်းမှုများပြုလုပ်ခဲ့ရာ အဆိုပါကျွန်း၌ ရောက်ရှိနေသူများသည် ထိုင်းနိုင်ငံမှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံသို့ ငါးဖမ်းရန် အတင်းအကြပ်စေခိုင်းခံရသူများဖြစ်ကြောင်း သိရပါသည်။ ၎င်းတို့အားရေယာဉ်မှူးများက မသန့်ရှင်းသောရေကို သောက်သုံးစေ၍ တစ်နေ့လျှင် ၂၀ နာရီမှ ၂၂ နာရီအထိ ပိတ်ရက်မရှိ အလုပ်လုပ်ရကြောင်း၊ အနားယူချင်သူများကို ရိုက်နှက်ကြောင်းနှင့် လုပ်ခလစာ လုံးဝမရရှိကြောင်း သိရပါသည်။ ထို့ပြင်ကြောင် ဘန်ဂျီနာဆိပ်ကမ်းတွင် စွန့်ပစ်ခံရသည့် ရေလုပ်သားများသည် ရေယာဉ်မှူးများမှ လက်မခံတော့သူများဖြစ်ကြပြီး ကျွန်းပေါ်တွင်သောင်တင်နေသည်မှာ ငါးနှစ်မှ အနှစ်နှစ်ဆယ်အထိ ကြာမြင့်နေသူများလည်း ပါရှိကြောင်း၊ စွန့်ပစ်ခံရသူများသည် အစားအစာနှင့် မုန့်ဖိုးရရှိရန်အတွက် လှေပေါ်မှ ကုန်တင်ကုန်ချ ပြုလုပ်ကြရကြောင်းလည်း သိရပါသည်။

အဆိုပါရေလုပ်သားများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ရန်အတွက် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (International Organization for Migration- IOM)မှ အကြီးအကဲဖြစ်သူ Mark Getchell တို့ မတ် ၃၀ ရက်တွင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ထို့နောက် ထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသားများရှိသည့် ဘန်ဂျီနာကျွန်းနှင့် အန်ဘွန်ကျွန်းသို့ သွားရောက်နိုင်ရေးအတွက် ပင်လယ်ရေကြောင်းရေးရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဌာန၊ နယ်မြေခံရဲတို့နှင့် ညှိနှိုင်းဆွေးနွေး၍ အင်ဒိုနီးရှားနိုင်ငံ၊ လူဝင်မှုကြီးကြပ်ရေးဌာန၊ ရဲတပ်ဖွဲ့၊ IOM တို့နှင့်အတူ သံရုံးမှ ဝန်ထမ်းများက ရှေ့ပြေးအဖွဲ့အနေဖြင့် ဧပြီ ၆ ရက်မှ ၁၁ ရက်အထိ သွားရောက်စစ်ဆေးခဲ့ပါသည်။

မြန်မာသံရုံးမှရှေ့ပြေးအဖွဲ့သည် အန်ဘွန်ကျွန်း၊ တူရယ်ကျွန်းနှင့် ဘန်ဂျီနာကျွန်းများသို့ သွားရောက်ရာတွင် ဂျကာတာမြို့မှ အန်ဘွန်ကျွန်းသို့ လေယာဉ်ဖြင့်လည်းကောင်း၊ အန်ဘွန်ကျွန်းမှ တူရယ်ကျွန်းသို့ လေယာဉ်ဖြင့်လည်းကောင်း၊ တူရယ်ကျွန်းမှ ဘန်ဂျီနာကျွန်းသို့ ရေယာဉ်များဖြင့်လည်းကောင်း အဆင့်ဆင့်သွားရောက်၍ မြန်မာနိုင်ငံသားများ ရှိ/မရှိနှင့် နိုင်ငံသားဟုတ်/မဟုတ် စိစစ်နိုင်ရန်အတွက် ဖြစ်စဉ်များမေးမြန်းကောက်ယူခြင်း၊ ကိုယ်ရေးအချက်အလက်ပုံစံများ ဖြည့်စွက်စေခြင်း၊ ရောက်ရှိနေသည့် လူစာရင်းများကို ကောက်ခံခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

လူကုန်ကူးခံရပြီး အခမ့်ခိုင်းစေခံနေရသော မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရေးအတွက် လိုအပ်သည့်စုံစမ်းစစ်ဆေးမှုများကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံမှ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်သောအဖွဲ့အား ဖိတ်ခေါ်ခဲ့ရာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုရဲမှူးကြီးခင်မောင်လှဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဧပြီ ၁၄ ရက်မှ မေ ၃ ရက်အထိ အင်ဒိုနီးရှားနိုင်ငံရှိ တူရယ်ကျွန်း၊ အန်ဘွန်ကျွန်းနှင့် ဘန်ဂျီနာကျွန်းများသို့သွားရောက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။

> ရေလုပ်သားတစ်ဦးချင်းစီ၏ လုပ်ခလစာရရှိရေးအတွက် မြန်မာသံအမတ်ကြီးနှင့် သံရုံးမှတာဝန်ရှိသူများ၊ သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများနှင့် IOM မှ ကိုယ်စားလှယ်များညှိနှိုင်း၍ ကာယကံရှင်ထံသို့ ကုမ္ပဏီမှ လစာငွေ တိုက်ရိုက်ပေးချေစေခဲ့ရာ ရေလုပ်သား ၃၀ သည် ၎င်းတို့သဘောတူထားသည့် လစာငွေများကို အကုန်ထုတ်ယူသွားနိုင်ခဲ့သည်။ ကျန်သူများအတွက် သဘောတူညှိနှိုင်းပြီးသည့် လစာငွေကိုပေးချေခဲ့ရာတွင် ဘဏ်ပိတ်သွားသည်ကတစ်ကြောင်း၊ ပြန်လည်ပို့ဆောင်ရန် စီစဉ်ပြီးဖြစ်သည်ကတစ်ကြောင်းတို့ကြောင့် ကုမ္ပဏီမှ ပေးရန်ကျန်သည့် လစာငွေများကို မြန်မာသံရုံးက လက်ခံယူ၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသွားသည့် ရေလုပ်သားများထံ ထုတ်ပေးခဲ့ . . .

စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များနှင့် မြန်မာသံရုံးမှ တာဝန်ရှိသူများက ရေလုပ်သားများ၏ မြန်မာနိုင်ငံသားဖြစ်မှုကို မျက်မြင်စိစစ်ပြီးသည့်နောက် မြန်မာရေလုပ်သား ၅၀၀ ကျော်ကို မြန်မာနိုင်ငံသို့ ဆောလျင်စွာ ပြန်လည်ခေါ်ယူနိုင်ရန် Exit permit ထုတ်ပေးရေး၊ လေယာဉ်ရပ်နားနိုင်မည့် လေဆိပ်နှင့် အင်ဒိုနီးရှားနိုင်ငံဘက်မှ မြန်မာ့လေယာဉ်ဆိုက်ကပ်ခွင့်ပြုသောကျွန်းသို့ မြန်မာရေလုပ်သားများအား ခေါ်ဆောင်ရာတွင် ပြည်တွင်းခရီးစဉ်ကို IOM မှ ကူညီကျခံပေးရေးတို့နှင့် ပတ်သက်၍ အင်ဒိုနီးရှားအစိုးရ၊ IOM နှင့် မြန်မာသံရုံးတို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

မြန်မာရေလုပ်သားများအား ပြန်လည်ပို့ဆောင်နိုင်ရေးဆောင်ရွက်ရာတွင် ဘန်ဂျီနာကျွန်းမှ မြန်မာရေလုပ်သားများကို တူရယ်ကျွန်းသို့ ရွှေ့ပြောင်းခဲ့ပါသည်။ တူရယ်ကျွန်းမှ အန်ဘွန်ကျွန်းသို့ ပြည်တွင်းလေယာဉ်ဖြင့် ပို့ဆောင်ခဲ့ပြီး အန်ဘွန်ကျွန်းမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ MAI မှ စင်းလုံးငှားလေယာဉ်ဖြင့် အဆင့်ဆင့်ပြန်လည်ခေါ်ဆောင်ခဲ့ရပါသည်။ အန်ဘွန်ကျွန်းတွင် ရေလုပ်သားများအတွက် ယာယီစခန်းမရှိသဖြင့် အန်ဘွန်ကျွန်းသို့ ပို့ဆောင်ပေးသည့်နေ့ရက်တွင်ပင် သွားရောက်ခေါ်ဆောင်ပေးခဲ့ရပါသည်။

ထို့နောက် မြန်မာရေလုပ်သား ၁၂၅ ဦးအား မေလ ၁၄ ရက်တွင်လည်းကောင်း၊ ၁၂၈ ဦးအား မေလ ၁၇ ရက်တွင်လည်းကောင်း၊ ၁၂၉ ဦးအား မေလ ၂၈ ရက်တွင်လည်းကောင်း၊ ၁၃၂ ဦးအား ဇွန်လ ၁၀ ရက်တွင်လည်းကောင်း အသီးသီးပြန်လည်ပို့ဆောင်ခဲ့ရာ မြန်မာရေလုပ်သား စုစုပေါင်း ၅၁၄ ဦးကို ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

ထိုသို့ လေးကြိမ်ခွဲ၍ အန်ဘွန်ကျွန်းသို့ သွားရောက်ခေါ်ဆောင်ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်တစ်ဦးစီနှင့် IOM မှ ကိုယ်စားလှယ်တို့က လိုက်ပါကူညီဆောင်ရွက်ပေးခဲ့ပါသည်။

လူကုန်ကူးခံရပြီး ဒုက္ခရောက်နေသည့် ရေလုပ်သား ၅၀၀ ကျော်အား ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ပြီးနောက် အန်ဘွန်ကျွန်း ရေပိုင်နက်အတွင်း တရားမဝင် ဝင်ရောက်ငါးဖမ်းခြင်းကြောင့် မြန်မာရေလုပ်သား ၃၃၈ ဦး ငါးလုပ်ငန်းဦးစီးဌာနတွင် ထိန်းသိမ်းခံထားရကြောင်း သိရှိရသည့်အတွက် စုံစမ်းခဲ့ရာ အဆိုပါရေလုပ်သားများသည် ထိုင်းနယ်စပ်တွင် လူကုန်ကူးခံရပြီး မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းငါးဖမ်းလှေများတွင် ရောင်းစားခံခဲ့ရသူများဖြစ်ကြောင်းနှင့် ၃၃၈ဦးအနက် ၉၁ဦးသည် လူကုန်ကူးခံရသူများဖြစ်ပြီး ၂၄၇ ဦးသည် ရွှေ့ပြောင်းအလုပ်သမားများဖြစ်ကြောင်း သိရှိရပါသည်။

အင်ဒိုနီးရှားနိုင်ငံတွင် တရားမဝင်ငါးဖမ်းခြင်းကြောင့် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ခွင့်များကို ငါးလုပ်ငန်းဦးစီးဌာနက လက်ရှိမူဝါဒအရ ခြောက်လခန့်ပိတ်ပင်တားမြစ်ထားပြီး ၎င်းကုမ္ပဏီများရှိ နိုင်ငံခြားသားရေလုပ်သားများအားလုံးကို မိခင်နိုင်ငံများသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရေးအတွက် ကုမ္ပဏီများအား ညွှန်ကြားခဲ့ရာ အဆိုပါမြန်မာရေလုပ်သားများအား မြန်မာနိုင်ငံသို့ ဆောလျင်စွာ ပြန်လည်ပို့ဆောင်နိုင်ရေး၊ ၎င်းတို့၏ လုပ်ခလစာများရရှိရေးတို့အတွက် မြန်မာသံရုံး၊ ဂျကာတာမြို့အနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

ထိန်းသိမ်းခံထားရသည့် ရေလုပ်သားများအား မြန်မာနိုင်ငံသို့ ဆောလျင်စွာ ပြန်လည်ပို့ဆောင်နိုင်ရန်အတွက် ရေလုပ်သားများ၏ ကိုယ်ရေးအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီကောက်ယူခြင်း၊ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ အချက်အလက်များ ပေးပို့စိစစ်ခြင်း၊ မှန်ကန်သူများအား မည်သူမည်ဝါဖြစ်ကြောင်း တစ်ကြိမ်တစ်ခါသုံး သက်သေခံလက်မှတ်ထုတ်ပေးခြင်းတို့ကို မြန်မာသံရုံးက ဆောင်ရွက်ပေးခဲ့သည့်အပြင် သက်ဆိုင်ရာကုမ္ပဏီများနှင့် ညှိနှိုင်း၍ လုပ်ခလစာရရှိရေးကိုလည်း ဆောင်ရွက်ပေးခဲ့ပါသည်။

စက်တင်ဘာ ၅ ရက်တွင် ပထမအသုတ်အနေဖြင့် ရေလုပ်သား ၁၀၅ ဦးအတွက် သက်ဆိုင်ရာကုမ္ပဏီအား လေယာဉ်စင်းလုံးငှားစေ၍ ပြန်လည်ပို့ဆောင်ရန် စီစဉ်ခဲ့ပြီး ရေလုပ်သားတစ်ဦးချင်းစီ၏ လုပ်ခလစာရရှိရေးအတွက် မြန်မာသံအမတ်ကြီးနှင့် သံရုံးမှတာဝန်ရှိသူများ၊ သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများနှင့် IOM မှ ကိုယ်စားလှယ်များညှိနှိုင်း၍ ကာယကံရှင်ထံသို့ ကုမ္ပဏီမှ လစာငွေ တိုက်ရိုက်ပေးချေစေခဲ့ရာ ရေလုပ်သား ၃၀ သည် ၎င်းတို့သဘောတူထားသည့် လစာငွေများကို အကုန်ထုတ်ယူသွားနိုင်ခဲ့သည်။ ကျန်သူများအတွက် သဘောတူညှိနှိုင်းပြီးသည့် လစာငွေကို ပေးချေခဲ့ရာတွင် ဘဏ်ပိတ်သွားသည်ကတစ်ကြောင်း၊ ပြန်လည်ပို့ဆောင်ရန် စီစဉ်ပြီးဖြစ်သည်ကတစ်ကြောင်းတို့ကြောင့် ကုမ္ပဏီမှ ပေးရန်ကျန်သည့် လစာငွေများကို မြန်မာသံရုံးက လက်ခံယူ၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသွားသည့် ရေလုပ်သားများထံ ထုတ်ပေးခဲ့ပါသည်။ စက်တင်ဘာ ၂၂ရက်မှ ၂၅ရက်အထိ ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ထုတ်ပေးခဲ့ရာ စုစုပေါင်း ၆၆ ဦး လာရောက်ထုတ်ယူခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံတွင် သေဆုံးသွားသူနှစ်ဦး၏ လစာငွေများကိုပါ သက်ဆိုင်ရာမိသားစုဝင်များထံသို့ပေးအပ်ရန် ကုမ္ပဏီထံမှ တောင်းခံနိုင်ခဲ့သည့်အတွက် စုစုပေါင်း ၁၁ ဦးအား ပေးအပ်ရန် ကျန်ရှိသည်ဖြစ်ရာ ၎င်းတို့အား စက်တင်ဘာ ၂၈ရက်မှစတင်၍ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဆက်လက်ထုတ်ပေးခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မလိုလားအပ်သောပြဿနာများ မဖြစ်ပွားစေရန်အတွက် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးကိုယ်တိုင်ဦးဆောင်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်သော အဖွဲ့ကိုဖွဲ့စည်း၍ လစာငွေများ ပြန်လည်ပေးအပ်ခဲ့ပါသည်။

နိုင်ငံသားစိစစ်ပြီးသည့်အပြင် လစာများ သဘောတူညှိနှိုင်းပြီးသည့် ကျန်ရေလုပ်သားများအား ပြန်လည်ပို့ဆောင်ပေးခဲ့ရာ စက်တင်ဘာ ၉ ရက်တွင် ၂၆ ဦး၊ ၁၀ ရက်တွင် ၁၆ ဦး၊ ၁၄ ရက်တွင် ၂၀ ဦး၊ ၁၆ ရက်တွင် ကိုးဦးကို ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

ယခင်က မြန်မာရေလုပ်သား ၃၃၈ ဦးရှိသည်ဟု သိရှိခဲ့သော်လည်း မြန်မာနိုင်ငံသားဟုယူဆရသူ အရေအတွက်မှာ ထပ်မံတိုးပွားလာပြီး နိုင်ငံသားစိစစ်၍ ပြန်လည်ပို့ဆောင်ပေးရမည့်သူ ၄၀၀ ကျော်ထိရှိလာရာ အဆိုပါရေလုပ်သားများ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိရေးနှင့် လစာများရရှိစေရေးအတွက်လည်း မြန်မာသံရုံးက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

အလားတူ ယခင်နှစ်များစွာကတည်းက အင်ဒိုနီးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်းများ၌ ထိန်းသိမ်းခံရသည့် မြန်မာရေလုပ်သားများအား မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရေးကိုလည်း ကူညီဆောင်ရွက်ပေးခဲ့ရာ ၂၀၁၁ ခုနှစ်အတွင်း လူကုန်ကူးခံရသူ ၃၅ ဦး၊ ၂၀၁၂ ခုနှစ်အတွင်း ၇၀ ဦး၊ ၂၀၁၃ ခုနှစ်အတွင်း ၅၇ ဦး၊ ၂၀၁၄ ခုနှစ်အတွင်း ၁၃၉ ဦးကို ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများအနေဖြင့်လည်း တရားဝင်သွားရောက်၍သာ အလုပ်လုပ်ကိုင်ရေး၊ သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများနှင့် အဆက်အသွယ်မပြတ်ရေး၊ ခရီးသွားအထောက်အထားများကို ကိုယ်နှင့်မကွာယူဆောင်သွားရေးအတွက် စေတနာအရင်းခံဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။



## ရွေးကောက်ပွဲကာလတွင် ရန်ကင်းမြို့နယ်၌ အေးချမ်းစွာ ဆန္ဒမဲပေးခဲ့

**ရန်ကုန် နိုဝင်ဘာ ၁၀**

အထွေထွေရွေးကောက်ပွဲကျင်းပသည့် နိုဝင်ဘာ ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်အတွင်း ရပ်ကွက်အသီးသီးရှိ မဲရုံများ၌ထူးခြား ဖြစ်စဉ်ဖြစ်ပွားမှုမရှိဘဲ မဲဆန္ဒရှင်ပြည်သူများက အေးချမ်းစွာ ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

ရန်ကင်းမြို့နယ်အတွင်းရှိ မဲရုံများသို့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း ၆၆၀၇၉ ဦးရှိသည့်အနက် ၃၂၈၇၇ ဦး လာရောက်ဆန္ဒမဲပေးခဲ့ကြကြောင်း၊ ဆန္ဒမဲပေးမည့်သူများသည် မဲရုံများမဖွင့်မီ နံနက် ၄ နာရီခန့်ကပင် လာရောက်စောင့်ဆိုင်းခဲ့ကြပြီး မဲရုံပိတ်ချိန် ညနေ ၄ နာရီအထိ ထူးခြားဖြစ်စဉ် ဖြစ်ပွားမှုမရှိဘဲ အေးချမ်းစွာ ဆန္ဒမဲပေးနိုင်ခဲ့ကြောင်း သိရသည်။

ရန်ကင်းမြို့နယ်အတွင်း အထွေထွေရွေးကောက်ပွဲကျင်းပနေမှုကို ပြည်တွင်းပြည်ပ မီဒီယာများက လာရောက်စောင့်ကြည့်သတင်းယူခဲ့သည့်အပြင် အမေရိကန်၊ ဩစတြေးလျ၊ လာအို၊ ကိုရီးယားစသည့် သံရုံးများမှတာဝန်ရှိသူများနှင့် နိုင်ငံတကာရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များကလည်း စောင့်ကြည့်လေ့လာခဲ့ကြောင်း သိရသည်။

**သန်းမောင်**

# မြန်မာအလုပ်သမားများအား ညှဉ်းပန်းသတ်ဖြတ်နေသည့် ထိုင်းလူကုန်ကူးဂိုဏ်းခေါင်းဆောင် လင်မယားကို ဖမ်းဆီးရမိ

**ကတန် နိုဝင်ဘာ ၁၀**

ထိုင်းနိုင်ငံတွင် မြန်မာအလုပ်သမားများအား နှစ်ပေါင်းများစွာ ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်၊ လူကုန်ကူးနေကြသော ကတန်မြို့ ငါးဖမ်းလှေဆိပ်ရှိ လူကုန်ကူးဂိုဏ်းခေါင်းဆောင် ထိုင်းနိုင်ငံသားလင်မယားကို နိုဝင်ဘာ ၇ ရက်က ထိုင်းစစ်တပ်နှင့် ဒေသခံ ထိုင်းအာဏာပိုင်များ ပူးပေါင်း၍ စီးနင်းဝင်ရောက် ဖမ်းဆီးနိုင်ခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့(Myanmar Association in Thailand-MAT)မှ ဆက်သွယ်ပြောကြား ချက်အရ သိရသည်။

ဗန်ကောက်မြို့တောင်ဘက် ၈၆၄ ကီလိုမီတာ ခန့်အကွာ ထိုင်းနိုင်ငံတောင်ဘက်အစွန် မလေးရှားနယ်စပ်တရန်ပြည်နယ် ကတန်မြို့ ငါးဖမ်းလှေဆိပ်၌ ဆယ်စုနှစ်နှင့်ချီ၍ လူကုန်ကူးခြင်း၊ ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းများ လုပ်နေသည့် ထိုင်းနိုင်ငံသား လူကုန်ကူးဂိုဏ်းခေါင်းဆောင်လင်မယားနေထိုင်သည့် နေအိမ်ကို ထိုင်းစစ်တပ်၊ နယ်မြေအာဏာပိုင်များနှင့် အဖွဲ့စုံတို့က နိုဝင်ဘာ ၇ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီတွင် ဝင်ရောက် စီးနင်းနိုင်ခဲ့ခြင်းဖြစ်ပြီး ထိုင်းနိုင်ငံသားဂိုဏ်းခေါင်းဆောင်နှင့် မြန်မာအခေါ် မေစောဟုဆိုသည့် ဇနီးဖြစ်သူတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ အဓိက လူသတ်တရားခံတစ်ဦးဖြစ်သူ မြန်မာအခေါ် ဘဲခြမ်းကြီး(ခ) လီယန်းမှာ ရှောင်တိမ်းလွတ်မြောက်သွားခဲ့ကြောင်းနှင့် အဆိုပါ လူကုန်ကူးဂိုဏ်းခေါင်းဆောင် လင်မယားကို ဖမ်းဆီးရမိရန်အတွက် ၎င်းတို့နေထိုင်သည့် အိမ်ကို ဆယ်စုနှစ်နှင့်ချီ၍ လူကုန်ကူးခံခဲ့ရသူများက ကိုယ်တိုင်လိုက်လံပြသကြ၍ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း MAT အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဓိကသက်သေဖြစ်သူ မြန်မာအလုပ်သမား ကိုရန်နိုင်က "ဒေသစံတော်ချိန် မနက် ၅နာရီလောက်မှာ ပွဲစားမကြီး မေစောအိမ်ကို တာဝန်ရှိသူများက ဝိုင်းကြပါတယ်။ သူတို့ လင်မယားနှစ်ဦးစလုံးကို ဖမ်းမိပါတယ်။ အိမ်ပြန်ဖို့ လုပ်အားခတောင်းတဲ့ မြန်မာအလုပ်သမားတွေကို သတ်ပြီးရင်ပစ်ချတဲ့ ရေတွင်းနှစ်တွင်းလည်း ခြံထဲမှာရှိပါတယ်။ ဒီရေတွင်းကနေ ပင်လယ်ပြင်ကို လမ်းသွယ်ထားတဲ့ လိုဏ်ခေါင်းက မြေအောက်မှာရှိပါတယ်။ သေဆုံးတဲ့ အလောင်းတွေကို အဲဒီနေရာကနေပဲ သူတို့က ဖျောက်ဖျက်ပစ်ကြတာပါ။ ဝင်ရောက်နှိမ်နင်းတဲ့အခိုက်မှာ ဒီရေတွင်းကရေတွေကို ပူးပေါင်းနှိမ်နင်းအဖွဲ့က စုပ်ထုတ်လိုက်တဲ့အခါမှာ လူဦးခေါင်းခွံတစ်လုံးနဲ့ အရိုးစုအချို့ကို တွေ့ရလို့ ခြံထဲမှာ အလောင်းဖျောက်ဖျက်တာတွေ ရှိမရှိကိုလည်း မြေတူးစက်တွေနဲ့ မြေလှန်ရှာကြပါသေးတယ်"ဟု ပြောသည်။

MAT အဖွဲ့ဒါရိုက်တာ ဦးကျော်သောင်းက "ဒီဂိုဏ်းခေါင်းဆောင်တွေကို ဖမ်းဆီးနိုင်ဖို့အတွက် ကျွန်တော်တို့ လပေါင်းများစွာ၊ နေ့စဉ်နေ့တိုင်း သတင်းအချက်အလက်တွေ စုဆောင်းနေခဲ့ကြရပါတယ်။ ကြားထဲမှာလည်း သက်သေတွေကို ကားထဲကနေ လက်ညှိုးထိုးခိုင်းပြီး ဓာတ်ပုံတွေရိုက်ကူးရတာတွေ၊ သေချာအောင် စုံစမ်းရတာတွေ အများကြီးလုပ်ခဲ့ကြရပါတယ်။ ဒီနေရာကို ဝင်ရောက်စီးနင်းဖို့အတွက် မနေ့ညနေကတည်းက ထိုင်းအစိုးရ လူကုန်ကူးမှု အထူးထောက်လှမ်းရေး(DSI) က ကျွန်တော်တို့အဖွဲ့ကို ခေါ်ပါတယ်။ ဒီလောက်ဝေးတဲ့ ခရီးကို အခေါက်ခေါက်အခါခါသွားဖို့ ကျွန်တော်တို့ စရိတ်မတတ်နိုင်ဘူးလေ။ ဒါကြောင့် ကျွန်တော်တို့ ကယ်ထားတဲ့ မြန်မာအလုပ်သမားတွေနဲ့ပဲ လိုအပ်တာတွေကို ပူးပေါင်းအဖွဲ့အတွက် ဖုန်းနဲ့ပြောပေးခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် ကတန်လှေဆိပ်မှာ လူကုန်ကူးဂိုဏ်းတွေ၊ လူကုန်ကူးခံရတဲ့မြန်မာတွေ ရှိနေဦးမှာဖြစ်ပေမယ့် မြန်မာတွေကို ထိုင်းဂိုဏ်းအဖွဲ့တွေက ညှဉ်းပန်းသတ်ဖြတ်တဲ့ အလေ့အထတော့ လျော့နည်းသွားပါလိမ့်မယ်" ဟု နိုဝင်ဘာ ၇ ရက်တွင် ပြောကြားသည်။



ကတန်ငါးဖမ်းလှေဆိပ်တစ်နေရာ

ထိုင်းအစိုးရ လူကုန်ကူးမှုတိုက်ဖျက်ရေး အထူးထောက်လှမ်းရေးမှ Mr.Komvich Padhanarath ၏ ဦးဆောင်စီစဉ်မှုဖြင့် မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီ၊ ဗန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့(MAT)နှင့် DSI တို့ပူးပေါင်း၍ ကတန်လှေဆိပ်တွင် သုံးနှစ်ကျော်ကြာရောင်းစားခံခဲ့ရသော ကိုရန်နိုင်နှင့် ၁၅ နှစ်ကြာ ရောင်းစားခံခဲ့ရသူ ကုလား(ခ)ကျော်သူတို့ကို အောက်တိုဘာ ၁၀ ရက်က ကယ်ထုတ်နိုင်ခဲ့ပြီး ၎င်းတို့နှစ်ဦး၏ အဆက်အသွယ်ဖြင့် လေးနှစ်မှ ၁၀ နှစ်ကျော်ကြာအောင် ရောင်းစားခံနေရသူ နောက်ထပ် ၁၂ ဦးကိုလည်း အောက်တိုဘာ ၂၀ ရက်က ထပ်မံကယ်ထုတ်နိုင်ခဲ့ကြကြောင်း သိရသည်။

ပြီးခဲ့သော ၂၀၁၃ ခုနှစ် ဩဂုတ် ၁ ရက်ကလည်း ကတန်မြို့ ငါးဖမ်းလှေဆိပ်၌ လူသတ်မှုနှင့် လူကုန်ကူးမှုများ ကျူးလွန်နေသော လူကုန်ကူးဂိုဏ်းခေါင်းဆောင်တစ်ဦးဖြစ်သည့် မြန်မာနိုင်ငံသား ကိုမျိုးအား မြန်မာသံရုံး အလုပ်သမား ကူညီစောင့်ရှောက်ရေးကော်မတီနှင့်အတူ DSI၊ AHTD နှင့် MAT အဖွဲ့တို့ ပူးပေါင်း၍ ရော်ဘာခြံတစ်ခုထဲ၌ သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

**စိုးဝင်း**(SP)

## မိတ္ထီလာတွင် ၂၂ ဘီးကုန်တင်ယာဉ် တိမ်းမှောက်မှုဖြစ်ပွား

**မိတ္ထီလာ နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းမ အောင်ဇေယျာရပ်ကွက် တော်ဝင်နန်းလမ်းဆုံအနီးတွင် ရန်ကုန်မှမန္တလေးဘက်သို့ မောင်းနှင်လာသည့် ၂၂ ဘီး ကုန်တင်မော်တော်ယာဉ်တစ်စီး တိမ်းမှောက်မှု နိုဝင်ဘာ ၉ ရက် နံနက် ၇ နာရီခွဲခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက်နေ ယာဉ်မောင်း ဦးညွန့်ဝင်း မောင်းနှင်ပြီး ရန်ကုန်မှ မန္တလေးသို့ စားသုံးဆီများ သယ်ဆောင်လာသည့် ၂၂ ဘီးကုန်တင်မော်တော်ယာဉ်သည် အောင်ဇေယျာရပ်ကွက် တော်ဝင်နန်းလမ်းဆုံအနီးတွင် မန္တလေးလမ်းဘက်သို့ ချိုးကွေ့၍မောင်းနှင်စဉ် မော်တော်ယာဉ်ဦးခေါင်းပိုင်း(ခေါင်းတွဲ)နှင့်ကပ်လျက် ယာဘက်ကားဘီးပေါက်ပြီး ယာဉ်မှာလည်း လက်ယာဘက်သို့ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာနေရာတွင် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အမှတ်(၉၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးမြင့်စိုးနှင့် တပ်ဖွဲ့ဝင်များက လာရောက်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**




## ဘူးသီးတောင်မြို့နယ်၌ ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးခဲ့

**ဘူးသီးတောင် နိုဝင်ဘာ ၁၀**

နိုဝင်ဘာ ၈ ရက်က မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပခဲ့သည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးတွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ ထူးခြားဖြစ်စဉ်များ ဖြစ်ပွားခဲ့ခြင်းမရှိဘဲ ဆန္ဒမဲပေးခွင့်ရှိသူ ပြည်သူများအနေဖြင့် မဲရုံအသီးသီးသို့ လာရောက်၍ နှစ်သက်ရာ ကိုယ်စားလှယ်များကို တည်ငြိမ်အေးချမ်းလွတ်လပ်စွာ ဆန္ဒမဲများ ပေးခဲ့ကြကြောင်း သိရသည်။



ဘူးသီးတောင်မြို့နယ်၌ အထွေထွေရွေးကောက်ပွဲကြီးကို မဲဆန္ဒနယ်မြေ နှစ်ခုခွဲ၍ ကျင်းပခဲ့ပြီး မဲဆန္ဒနယ်မြေ(၁)တွင် မဲရုံပေါင်း ၆၀ ရုံကာ မဲဆန္ဒနယ်မြေ(၂)တွင် မဲရုံပေါင်း ၄၉ ရုံရှိခဲ့ကြောင်း၊ မဲရုံများ၌ ပြည်သူများ အေးချမ်းစွာဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ယာယီခန့်အပ်ထားသည့် အထူးရဲတပ်ဖွဲ့ဝင်များက မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် တာဝန်ယူဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဇော်နိုင်ထွန်း**(iprd)

## သာယာဝတီခရိုင်အတွင်း ဆန္ဒမဲပေးသူ များပြားခဲ့

**ဇီးကုန်း နိုဝင်ဘာ ၁၀**

ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်း မြို့နယ်များ၌ ဆန္ဒမဲပေးသူ များပြားခဲ့ကြောင်း သိရသည်။

မဲပေးသူဦးရေမှာ မြို့နယ်အလိုက် အနည်းဆုံး ၇၀ ရာခိုင်နှုန်းနီးပါးမှ ၇၇ ရာခိုင်နှုန်းကျော်အထိ ရှိခဲ့ကြောင်း သိရသည်။ ဇီးကုန်းမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသူ ၄၀၆၈၄ ဦးမှ ၇၆ ဒသမ ၄၂ ရာခိုင်နှုန်း၊ လက်ပံတန်းမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသူ ၁၂၉၂၂၈ ဦးမှ ၆၉ ဒသမ ၆ ရာခိုင်နှုန်း၊ ကြို့ပင်ကောက်မြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသူ ၇၁၅၁၆ ဦးမှ ၇၇ ဒသမ ၉၈ ရာခိုင်နှုန်းနှင့် အုတ်ဖိုမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသူ ၇၂၇၃၉ ဦးမှ ၇၆ ဒသမ ၀၇ ရာခိုင်နှုန်းက မဲပေးခဲ့ကြကြောင်း သိရသည်။

သာယာဝတီခရိုင်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ မဲပေးနေမှုအခြေအနေများကို ပြည်တွင်းပြည်ပ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များကလည်း လာရောက်လေ့လာခဲ့ကြောင်း သိရသည်။ ပဲခူးစောင့်ကြည့်အဖွဲ့၊ EEOP အဖွဲ့၊ Generation Wave အဖွဲ့၊ EU အဖွဲ့၊ U.Kaid အဖွဲ့၊ ကာတာအဖွဲ့၊ မြန်မာပေ့စ်အဖွဲ့စသည့် ပြည်တွင်း ပြည်ပ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များက လာရောက်လေ့လာကြည့်ရှုခဲ့ကြသည့်အပြင် စကိုင်းနက်၊ DVB, MRTV နှင့် MITV ရုပ်သံလိုင်းနှင့် သတင်းဌာနများ လာရောက်သတင်းယူ ရိုက်ကူးခဲ့ကြကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# စာပေဗိမာန်၏ အစဉ်အလာနှင့် ဆောင်ရွက်ချက်များ

**မင်းခန့်ရွှေ**

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြသော အဖွဲ့အစည်းများထဲတွင် စာပေဗိမာန် Palace of Literature သည် ရှေ့တန်းမှ ပါဝင်ခဲ့သည်။ စာပေဗိမာန်၏ မူလဘူတမှာ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း- Burma Translation Society(BTS) ဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးရယူရန်နှင့် လွတ်လပ်ရေး ရရှိပြီးနောက် တိုင်းပြည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ ဆိုရှယ်လစ်မဏ္ဍိုင်ကိုဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် ဇွန်လ ၇ ရက်တွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ်(၃၆၁)၊ ဆိုရှယ်လစ်မဏ္ဍိုင် အဆောက်အအုံသို့ မြန်မာပညာရှင်များကို ဖိတ်ခေါ်ခဲ့သည်။ ထိုအစည်းအဝေးတွင် ဗိုလ်ချုပ်က လူထုပညာရေး ဖွံ့ဖြိုးမှုနှင့်စပ်လျဉ်း၍ ဘာသာပြန်ပြီး ဌာနကြီးတစ်ခု ဖွင့်လှစ်ရမည်ဟု လမ်းညွှန်မိန့်ကြားခဲ့သည်။

ထို့ကြောင့် ၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၆ရက်တွင် ဦးနုဦးဆောင်၍ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကြီးကို ဖွဲ့စည်းပြီး ဂျပ်ဆင်ကောလိပ်ဝင်းအတွင်းရှိ အဆောက်အအုံတစ်ခုတွင် အသင်းကို ယာယီဖွင့်လှစ်ခဲ့သည်။ ၁၉၄၈ ခုနှစ် မေလတွင် ပြည်လမ်းရှိ ဆိုရှယ်လစ်မဏ္ဍိုင်အဆောက်အအုံသို့ ပြောင်းရွှေ့ခဲ့ပြီး ဆိုရှယ်လစ်မဏ္ဍိုင်ကို စာပေဗိမာန်ဟု ပြောင်းလဲမှည့်ခေါ်ရာမှ အသင်းကြီးကိုလည်း စာပေဗိမာန်ဟု ခေါ်ဝေါ်ခဲ့သည်။ ယခုအချိန်ထိလည်း စာပေဗိမာန်အမည်ဖြင့် စာပေတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်။

စာပေဗိမာန်တွင် စာပေနှင့် ဗိမာန်ဟူသော ဝေါဟာရနှစ်ခု ပါဝင်သည်။ စာပေဟူသည်မှာ အကြောင်းအရာ၊ အဖြစ်အပျက်၊ အတွေးအခေါ်တို့ကို ရသမြောက်အောင်၊ သုတပွားအောင် ရေးဖွဲ့ထားသည့်စာဟုလည်းကောင်း၊ ဗိမာန်ဟူသည်မှာ မွန်မြတ်သော အဆောက်အအုံဟုလည်းကောင်း အဓိပ္ပာယ်ရသည်။ ထို့ကြောင့် စာပေဗိမာန်ဟူသည် သုတ၊ ရသ၊ အကျိုးပြုစာပေများမွေးဖွားသည့် မွန်မြတ်သောနေရာဟု အဓိပ္ပာယ်ရရှိပေရာ ဟိတ်ကြီးသော စာပေအဖွဲ့အစည်းဖြစ်သည်မှာ ထင်ရှားသည်။

စာပေဗိမာန်၏ အမှတ်တံဆိပ်မှာ ထိပ်တွင်လင်းရောင်ခြည် ဖြာထွက်နေသော စာအုပ်ဖြစ်ပြီး စာအုပ်ဘယ်ဘက်အခြမ်းမှာ အနက်ရောင်(အမှောင်)ဖြစ်၍ ညာဘက်ခြမ်းမှာ အဖြူရောင်(အလင်း)ဖြစ်သည်။ စာအုပ်အလယ်တွင် ကလောင်တစ်ချောင်းသည် အမှောင်ကိုခွင်း၍ အလင်းဘက်သို့ ထိုးဖောက်ဝင်ရောက်နေပုံ သရုပ်ဖော်ထားသည်။ ဆောင်ပုဒ်မှာ အမှောင်ခွင်း၍ အလင်းဆောင်အံ့- Where darkness was ဖြစ်သည်။

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း တစ်နည်းအားဖြင့် စာပေဗိမာန်သည် လူထုအလင်းစာစဉ်၊ လူထုအိတ်ဆောင်စာစဉ်၊ လူထုတက္ကသိုလ်စာစဉ်၊ သိပ္ပံစာစဉ်၊ ကမ္ဘာ့ဂန္ထဝင်စာစဉ်ဟူသော စာစဉ်များ ပြုစုထုတ်ဝေခဲ့သည်။ လူထုအလင်းစာစဉ်မှာ ကမ္ဘာ့ယဉ်ကျေးမှုများနှင့် ကမ္ဘာ့စာပေမျိုးစုံကို မြန်မာစာဖတ်တတ်သူတိုင်း သိရှိနိုင်ရန် မြန်မာဘာသာသို့ လွယ်ကူရှင်းလင်းစွာ ပြန်ဆိုပြုစုရေးသားထုတ်ဝေသော စာစဉ်ဖြစ်သည်။ လူထုအိတ်ဆောင်စာစဉ်မှာ လတ်တလောဖြစ်ပေါ်နေသည့် မြန်မာနှင့် ကမ္ဘာ့အခြေအနေများကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ ဖတ်ရှုဆင်ခြင်သုံးသပ်နိုင်ရန် ထုတ်ဝေသောစာစဉ်ဖြစ်သည်။

လူထုတက္ကသိုလ်စာစဉ်မှာ အခြေခံပညာရှိသူတိုင်း တက္ကသိုလ်ပညာအဖြာဖြာကို လုပ်ငန်းခွင်မပျက် ဖတ်ရှုလေ့လာနိုင်ရန် ပြုစုထုတ်ဝေသော စာစဉ်ဖြစ်သည်။ သိပ္ပံစာစဉ်မှာ ပြည်သူလူထုကို သိပ္ပံအသိဉာဏ်ပညာဖြန့်ဝေသော စာစဉ်ဖြစ်သည်။ ကမ္ဘာ့ဂန္ထဝင်စာစဉ်မှာ ကမ္ဘာ့စာကြီးပေကြီးဟု သတ်မှတ်ထားသော စာအုပ်များကို ပြင်ဆင်ဖြည့်စွက်နုတ်ပယ်ခြင်း အလျဉ်းမပြုဘဲ မူရင်းစာရေးသူ၏ အာဘော်အတိုင်း မြန်မာဘာသာသို့ တိကျမှန်ကန် ရသမြောက်စွာ ပြန်ဆိုဖြန့်ချိသော စာစဉ်ဖြစ်သည်။

စာပေဗိမာန်သက်တမ်း ငါးဆယ်ပြည့်သောအခါ စာပေဗိမာန် နှစ်ငါးဆယ်စာစဉ်မှ နှစ်ငါးဆယ် ကမ္ဘာ့ရေးရာ၊ နှစ်ငါးဆယ် ယဉ်ကျေးမှုရေးရာ၊ နှစ်ငါးဆယ် လူမှုရေးရာစသော ကျမ်းများ၊ လူထုသိပ္ပံကျမ်းများ၊ မြန်မာ့စွယ်စုံကျမ်းများ ပြုစုဖြန့်ချိခဲ့သည်။

ထို့ပြင် ၁၉၄၈ ခုနှစ်မှစ၍ စာပေဗိမာန်ကာလပေါ်ဝတ္ထုဆု အမည်ဖြင့် တစ်နှစ်အတွင်းထုတ်ဝေခဲ့သော လုံးချင်းဝတ္ထုစာအုပ်များမှ အကောင်းဆုံးတစ်အုပ်ကို ရွေးချယ်၍ ဆုငွေ ၁၀၀၀ကျပ်ချီးမြှင့်ခဲ့သည်။ ၁၉၅၁ခုနှစ်တွင် စာပဒေသာဆု၊ ၁၉၅၂ ခုနှစ်တွင် ဘာသာပြန်စာပေဆု၊ ၁၉၅၃ ခုနှစ်တွင် သုတပဒေသာစာပေဆု၊ ၁၉၅၈ ခုနှစ်တွင် ဝတ္ထုတိုပေါင်းချုပ်ဆု၊ ပြဇာတ်ဆု၊ ကဗျာဆုတို့ အသီးသီးတိုး၍ ချီးမြှင့်ခဲ့သည်။ ၁၉၆၂ ခုနှစ် အနုပညာဆိုင်ရာ စာပဒေသာဆုဟု အမည်ပြောင်းလဲချီးမြှင့်ခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် အမျိုးသားစာပေဆုဟု အမည်ပြောင်းလဲသုံးစွဲခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ ၁၉၆၉ ခုနှစ်တွင် စာပေဗိမာန်စာမူဆုပြိုင်ပွဲ သီးသန့်ကျင်းပပြီး စာပေဗိမာန်စာမူဆုများ ပြန်လည်ချီးမြှင့်ခဲ့သည်။

စာပေဗိမာန်ခေတ်ဦးတွင် စာပေဗိမာန်ဝန်ထမ်းများ အရည်အသွေးတိုးတက်စေရန် ဆရာကြီး သခင်ဘသောင်း၊ ဦးဖေမောင်တင်၊ ဦးသန့်၊ ဦးဇမောင်၊ ဦးသိန်းဟန်၊ ဦးဝန်၊ ဦးဂုဏ်ဘဏ်၊ ရွှေပြည် ဦးဘတင် စသော ပညာရှင်များက ၁၉၅၀ ပြည့်နှစ်မှစ၍ စာပေဗိမာန် လစဉ် အစည်းအဝေးများတွင် ပညာများကို ဟောပြောဝေမျှခဲ့ကြသည်။ ၁၉၅၄ ခုနှစ် ဧပြီလ ၅ရက်တွင် စာရေးဆရာမ မစ္စအီသယ်မန်နင်းက Art of Writing စာရေးခြင်းအတတ်ပညာကိုဟောပြောခဲ့သည်။ ထို့နောက် စာပေဗိမာန်က ကြီးမှူးကျင်းပသော စာပေဟောပြောပွဲများ တစ်ခန်းရပ်ခဲ့သည်။

စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့သည် ပြည်သူများ အသိဉာဏ်တိုးပွားစေရန်နှင့် ဘာသာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ၁၉၆၅ ခုနှစ်တွင် စာပေနှီးနှောဖလှယ်ပွဲ ပြန်လည်ကျင်းပသည်။ ပထမဦးဆုံး ကျင်းပသောပွဲမှာ ကလေးစာပေနှီးနှောဖလှယ်ပွဲဖြစ်ပြီး ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၁၆ရက်မှ ၂၈ရက်ထိ ၅ရက်တိုင်တိုင်ကျင်းပခဲ့သည်။ ထိုစာပေနှီးနှောဖလှယ်ပွဲတွင် ဒေါက်တာမောင်ဖြူးက ကလေးစာပေ၊ ကမ္ဘာနှင့် မြန်မာအခြေအနေ၊ မင်းသုဝဏ်က မြန်မာကလေးစာပေသမိုင်း၊ လူထုဦးလှက ယနေ့မြန်မာကလေးစာပေခေါင်းစဉ်တို့ဖြင့် စာတမ်းများဖတ်ကြားတင်သွင်းခဲ့ကြသည်။

စာပေနှီးနှောဖလှယ်ပွဲ၊ စာပေဗိမာန်စာတမ်းဖတ်ပွဲဟု မည်သို့ပင်ခေါ်ဝေါ်ကြစေကာမူ ဖတ်ကြားတင်သွင်းသော စာတမ်းများမှာ စာပေပညာရှင်များက နယ်ပယ်အသီးသီးမှ အကြောင်းအရာများကို သုတေသနပြု လေ့လာသုံးသပ်ဝေဖန် ဆန်းစစ်ထားသော စာတမ်းများဖြစ်ကြ၍ စာပေလေ့လာလိုက်စားသူများ ခိုင်မာစွာ ကိုးကားနိုင်ကြသဖြင့် တန်ဖိုးရှိလှပေသည်။

**၁၉၄၈ ခုနှစ်မှစ၍ စာပေဗိမာန်ကာလပေါ်ဝတ္ထုဆုအမည်ဖြင့် တစ်နှစ်အတွင်းထုတ်ဝေခဲ့သော လုံးချင်းဝတ္ထုစာအုပ်များမှ အကောင်းဆုံးတစ်အုပ်ကိုရွေးချယ်၍ ဆုငွေ ၁၀၀၀ကျပ် ချီးမြှင့်ခဲ့သည်။**

စာပေဗိမာန်သည် ၁၉၆၅ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ စာပေနှီးနှောဖလှယ်ပွဲ ခုနစ်ကြိမ်၊ စာတမ်းဖတ်ပွဲ ၁၇ ကြိမ်၊ စုစုပေါင်း ၂၄ ကြိမ်ပြုလုပ်ခဲ့ပြီး ပညာရှင်များက စာတမ်းပေါင်း ၁၇၇ စောင် ဖတ်ကြားတင်သွင်းခဲ့ကြသည်။ (၂၄) ကြိမ်မြောက် ကျင်းပခဲ့သော စာတမ်းဖတ်ပွဲမှာ ဘာသာပြန်စာပေစာတမ်းဖတ်ပွဲဖြစ်ပြီး ၂၀၀၀ ပြည့်နှစ် ဇွန်လ ၁၉ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ်(၃၆၁)၊ စာပေဗိမာန် အဆောက်အအုံတွင်ကျင်းပခဲ့သည်။ ထို့နောက် စာပေဗိမာန် စာတမ်းဖတ်ပွဲများ ဆက်လက်ကျင်းပနိုင်ခြင်း မရှိခဲ့ပါ။

သို့သော် ရွှေသွေးဂျာနယ်၊ သုတေပဒေသာ စာစောင်နှင့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်တို့ကို ရိုက်နှိပ်ဖြန့်ချိလျက်ရှိသည့်အပြင် စာပေဗိမာန်စာမူဆုရစာမူများနှင့် ပခုက္ကူဦးအုံးဖေ စာမူဆုရစာမူများကို ပြည်သူ့လက်စွဲစာစဉ်အဖြစ် ရိုက်နှိပ်ဖြန့်ချိခြင်း၊ စာပေရေချမ်းစင်ဘာသာရပ် (၁၃)မျိုး လစဉ်ထွက်ရှိနိုင်ရေးဆောင်ရွက်ခြင်း၊ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်နှင့် ကလေးစာကြည့်တိုက်တို့ ဖွင့်လှစ်ပြီး ပြည်သူဗဟိုပြုဝန်ဆောင်မှုပေးခြင်း၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရွေးချယ်ရာတွင် အုပ်ချုပ်ထောက်ပံ့မှုကိစ္စများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ဂျပန်နိုင်ငံနှင့်ပူးပေါင်း၍ ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း၊ ဂျပန်နိုင်ငံ Shanti Volunteer Association of Information and Communications Technology နှင့်ပူးတွဲ၍ စက်ဖြင့် ဘာသာပြန်ခြင်းစနစ် အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

၂၀၁၅ ခုနှစ် နှစ်ဆန်းတွင် ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးသည် စာပေဗိမာန်က ကြီးမှူးပြုလုပ်ခဲ့သော စာတမ်းဖတ်ပွဲများ၌ တင်သွင်းဖတ်ကြားတင်သွင်းခဲ့သည့် စာတမ်းများအနက် မျက်မှောက်ခေတ်၏ လိုအပ်ချက်ကို တိုက်ရိုက်ဖြည့်စွမ်းပေးနိုင်ပြီး ပြည်သူများ ပိုမိုစိတ်ဝင်စားမည့် စာတမ်းများ ပြန်လည်ရိုက်နှိပ်ဖြန့်ချိရန် လမ်းညွှန်ခဲ့သည်။

စာတမ်းများအားလုံးသည် ပညာရှင်အသီးသီးက သုတေသနပြု ရေးသားထားသည်မှန်သော်လည်း ခေတ်ကာလကွာခြားမှု၊ စာဖတ်အားနည်းပါးလာမှုတို့ကြောင့် ရိုက်နှိပ်ဖြန့်ချိရာတွင် ပြည်သူများ ပိုမိုစိတ်ဝင်စားမှုရရှိစေရန် ဘာသာရပ်ဆိုင်ရာ စာပေပညာရှင်များကို ဖိတ်ကြားပြီး ဘာသာရပ်အလိုက် မျက်မှောက်ခေတ် အကြောင်းအရာများကို စာပေဗိမာန်စာပေစကားဝိုင်း ကျင်းပလျက် ဆွေးနွေးလျှင် ပိုမိုထိရောက်အောင်မြင်မည်ဟု စာပေဗိမာန်အဖွဲ့က သုံးသပ်ခဲ့ကြသည်။

ထို့ကြောင့် ပထမဦးဆုံးအကြိမ် ပြန်လည်ရိုက်နှိပ်မည့် ဝတ္ထုရှည်စာတမ်းများနှင့် ပတ်သက်၍ ၂၆-၇-၂၀၁၅ ရက်တွင် စာပေဗိမာန်ခန်းမ၌ စာပေဗိမာန်စာပေစကားဝိုင်း ကျင်းပပြီး ၂၀၀၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ထွက်ရှိသော ဝတ္ထုရှည်များကို ခြုံငုံသုံးသပ်၍ ဝတ္ထုရှည်အနှစ်သာရများ ခေါင်းစဉ်ဖြင့် မစန္ဒာ၊ ရွှေသဥ္ဇာ၊ လက်ာရည်ကျော်တို့ကို ဖိတ်ခေါ်ဆွေးနွေးစေခဲ့သည်။ စကားဝိုင်းတွင် ဦးအေးချို(မဟာဝိဇ္ဇာ)က Moderatorအဖြစ် ဆောင်ရွက်ခဲ့ပြီး စာပေဗိမာန်စာတည်း(တာဝန်ခံ) ဦးစိုးမြင့်သန်း (နွေသင်နိုင်)က ပါဝင်အားဖြည့်ခဲ့သည်။ စာပေပညာရှင်များနှင့် စာပေချစ်သူများ တက်ရောက်အားပေးခဲ့ကြသည်။

ထို့အပြင် စာပေဗိမာန်တွင် ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၁၆ ရက်မှ ၂၀ ရက်အထိ ပထမဆုံးကျင်းပခဲ့သော ကလေးစာပေ နှီးနှောဖလှယ်ပွဲသည် နှစ် ၅၀ ပြည့် ရွှေရတုကာလ ရောက်ပြီဖြစ်၍ ရွှေရတုအထိမ်းအမှတ် စာပေဗိမာန် စာပေဟောပြောပွဲကို ယခင်ကျင်းပခဲ့သည့် ရက်လနှင့်ကိုက်ညီအောင် စက်တင်ဘာ ၁၉ ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယိုခန်းမ(A)၌ ကျင်းပခဲ့သည်။

အဆိုပါ ရွှေရတုစာပေဟောပြောပွဲအခမ်းအနားတွင် မောင်ခင်မင်(ဓနုဖြူ)က သဘာပတိအဖြစ် ဆောင်ရွက်ပြီး မောင်ယဉ်မှူးက တိမ်ကောနေတဲ့ ကလေးကဗျာများခေါင်းစဉ်၊ တက္ကသိုလ်မောင်အောင်ဆွေက ကလေးဝတ္ထုဘယ်လိုရေးမလဲခေါင်းစဉ်၊ သူရဇော်က ရွှေရတုတိုင်ခဲ့ပြီဖြစ်သည့် ကလေးစာပေလမ်းကြောင်း ခေါင်းစဉ်များဖြင့် ဟောပြောခဲ့ကြသည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ စာပေဝါသနာရှင်များ တက်ရောက်ခဲ့သည်။

ဒုတိယအကြိမ် ပြန်လည်ရိုက်နှိပ်မည့် ဝတ္ထုတိုစာတမ်းများအတွက်လည်း စာပေဗိမာန် စာပေစကားဝိုင်းကို စက်တင်ဘာ ၂၇ ရက်က စာပေဗိမာန်ခန်းမ၌ ကျင်းပခဲ့ပြီး ဝတ္ထုတိုများ၏ ရသပေးစွမ်းနိုင်မှုနှင့် ပြည်သူကို အကျိုးပြုပုံ၊ အယ်ဒီတာမှတ်ကျောက်တင်ခံနိုင်မှ ဝတ္ထုတိုကောင်းများပေါ်ထွက်လာနိုင်ပုံ၊ အွန်လိုင်းတွင်ရေးသားနေကြသော ဝတ္ထုတိုများ၏ အားသာချက်နှင့် အားနည်းချက် စသည့် အကြောင်းအရာများကို ဝတ္ထုတိုအနှစ်သာရများခေါင်းစဉ်ဖြင့် ကြူကြူသင်း၊ ကိုရိုးကွန့်၊ နှင်းဝေငြိမ်းတို့ကို ဖိတ်ခေါ်ဆွေးနွေးခဲ့သည်။ ဆရာကြည်မင်းက မော်ဒရေတာအဖြစ်ဆောင်ရွက်ပြီး စာပေဗိမာန်မှ စာတည်း(တာဝန်ခံ)ဒေါ်ခင်ဝါဆွေ(ဝါဝါ-အင်းစိန်)က ပါဝင်အားဖြည့်ခဲ့သည်။ အဆိုပါ စာပေဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ (၂)နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ စာပေပညာရှင်များနှင့် စာပေဝါသနာရှင်များလည်း တက်ရောက်ခဲ့သည်။

စာပေဗိမာန်သည် စာပေဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်မပျက် ဆောင်ရွက်လျက်ရှိသော်လည်း ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ စာတမ်းဖတ်ပွဲများ၊ စာပေနှီးနှောဖလှယ်ပွဲများ ကျင်းပနိုင်ခဲ့ခြင်းမရှိပေ။ သို့သော် ဇူလိုင် ၂၆ ရက်က ကျင်းပခဲ့သည့် စာပေဗိမာန်စကားဝိုင်းနှင့်အတူ ပြန်လည်နိုးကြား တက်ကြွလာပေပြီ။ ထိုစကားဝိုင်းတွင် မော်ဒရေတာအဖြစ် ဆောင်ရွက်ခဲ့သော ဦးအေးချို(မဟာဝိဇ္ဇာ)ကလည်း "ဒီနေ့ စာပေဗိမာန်စာပေစကားဝိုင်းဟာ စာပေဗိမာန်က စာပေနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ ပြန်လည်ပြုလုပ်ဖို့ရာ ရှင်သန်နိုးထတဲ့ပွဲလို့ ပြောလို့ရပါတယ်"ဟု ပြောကြားခဲ့ပါသည်။

စာပေဆွေးနွေးပွဲ၊ ဟောပြောပွဲများ မကျင်းပနိုင်သည်မှာ ငါးနှစ်ခန့်ရှိပြီဖြစ်သည့် စာပေဗိမာန်၌ အချိန်တိုအတွင်း စာပေစကားဝိုင်းနှစ်ခု၊ စာပေဟောပြောပွဲတစ်ခု ကျင်းပနိုင်ခဲ့ခြင်းမှာ စာပေဗိမာန်အဖွဲ့သားများ၏ ညီညွတ်မှုစွမ်းအားကြောင့်ဖြစ်ပါသည်။ စာပေဗိမာန်သည် အကြီးအကဲများ၏ လမ်းညွှန်မှုကိုခံယူပြီး စာပေဗိမာန်၏ အစဉ်အလာကောင်းများကို ဖော်ထုတ်ထိန်းသိမ်းကာ စာပေတာဝန်ကို ကျေပွန်စွာထမ်းရွက်လျက် ပြည်သူများကို ဆက်လက်အလုပ်အကျွေးပြုသွားမည်ဖြစ်ပါသည်။ ။

# မဲခေါင်ငါးဖမ်းလှေဆိပ်၌ တစ်နှစ်ကျော်ကြာ ရောင်းစားခံခဲ့ရသည့် မြန်မာနိုင်ငံသားအားကယ်တင်

**ဗန်ကောက် နိုဝင်ဘာ ၁၀**

ထိုင်းနိုင်ငံ မဲခေါင်ငါးဖမ်းလှေဆိပ်၌ တစ်နှစ်ကျော်ကြာ ရောင်းစားခံနေရသည့် မြန်မာနိုင်ငံသားတစ်ဦးအား ထိုင်းအစိုးရလူကုန်ကူးမှုတိုက်ဖျက်ရေး အထူးရဲတပ်ဖွဲ့(AHTD)နှင့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar AssociationinThailand-MAT)တို့ပူးပေါင်း၍ ကယ်တင်နိုင်ခဲ့ကြောင်း MAT အဖွဲ့မှ သိရသည်။

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်၏တောင်ဘက် ကီလိုမီတာ ၇၀ ကျော်အကွာရှိ စမုတ်ဆုံခါခရိုင် မဲခေါင်ငါးဖမ်းလှေဆိပ်ရှိ ငါးဖမ်းလှေ ထိုင်ချွန်လှေအမှတ်(၂) ပေါ်၌ ၁နှစ်နှင့် ၄လကြာ ရောင်းစားခံခဲ့ရသည့် မြန်မာနိုင်ငံသားတစ်ဦးကို ကယ်တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရောင်းစားခံခဲ့ရသူမှာ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ (၁၀)ရပ်ကွက်မှ မောင်ပြည့်ဖြိုးအောင်(၃၁ နှစ်)ဖြစ်ကြောင်း၊ ရောင်းစားခံရသော မောင်ပြည့်ဖြိုးအောင်အား ထိုင်းနိုင်ငံသားလှေပိုင်ရှင်မှ ဘတ်ငွေ ၁၈၀၀၀ ပေးချေပေးလိုက်သဖြင့် နေရပ်သို့ နိုဝင်ဘာ ၇ ရက်ကပြန်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ ထိုင်းနိုင်ငံသား လှေပိုင်ရှင်ကိုမူ ထိုင်းလူကုန်ကူးမှုတိုက်ဖျက်ရေး အထူးရဲတပ်ဖွဲ့(AHTD)က ဆက်လက်စစ်ဆေးဆဲဖြစ်ကြောင်း သိရသည်။

ဗန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက်မြန်မာနိုင်ငံသားများအဖွဲ့ (MAT)၏ နိုင်ငံခြားဆက်ဆံရေးနှင့် ရုံးတာဝန်ခံ ကိုစိုင်းအေးက "ကျွန်တော်တို့ကို ဆက်သွယ် လာကြတဲ့ လူကုန်ကူးခံရသူတွေကိုလွတ်အောင် တတ်နိုင်သမျှကယ်ထုတ်နေပါတယ်။ ကျွန်တော်တို့က လူကုန်ကူးမှုတိုက်ဖျက်ရေးကို နှစ်ပေါင်းများစွာ တတ်စွမ်းသမျှလုပ်နေကြတာကြောင့် ထိုင်းဘုရင့်ရဲတပ်ဖွဲ့အထူးကွန်မန်ဒို၊ ထိုင်းအစိုးရလူကုန်ကူးမှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့ (AHTD)တို့နဲ့ အထွေအထူးပြောစရာမလိုအောင် ယုံကြည်မှုရရှိပြီးသားဖြစ်ပါတယ်။ အခင်းဖြစ်နေရာများကိုရောက်ရှိဖို့ဆိုတာကလည်း သတင်းအချက်အလက်ခိုင်မာအောင် အပင်ပန်းခံပြီး ကျွန်တော်တို့လုပ်ကြရတာပါ။ အဓိကကတော့ ထိုင်းအစိုးရ လူကုန်ကူးမှုအထူးထောက်လှမ်းရေး (DSI)၊ မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီ အတွင်းရေးမှူးနဲ့ သံအမတ်ကြီးတို့ကလည်း ဝိုင်းဝန်းကူညီပေးကြလို့ဖြစ်ပါတယ်"ဟု MAT ၏ လုပ်ဆောင်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထိုင်းနိုင်ငံအတွင်းရှိ မြန်မာအလုပ်သမားများအရေး အစဉ်အမြဲဆောင်ရွက်လျက်ရှိသည့် MAT အဖွဲ့သည် ထိုင်းနှင့်မြန်မာအစိုးရ လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ၂၀၁၁ ခုနှစ်တွင် လူကုန်ကူးခံရသူပေါင်း ၅၀ဦး၊ ၂၀၁၂ ခုနှစ်တွင် ၂၉၂ဦး၊ ၂၀၁၃ ခုနှစ်တွင် ၂၆၄ဦး၊ ၂၀၁၄ ခုနှစ်တွင် ၁၂၀ဦးနှင့် ၂၀၁၅ခုနှစ်တွင် ယခုအကြိမ်အပါအဝင် ၂၅ ကြိမ်ကယ်တင်မှု၌ ၁၈၄ ဦးတို့အား ကယ်ထုတ်နိုင်ခဲ့ကြောင်းနှင့် အဆိုပါလူကုန်ကူးမှုများမှ လူကုန်ကူးသူပေါင်း ၁၆ ဦးကိုလည်း ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံအတွင်း လူကုန်ကူးခံရ၍ဖြစ်စေ၊ အလုပ်သမားအခွင့်အရေးချိုးဖေါက်ခံရ၍ဖြစ်စေ သတင်းပေးတိုင်ကြားမှုများရှိပါက မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီအဖွဲ့ဝင်ဖြစ်သော MATအဖွဲ့က သက်ဆိုင်ရာ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ တာဝန်ရှိသူများ၏ အကူအညီကိုယူ၍ တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြန်မာသံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီမှ သိရသည်။

**တင်လှမောင်**



သုံးမျိုးပါဝင် အထူးအစီအစဉ်
အင်တာနက်၊ ပြည်တွင်းဖုန်းနံပါတ်အားလုံးကို အသုံးပြုနိုင်သည့် ဖုန်းခေါ်ဆိုမှုနှင့် SMS တို့ပါဝင်တဲ့ နေ့စဉ်သုံး၊ အပတ်စဉ်သုံး၊ လစဉ်သုံး 3 in 1 အစီအစဉ်များကို *150# သို့ ခေါ်ဆိုပြီး ရယူလိုက်ပါ။
ooredoo
နေ့စဉ်သုံး
၁၅ မိနစ် · 50MB
SMS ၁၀ စောင်
၅၀၀ကျပ်
*7070# ကိုခေါ်ဆိုပါ
အပတ်စဉ်သုံး
၈၀ မိနစ် · 300MB
SMS ၅၀ စောင်
၃,၀၀၀ကျပ်
*8080# ကိုခေါ်ဆိုပါ
လစဉ်သုံး
၂၅၀ မိနစ် · 1GB
SMS ၁၅၀ စောင်
၁၀,၀၀၀ကျပ်
*9090#ကိုခေါ်ဆိုပါ
3in1
စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို www.ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

KBZ BANK

## (၃၄၈) ဘဏ်မြောက်
## တောင်ဥက္ကလာပ - သစ္စာလမ်းဘဏ်ခွဲ ၊ ရန်ကုန်ဘဏ်ခွဲ(၈၂)

အမှတ်(၄၇၂)၊ သစ္စာလမ်းမကြီး၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၈၅၀၀၈၃၂/၃၆၊ ဖက်စ်(၀၁)၈၅၀၀၈၂၉/၃၁

## (၃၄၉) ဘဏ်မြောက်
## ကန့်ဘလူမြို့ဘဏ်ခွဲ

အမှတ်(၂)၊ တပင်ရွှေထီးလမ်း၊ (၃)ရပ်ကွက်၊ ကန့်ဘလူမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
ဖုန်း(၀၇၅)၂၇၄၄၇/၄၈/၄၉၊ ဖက်စ်(၀၇၅)၂၇၅၅၉/၆၀

## (၃၅၀) ဘဏ်မြောက်
## လှည်းကူးမြို့ဘဏ်ခွဲ

အမှတ်(၂၃)၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၆၂၉၉၅၆/၅၇/၅၈၊ ဖက်စ်(၀၁)၆၂၈၂၆၂/၆၃

## (၃၅၁) ဘဏ်မြောက်
## ကြည့်မြင်တိုင် - ထီးတန်းဘဏ်ခွဲ ၊ ရန်ကုန်ဘဏ်ခွဲ(၈၃)

အမှတ်(၃၈)၊ ကမ်းနားလမ်း၊ ထီးတန်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၅၀၈၄၁၉/၂၀/၂၁၊ ဖက်စ်(၀၁)၅၀၈၄၂၈/၂၉/၃၀

## (၃၅၂) ဘဏ်မြောက်
## ကြံခင်းမြို့ဘဏ်ခွဲ

အမှတ်(၆-A)အင်းလပ်အနောက်၊ ဗိုလ်ချုပ်လမ်း၊ ရွာသစ်ရပ်၊ ကြံခင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
ဖုန်း(၀၄၄)၄၀၂၆၉/၇၀၊ ဖက်စ်(၀၄၄)၄၀၂၇၁/၇၂

**တို့ကိုဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။**

**သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

www.kbzbank.com

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေ (Kyats) ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | တင်ဒါပုံစံရောင်းချမည့်ရက် | တင်ဒါပိတ်ရက်၊ အချိန် |
|---|---|---|---|---|
| (က) | 3-7(T)MESC/2015-2016 | ရုံးသုံးစက်ကိရိယာများ(၇)မျိုး | ၆-၁၁-၂၀၁၅ | ၂၀-၁၁-၂၀၁၅ (၁၃း၀၀)နာရီ |
| (ခ) | 3-8(T)MESC/2015-2016 | ရုံးသုံးပရိဘောဂများ(၁၆)မျိုး | ၆-၁၁-၂၀၁၅ | ၂၀-၁၁-၂၀၁၅ (၁၃း၀၀)နာရီ |
| (ဂ) | 3-9(T)MESC/2015-2016 | ရုံးသုံးယာဉ်များ (အုပ်ချုပ်မှုနှင့်လုပ်ငန်းသုံး) | ၆-၁၁-၂၀၁၅ | ၂၇-၁၁-၂၀၁၅ (၁၃း၀၀)နာရီ |
| (ဃ) | 3-10(T)MESC/2015-2016 | တာယာနှင့်ဘက်ထရီများ | ၆-၁၁-၂၀၁၅ | ၂၇-၁၁-၂၀၁၅ (၁၃း၀၀)နာရီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
၇၇ လမ်း၊ ၂၆-၂၇ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၂-၇၃၈၀၁

# မွေးနေ့ဆုတောင်း

ဒေါက်တာဒေါ်ပို အထူးကုဆရာဝန် (ဆေးပညာ) မုံရွာမြို့၏ နိုဝင်ဘာ ၁၁ ရက်တွင် ရောက်ရှိသော မွေးနေ့မှစ၍-

- နှလုံးစိတ်ဝမ်း အစဉ်အေးချမ်း ရွှင်လန်းသာယာရှိပါစေ။
- ကိုယ်တိုင်ကျန်းမာ များလူနာ စေတနာထားကုနိုင်စေ။
- စိတ်သွားတိုင်းသာ ကိုယ်ကပါ လိုရာဆန္ဒပြည့်ပါစေ။

**"ရွှေကံသာ" ညီအစ်မများ**
**မုံရွာမြို့**


GPS Car Tracker Real Time
ယာဉ်လမ်းကြောင်းကို Website ပေါ်မှ စောင့်ကြည့်စနစ်
GSM ဖုန်းလိုင်းမမိသော အခြေအနေ၌ Memory တွင် သိမ်းပေးပြီး Internet ပေါ်ကို စုပြီးတင်ပေးသည့်အတွက် နယ်ဖက်သွားသော ကားများအတွက် အသုံးဝင်ပါသည်။
အသုံးပြုရန်လဲ လွယ်ကူပါသည်။ ဖုန်းခေါ် လိုက်ရုံနှင့် SMS မှ တစ်ဆင့် ယာဉ်တည်နေရာ ပြန်ဝင်လာမည်။ ၎င်းကို Offline Map နှင့် သင်၏ Smart ဖုန်းမှ ပြန်ကြည့်ရမည်။
ပြန်ကြည့်ရာတွင် Internet မရှိလည်း မြေပုံဖော်ပြမည်။
GIS Tracking in Myanmar Since 2003
Our Clients
MPT SKYNET Shwe Than Lwin MDG Unilever UMG Samparoo SUPER Diamond Star Co., Ltd. Elite Tech KBZ Bank
ချက်ချင်းခေါ်၊ ချက်ချင်းကြည့်
ဖုန်း SIM Card ပါအပြီး ၇၀၀၀၀ိ/- သာ
ဓါတ်ဆီ၊ ဒီဇယ်ကို (နေရာမရွေးတစ်ကမ္ဘာလုံး) ရုံးမှထိုင်ကြည့်နိုင်သည့် စက်ရှိ
165, 35th Street, KTDA Tsp, Yangon, Myanmar. Tel: 20 40 20, 245 230, 700 541, 09 50 30 177
dpsmap@gmail.com facebook.com/DPSMyanmar www.dpsmap.com



IELTS
Special Class
Enroll Now for NOV Intake
- အမှတ်ကောင်းကောင်းရလိုသူများအတွက် — IELTS Intensive Course
- အခြေခံမှစတင်သင်ယူလိုသူများအတွက် — 4 Skills Development - Foundation Class
- Intermediate အထိ သင်ယူလိုသူများအတွက် — 4 Skills Development - Advanced Class
- အနုပညာကျောင်းလျှောက်လိုသူများအတွက် — Art & Design Portfolio Preparation Course
သင်ကြားမှုထိရောက်စေရန် လူဦးရေ ကန့်သတ်ထားပါသည်။ ဝါရင့်အည့်အချင်း ပြည့်ဝသော ဆရာ၊ ဆရာမများမှ စနစ်တကျ လေ့ကျင့်သင်ကြားပေးပါသည်။
CROWN EDUCATION LEARNING CENTER
Call us : 01 527 838 -09 732 56 965



UNIQUE STAR TRAVELS & TOURS
ဗန်ကောက်၊ပတ္တရား (6)D [ Dream/Safari World, Emerald Buddha, Baiyoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya]
Nov: 14, 21, 28 / Dec: 5, 12, 19, 26 / Jan: 2, 9 ($300)
ဗန်ကောက်၊ဖူးခက် (6)D Nov:14,28 / Dec: 24, 25 ($500)
ဖူးခက် (4)D Nov: 14, 28 / Dec: 24, 25 ($300)
ချင်းမိုင် (4)D Nov: 14, 28 / Dec: 24, 25 ($300)
ကူမင်း၊ရှန်ဂရီလာ (8)D Nov: 14, 28 / Dec: 12, 26 ($500)
Bangkok-Pattaya-Cambodia
Nov: 14, 28 / Dec: 12, 26 ($ 500)
Bangkok-Pattaya-Ayuttaya
(6 Days/ 5 Nights) Airticket Included
Dec : 24, 25, 29, 30 ($ 550)
70/A, Kabaaye PagodaRd, 860 4964-66, 708 353, 705 723, 09 7310 9133-44-55-66.
No(126), 42th St, 83rd x 84th St, Mandalay. Ph: 099 -7200 3797, 09 - 514 8079.


# ကထိန်အလှူတော်ဖိတ်ကြားလွှာ

မန္တလေးအခြေစိုက် GTI ကျောင်းပေါင်းစုံ ကျောင်းသား ကျောင်းသူများ၏ စုပေါင်းဘုံမဟာကထိန်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေရာ။** ဓမ္မရတနာမိုးကုတ်ဝိပဿနာရိပ်သာ၊ နှမ်းကြဲကျေးရွာအုပ်စု၊ ပုသိမ်ကြီးမြို့နယ်

**ကျင်းပမည့်အချိန်။** နံနက် ၈ နာရီမှ ၁၁ နာရီထိ

**ကျင်းပမည့်ရက်။** ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၄ ရက် ကထိန်ခင်း၊ နိုဝင်ဘာ ၁၅ ရက် (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက်) ရေစက်ချတရားနာ

**ကထိန်ကျင်းပရေးကော်မတီ**


ဆန်လိုနေပြီလား
အိမ်စားဖို့ ဆန်လိုနေပြီဆိုရင် မြန်မြန်လေးဖုန်းဆက်လိုက်ပါဗျို့
09-73077711 01-682844
09-73077722 01-682944

Excavator (8) စီး
Wheel Loader (2) စီး
ငှားမည်။
09-5055904
09-254120599

သရဖူ မဂ္ဂဇင်း ထွက်ပြီ
၂၀၁၅၊ နိုဝင်ဘာလ
(၁၅)နှစ်ပြည့်အထူးထုတ်



Myanmar Book Centre
(Supplying the World's Knowledge)
New Shop Opening Sales!!
Myanmar Book Centre ၏ စတုတ္ထဆိုင်ခွဲဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် အောက်ပါအတိုင်း "ဆိုင်သစ်ဖွင့်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲ" ကို ကျင်းပမည်ဖြစ်ပါသည်။
နေ့ရက် ။ ။ ၁၄. ၁၁. ၂၀၁၅ (စနေနေ့) မှ ၂၂. ၁၁. ၂၀၁၅ (တနင်္ဂနွေနေ့) ထိ။
အချိန် ။ ။ နံနက် (၉) နာရီ မှ ညနေ (၆) နာရီအထိ။
နေရာ ။ ။ အမှတ် ၂၄၅-၂၄၇၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်။
(ရွှေပုဇွန်နှင့်မျက်နှာချင်းဆိုင်) ဖုန်း - ၀၉-၂၆၄၂၄ ၈၉၃၈၊ ၂၆၄၂၄ ၈၉၃၉
ပွဲကျင်းပစဉ်ကာလအတွင်း စာအုပ်ပေါင်း (၂၀, ၀၀၀) ကျော်ကို အထူးလျှော့ဈေးဖြင့် ရောင်းချမည် ဖြစ်ပါသည်။ Member များအား 15% Discount နှင့် Non-Member များအား 10% Discount ပေးချမည် ဖြစ်ပါသည်။
ကျပ်(၁၀,၀၀၀)ဖိုးဝယ်ယူသူတိုင်း ကြိုက်နှစ်သက်ရာစာအုပ်(၂)အုပ် ရွေးချယ်ယူနိုင်မည့်အခွင့်အရေး



FAME
Chitobit®
Natural lipid inhibitor
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
SpiruGarlic®
Natural cholesterol lowering
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

## မွေးနေ့ဆုတောင်း

နိုဝင်ဘာ ၁၁ ရက်တွင် ကျရောက်သော တစ်ဦးတည်းသော ချစ်သမီးဦးလေး **"စံသုန္ဒရီဘုန်းလှိုင်"**၏ (၁)နှစ်ပြည့် မွေးနေ့ရက်မြတ်မှသည် အသက်ရာကျော်ရှည်ပြီး သာသနာအကျိုး၊ ဘာသာအကျိုးကို သယ်ပိုးထမ်းရွက်နိုင်ပြီး မိဘကျေးဇူးသိတတ်တဲ့ သမီးရတနာလေးဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်ဖေဖေ- ဦးကျော်ဘုန်းလှိုင် 3rd Mate(F.G) (Unitean MARINE)**
**ချစ်မေမေ- ဒေါ်ရွှန်းပပသိန်းဒန်**
**မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၃)၊ မြေကွက်အမှတ်(၁၁၃၁/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၁၃၁၊ ဇေသန္တရာလမ်း၊ ၁၆/၃ ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်) (ဦးထွန်းဝေ (၁၂/သယက(နိုင်)၀၀၂၂၉၇၆)၊ ဒေါ်ခင်ထားနွယ်(၁၂/သယက(နိုင်)၀၂၃၇၆၅)) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ခင်ပွန်း ဦးထွန်းဝေကွယ်လွန်သဖြင့် ဒေါ်ခင်ထားနွယ်(၁၂/သယက(နိုင်)၀၂၃၇၆၅)က တစ်ဦးတည်းသောဇနီးဟောင်းစပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တိုက်(၂၂၀-အေ)၊ (၉)လွှာ၊ အခန်းအမှတ်(9-D)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်သူ ဦးဇော်တင် (ခ) နူရ်ရှန်ရော်ဟိမ်း (MDW-၂၄၉၀၈၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်ဝေ (၁၂/တမန(နိုင်)၀၅၀၇၁၈)က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဝါဝါခိုင်** စဉ်-၃၇၁၁၈ LL.B, D.B.L, D.I.L (အထက်တန်းရှေ့နေ)
အမှတ်(၁၁၃၀)၊(၁၅)လမ်း၊(၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၁၀၇၇၇၁၉









ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြမြ

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၃လမ်း၊ အမှတ် ၁၀၀နေ(ဦးမောင်ကို-ဒေါ်တင်မေ)တို့၏သမီး၊ ဦးလှမြင့်ဝင်း(တရားရေး၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးကျော်ကျော်တင့်-ဒေါ်ခင်စိမ်းဝင်း၊ (ဦးအောင်ဆန်းဝင်း)-ဒေါ်ဝင်းဝင်းမြင့်၊ ဦးစည်သူသိန်း-ဒေါ်စန္ဒာဝင်း၊ ဦးအောင်ဆန်းကြည်-ဒေါ်အေးအေးပြုံး၊ ဦးလှမျိုးမင်း-ဒေါ်သက်ထားမြင့်တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၀-၁၁-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံခွန်တိုင် ဒါယိကာမကြီး

## အကယ်ဒမီ ဒေါ်တင်တင်နွဲ့

အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အောင်ဇေယျ(၁)လမ်း၊ အမှတ် ၆၉/စီနေ ဦးကျော်ရင်-ဒေါ်တင်ယုံတို့၏တစ်ဦးတည်းသောသမီး၊ ဦးသက်ထွန်း(တရားရုံးချုပ်)၏ဇနီး၊ (ကိုဇာနည်ဝင်းထွန်း)၊ ကိုစိုးသူရထွန်းတို့၏မိခင်၊ မောင်ဖြိုးပြည့်ဇာနည်ထွန်း၏အဘွားသည် ၁၀-၁၁-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၁၅ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံခွန်တိုင် ဒါယိကာမကြီး

## အကယ်ဒမီ ဒေါ်တင်တင်နွဲ့

အသက်(၇၁)နှစ်

နှုတ်၏ဆောင်မခြင်း၊ ကိုယ်၏ဆောင်မခြင်းတို့နှင့် အမြဲထာဝစဉ် စောင့်ရှောက်ပေးပါသော ကျေးဇူးရှင်ဆရာ ဦးသက်ထွန်း၏ ချစ်လှစွာသောဇနီး၊ (ကိုဇာနည်ဝင်းထွန်း)၊ ကိုစိုးသူရထွန်းတို့၏ချစ်လှစွာသောမိခင်ကြီး၊ မောင်ဖြိုးပြည့်ဇာနည်ထွန်း၏ချစ်လှစွာသောဘွားဘွားကြီး၊ ကျေးဇူးရှင်မမ ဒေါ်တင်တင်နွဲ့ အသက်(၇၁)နှစ်သည် ၁၀-၁၁-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဆရာတို့မိသားစုနှင့်အတူ နှမြောတသ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ**
**ဒေါက်တာဦးစိုးသိန်းနှင့်**
**ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

---

## ဗိုလ်မှူးဟိန်းသူ

ကြည်း-၃၆၁၈၁၊ စတသ(၄၅)

အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ ခေမာသီ ၃လမ်း၊ အမှတ် ၇၁နေ ဗိုလ်ကြီးစိန်ထွန်း(ငြိမ်း)-ဒေါ်မြကျင်တို့၏မြေး၊ ဦးသက်အောင်-ဒေါ်ခင်ဝင်းရီ (အထက်တန်းပြ၊ ထ-၁၊ မ/ဥ)တို့၏သား၊ ဒေါ်ညွှန့်ညွှန့်စိန်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဖွဲ့ခန့်အောင်၊ မောင်ဘုန်းမင်းခန့်တို့၏ချစ်လှစွာသောဖခင်သည် ၁၀-၁၁-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၁း၃၀နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း တိုင်းပြည်အတွက် အသက်ပေးလှူသွားပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယိကာမကြီး

## ဒေါ်အေးစု

အသက်(၇၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မြခွာညိုလမ်း၊ အမှတ် ၈၊ (၆)ရပ်ကွက်၊ တပ်မြေနေ (ဦးကျင်မင်း-ဒေါ်ခင်ညွှန့်)တို့၏သမီး၊ ဒေါ်သန်းသန်းအေး၊ ဦးစိုးမြင့်၊ ဦးထွန်းနိုင်စိုး - ဒေါ်ဝင်းမာ၊ ဦးသက်ပိုင်စိုး - ဒေါ်နန်းတင်တင်ဦး၊ ဒေါ်အေးမြတ်မွန် (ခ) အေးအေးအောင်တို့၏မိခင်၊ မြေး ရှစ်ယောက်တို့၏ အဘွားသည် ၉-၁၁-၂၀၁၅ရက် (တနင်္လာနေ့)ည ၇း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၀နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် အထက်ပါ ပုဇွန်တောင်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြတ်မွန်အေး(ခ)မဖြိုး

ဒု-ကြီးကြပ်ရေးမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မြောင်းကြီးလမ်း၊အမှတ် ၁၆၊ လေးလွှာနေ(ဦးလှအေး-ဒေါ်ခင်သန်းဝင်း)တို့၏သမီး၊ ဦးစံရွှေမောင်၏ဇနီး၊ မောင်လွင်မောင်အေး(1st MBBS-UM2)၏မိခင်၊ ဦးကျော်စိုး(K.LC MULTI GATE Co., Ltd) - ဒေါ်ဥမ္မာအေး၊ ဦးဝင်းထွန်း-ဒေါ်မိမိမော်(ဌာနစုမှူး၊ မြို့/မြေ Y.C.D.C)တို့၏ညီမ၊ (ကိုဇေယျာစိုး)၊ ဗိုလ်ကြီးစည်သူစိုး - ဒေါ်သီသီအောင်၊ ကိုမြင့်မြတ်စိုးအေးတို့၏ အဒေါ်သည် ၁၀-၁၁-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့

## ဦးဟန်တင် အသက်(၆၅)နှစ်

(လ/ထ၊ ကထိက၊ ငြိမ်း၊ ရူပဗေဒဌာန)

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းပေါင်းစုံ အသုံးလုံးအဖွဲ့ဝင်ဟောင်းများ ဦးစီးသော စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှု ကူညီရေးအဖွဲ့၏ အမှုဆောင် ဆရာသည် ၇-၁၁-၂၀၁၅ ရက်တွင်ကွယ်လွန်သွားပါ၍ ၁၁-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်အားလုံး လိုက်ပါပို့ဆောင်ကြပါရန်။(အမှတ်၃၁၊ ပန်းတနော်လမ်း၊ စမ်းချောင်းနေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စန်းရီ

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ အရှေ့ဝါယာလက် ၃လမ်းသွယ်၊ အမှတ် ၃၁၅နေ (ဦးမြင့်ဆွေ)ရပ်ကွက်ကောင်စီ၏ချစ်လှစွာသောဇနီး၊ ဦးရဲနောင်-ဒေါ်မော်မော်ဆွေ၊ ဦးမြတ်ကိုကိုအောင်-ဒေါ်ဝါဝါနှင်း(နန်းသပြေသင်္ကန်းနှင့်နိဗ္ဗာန်ကုန်ပစ္စည်း)၊ ဦးထွန်းလှအောင်-ဒေါ်ဖြူဖြူခိုင်(ဇရာဝတီမန်းကျောက်မျက်ရတနာ)၊ ဒေါ်မဇင်ထိုက်တို့၏ချစ်လှစွာသောမိခင်၊ မြေးရှစ်ယောက်တို့၏ဘွားဘွားသည်၁၀-၁၁-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၆နာရီတွင် ရန်ကုန်မြို့(ခုတင်-၅၀၀)ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၂-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးထွန်းရှိန် (ပေါင်းတည်)

လ/ထ ညွှန်မှူး(အငြိမ်းစား)၊ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာန

အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၁လမ်း၊ အမှတ် ၃နေ ဒေါ်တင်မြ၏ခင်ပွန်း၊ ဒေါက်တာဦးကြည်မျိုး-ဒေါ်လှလှခိုင်(တောင်တွင်းကြီးမြို့)၊ ဦးကြည်စိုး-ဒေါ်ငွေငွေစန်၊ ဒေါ်စီစီမာ၊ ဒေါ်အေးအေးအောင်(IRC)၊ ဦးကျော်ဆန်းဝင်း(ကြံတိုင်းအောင်သစ်မျိုးစုံရောင်းဝယ်ရေး)တို့၏ဖခင်၊ မကေသီခိုင်(ခေတ္တ-ပါရီ)၊ ဒေါက်တာမကြေည်ခိုင်၊ မောင်ရဲကျော်ထက် (MV STEADFAST)၊ မစုစုလှိုင်(နောက်ဆုံးနှစ်၊ အပိုင်း-က၊ ဆေးတက္ကသိုလ်-၁)တို့၏အဘိုးသည် ၉-၁၁-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၄၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ မွှာရုံ ဒါယိကာမကြီး

## ဒေါ်မဲမညို

အသက်(၇၁)နှစ်

ဘုးသီးတောင်မြို့၊ (၅)ရပ်ကွက်နေ(ဦးညိုဘန်း-ဒေါ်ရွှေမဖြူ)တို့၏သမီး၊ ဦးမောင်ကျော့၏ဇနီး၊ ဦးမောင်လုံးချော(သစ်သီးပွဲရုံ)-ဒေါ်မကျော့ဦး(ဆောင်းနှင်းဖြူ စာရေးကိရိယာအရောင်းဆိုင်)၊ ဦးနိုင်ဝင်း(တာဝန်ခံအရာရှိ၊ နေပြည်တော်သတင်းစာတိုက်)-ဒေါ်ရွှေကျော့(အလပြ)၊ ဦးမောင်အေးထွန်း-ဒေါ်သန်းအေး၊ ဦးသန်းထွန်း-ဒေါ်ခင်အေး(အလပြ)၊ တပ်ကြပ်ကြီးကျော်ထွန်း-ဒေါ်ဝင်းဝင်း၊ (ဗိုလ်ကျော်မြင့်)တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘောင်ရှင်သည် ၁၀-၁၁-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကောက်

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ တိမ်တန်းရေယာဉ်မှူး

အသက်(၈၃)နှစ်

မန္တလေးမြို့၊ ကျောက်တလုံးရွာနေ (ဦးကဲ-ဒေါ်ကျည်းတန်)တို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဧရာဝတီဝင်းအတွင်း၊ အမှတ် ၁၀/၅၁၅နေ (ဒေါ်အမာရွှေ)၏ခင်ပွန်း၊(ဦးဝင်းနိုင်)-ဒေါ်ခင်စန်းဝင်း၊ မသန်းသန်းငွေ၊ ဦးငွေကျော်-မကြူ၊ ကိုမျိုးသိန်း-မသန်းသန်းအေး၊ ကိုမျိုးသန့်-ဒေါ်မြင့်မြင့်ရွှေ၊ ကိုကျော်စိုး-မခင်စန္ဒာရီ၊ ကိုလှမျိုး-မနီနီခိုင်(YUDE)တို့၏ဖခင်၊ မြေး ၁၄ ယောက်တို့၏အဘိုးသည် ၁၀-၁၁-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၀း၄၅နာရီတွင် SAKURA ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၂-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကထိန် ဒါယကာကြီး

## ဦးစံလှ(တပ်မတော်)(ငြိမ်း)၊ စစ်တွေမြို့

အသက်(၈၂)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ် ၂၃၁နေ (ဦးအောင်ဖော်ဦး-ဒေါ်မစိန်နု)တို့၏သား၊ (ဦးလှမော်-ဒေါ်စိမ်း)တို့၏သားသမက်၊(ဒေါ်ဝင်းမေ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဦးထွန်း-(ဒေါ်စိန်စိုးဦး)၊ ဦးလယ်ထွန်းဦး-ဒေါ်မစိန်ကျော့တို့၏ညီ/မောင်၊ (ဦးစံထွန်းအောင်)-ဒေါ်ဦးခင်လှ၊ (ဦးလှသံ)-ဒေါ်မအေးကျော့၊ ဦးကျော်သိန်း-ဒေါ်စောယဉ်နုတို့၏အစ်ကို၊ တူ၊တူမ ၁၈ယောက်တို့၏ဘကြီးသည် ၉-၁၁-၂၀၁၅ရက် နံနက် ၁း၃၀နာရီတွင် စစ်တွေဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

## ဗိုလ်ကြီးသောင်းညွှန့်(ငြိမ်း) ကြည်း-၂၁၁၀၈

ဌာနစုမှူး(ငြိမ်း)၊ဈေးများဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၅လမ်း၊ အမှတ် ၈၊ အခန်း(၂/ခ)နေ (ဦးထွန်းစိန်)-ဒေါ်စိန်ဥတို့၏သား၊ (ဒေါ်သိန်းရွှေ)၏ခင်ပွန်း၊ ဒေါ်ယဉ်ယဉ်မြင့်၊(ဒုတိယရဲမှူးကြီးသန်းဆွေ)-ဒေါ်ခင်သီတာမြင့်၊ (ဗိုလ်မှူးလှကျော်၊ ငြိမ်း)-ဒေါ်နီနီအောင်၊ ဦးတင်ထူး(လဝက၊ ငြိမ်း)-ဒေါ်ရီရီသွင် (မူပြ၊ ငြိမ်း)၊ ဦးခင်မောင်ထွေး(United Pacific Co.,Ltd.)-ဒေါ်ဝေ့ဝါ၊ ဦးဆန်းစစ်(ရွှေဟန်သာကုမ္ပဏီ)-ဒေါ်မြင့်မြင့်စိုး၊ ဦးမြတ်မင်းယု(ဒုလဝကမှူး)-ဒေါ်အေးမြထွေးတို့၏ဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုးသည် ၉-၁၁-၂၀၁၅ရက် (တနင်္လာနေ့) ည ၉း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၁-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကိုကိုသော်(ခ) ကိုကိုမျိုး (ထားဝယ်)

ဒုအရာခံဗိုလ်(ငြိမ်း)

အသက်(၄၃)နှစ်

(ဦးကံမြင့်)-ဒေါ်စန်းမြင့်(ခ)ဒေါ်စုစုပိုင်တို့၏သား၊ ဦးလှမြင့်-ဒေါ်ခင်အေးတို့၏သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်အိမ်ရာ(၂)၊ စပယ်ဖြူလမ်း၊ အမှတ် ၁၁၁နေ ဒေါ်စန်းစန်းထွေး၏ခင်ပွန်း၊ မဖူးရတီသော်(Grade-11၊ အထက-၂၊ မင်္ဂလာဒုံ)၊ မောင်လွှင်မိုးဦး (Grade-10၊ အထက-၂၊ မင်္ဂလာဒုံ)တို့၏ဖခင်သည် ၁၀-၁၁-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၃း၂၀နာရီတွင် ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၂-၁၁-၂၀၁၅ ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၁-၂၀၁၅ရက်(တနင်္လာနေ့)နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်စိုး အသက်(၆၂)နှစ်

**B.Sc (Chemistry)**

စန်းငွေရောင်သက်န်းဆိုင်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း၊ အမှတ် ၆၀ A၊ ရွှေနံ့သာရပ်ကွက်နေ (ဦးမောင်ခင်-ဒေါ်လှကြည်)တို့၏သား၊ကိုချစ်စိုး-မခင်ငွေးရီ(ပဥ္စရူပသက်န်းဆိုင်)၊ ဦးအောင်ငြိမ်း-ဒေါ်တင်တင်ဝင်း၊ (ဦးစိန်လွင်)-ဒေါ်ခင်စန်းဝင်း(သံတွဲခရိုင်တရားသူကြီး)၊ မောင်စောဝင်း (PSI)၊ ကိုနေမင်းအောင်-မရည်မွန်ကိုတို့၏ အစ်ကိုကြီး၊ မနီနီဝင်းလွင်၊ မဆုသွေးအိမ်၊ မအိသဲမွန်၊ မနေရည်မွန်၊ မောင်မင်းပိုင်သူ၊ မောင်နိုင်ဝင်းလွင်တို့၏ ဘကြီးသည် ၉-၁၁-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၂း၃၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သောင်းရွှေ (ကျိုက္ခမီ)

အသက်(၈၈)နှစ်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့၊ ရန်အောင်မြေရပ်ကွက်နေ (ဦးစံထွန်း-ဒေါ်ညို)တို့၏ သမီး၊ (ဦးသာလှိုင်-ဒေါ်အေးနု)တို့၏ ချွေးမ၊ (ဦးပါဖေ)၏ဇနီး၊ (ဦးတင်ရှိန်)-ဒေါ်စောမြင့်၊ ဦးသိန်းမြင့်-ဒေါ်ညွှန့်သိန်း၊ ဦးအောင်သိန်းတင် - ဒေါ်စန်းစန်းသိန်း၊ ဦးခင်ဝေ-ဒေါ်ညွှန့်ညွှန့်ဆန်း၊ ဦးဉာဏ်ဝင်း-ဒေါ်နီနီဝင်းတို့၏မိခင်၊ မြေး ၁၂ ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွားသည် ၁၀-၁၁-၂၀၁၅ရက် (အင်္ဂါနေ့)မွန်းလွဲ ၂း၃၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် ကျိုက္ခမီမြို့ ဆင်ပုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၁-၂၀၁၅ရက်(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

## ဒေါ်အမော်(ခ)လီမော်နွီး (သန်လျင်)

အသက်(၇၇)နှစ်

ပြည်မြို့၊ လမ်းမတော်လမ်းနေ (ဦးအလောက်-ဒေါ်ဟန်)တို့၏ သမီး၊ သန်လျင်မြို့၊ဒါရိုကာရပ်ကွက်၊စာတိုက်လမ်း၊ အမှတ် ၁နေ [ဦးမင်းဝေ(ခ) ဦးကျင်ဖောင်]၏ဇနီး၊ ဦးဝင်းနိုင်-ဒေါ်မြင့်မြင့်ရီ၊ ဦးရဲလတ်ဝင်း-ဒေါ်ဝင်းမင်းမြတ်၊ မဇင်ဝင်းထက်၊ မယဉ်မင်းဟန် (UAE) တို့၏မိခင်၊ မောင်သုတဉာဏ်၊ မယွန်းမြတ်သွယ်၊ မောင်မင်းခန့်သူတို့၏အဘွားသည် ၇-၁၁-၂၀၁၅ရက် (စနေနေ့)နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်မြနေအောင်(ခ)ဒေါ်နီနီ

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၅၄)ရပ်ကွက်၊ သုဝဏ္ဏ၊ ဇေယျာသုခလမ်း၊ အမှတ် ၈နေ ဗိုလ်မှူးကြီးသန်းတင် (စစ်သံမှူး၊ အငြိမ်းစား)၏ ဇနီး၊ ဒေါ်သီတာတင် - ဦးမောင်မောင်အေး MASTER MARINER (F.G)၊ ဒေါ်စန္ဒာတင် (ဒုတိယညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဦးနေထွန်းလင်း(General Motors. Company U.S.A) - ဒေါ်ဇာခြည်လင်း(U.S.A) တို့၏ချစ်လှစွာသောမိခင်ကြီး၊ မသင်းရတနာဆု(Grade-8, DSY)၊ မောင်မင်းအေးချမ်း(တတိယတန်း၊ ပညာနန်းတော်)၊ မဆိုဖီယာနေခြည်လင်း (U.S.A) တို့၏အဘွားသည် ၉-၁၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၃နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးသက်လွင်ထွန်း(ခ)ရွှေသွေး

ဆေးစီ/ဆေးရည်(BPI)

အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဧရာဝတီလမ်း၊ အမှတ် ၆၁၊ (မြေညီ)နေ(ဦးချန်ထွန်း-ဒေါ်နုရီ)တို့၏ သား၊ (ဒေါ်ကြည်ကြည်)၊ (ရွှေဒုံးထွန်းလွင်-ဒေါ်ခင်စိန်)၊ (ဦးစိုးတင့်-ဒေါ်မေမေခင်)၊ (ဦးအေးမောင်-ဒေါ်ခင်ငွေး)၊(ဦးသိန်းဆွေ-ဒေါ်မြင့်မေ)၊ဦးစိန်ဝင်း-ဒေါ်ခင်စန်းနွဲ့၊ ဦးစိုးလွင်-ဒေါ်ခင်စိန်ဦး၊ ဒေါ်တင်လှိုင်(ခ)ဒေါ်ထွေး၊ ဦးသောင်းဟန်-ဒေါ်ရီရီဝင်း၊ ဦးအေးအောင်-ဒေါ်ခင်မျိုးသစ်၊ ဒေါ်ရီရီသန်း၊ ဒေါ်နုနုဝေ၊ ဦးငွေးဝင်း-ဒေါ်ရင်နု၊ ဦးခင်ဇော်ထွန်း - ဒေါ်သန်းသန်းအေး၊ (ကို ဝင်းအောင်ထွန်း)တို့၏ မောင်/ညီ၊ တူ၊တူမ ၃၉ယောက်တို့၏ဦးလေးသည် ၉-၁၁-၂၀၁၅ရက် (တနင်္လာနေ့) ည ၁၁နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၁-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တကုန္တကသာမိ (သာသနဓဇသီရိပဝရ ဓမ္မာစရိယ)

သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၇၂)ဝါ

စစ်တိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ သပြေသာရွာ၊ ဇေယျာသုခအုတ်ကျောင်းတိုက်နှင့် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ နှစ်ကျိပ်ရှစ်ဆူကျောင်းတိုက်၊ ပဓာနနာယက ဘဒ္ဒန္တကုန္တကသာမိ (သာသနဓဇသီရိပဝရ ဓမ္မာစရိယ)ဆရာတော်ကြီးသည် (၁၃၇၇ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၁ရက်) ၈-၁၁-၂၀၁၅ရက် ည ၁၁း၁၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် တပည့်ဒါယကာ၊ ဒါယိကာမများအား သိစေရန် အကြောင်းကြားအပ်ပါသည်။ (ဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

ရဟန်းတပည့်သံဃာတော်များနှင့်
ဒါယကာ၊ ဒါယိကာမများ

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးမြသိန်း(ဖောင်တော်သီ) အသက်(၈၅)နှစ်

(ညွှန်ချုပ်၊ ငြိမ်း၊ မြေတိုင်းဦးစီးဌာန)

**B.Sc (YGN), Photo. Forest.Engineer**
**(I.T.C Delft, Netherland**

(ဦးဘရှင်-ဒေါ်စိန်အိ)တို့၏သား၊ [ဦးငွေ(ရွှေမောင်း)-ဒေါ်သန်းမြ]တို့၏ သားသမက်၊ (ဦးအောင်ကျော်-ဒေါ်သန်းမြင့်)၊ (ဦးတင်မောင်-ဒေါ်သိန်းမြင့်)၊ (ဦးစိုးမြင့်-ဒေါ်အုံးသင်)တို့၏ညီ/မောင်၊ ဦးရှိန်းမောင်-(ဒေါ်လှကြည်)၊ ဦးမြအေး-ဒေါ်အုံးကြည်၊ (ဦးခင်မောင်)-ဒေါ်လှမြင့်၊ ဗိုလ်မှူးကြီးအုန်းမြင့်(ငြိမ်း)-ဒေါ်သန်းနု၊ ဦးကျော်စိန်လှ-ဒေါ်အေးမြင့်၊ ဦးအောင်သွင်-ဒေါ်အေးစီတို့၏အစ်ကို၊ (ဦးအေးမြင့်)၊ (ဒေါ်ခင်စန်းမြင့်)၊ ဒေါက်တာအောင်ထွဋ်-ဒေါ်ခင်လှရီ(ကျောင်းအုပ်ကြီး၊ ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးသိန်းဟန်(ငြိမ်း)-ဒေါ်ခင်ဝင်းကြည်၊ ဒေါက်တာဇော်မျိုးအောင်-ဒေါက်တာရင်ရင်မေ(Cook Island)၊ ဦးအေးမောင်(Ex.WHO)-ဒေါ်ညွှန့်ညွှန့်ဝေတို့၏ချစ်လှစွာသောအစ်ကို၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၄လမ်း၊ အမှတ်(၅၃A)၊ ပထမထပ်နေ (ဒေါ်ခင်မြင့်သိန်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၀-၁၁-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂း၁၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၁-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်စိုးဝင်း(ခ)ဦးစိုးသိန်း (မင်းလှ)

ဂျုံလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန (ငြိမ်း)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဦးချိုလမ်း၊ အမှတ် ၁၃၀နေ (ဦးလှဝ-ဒေါ်သောင်း)တို့၏သား၊ (ဦးအုံးရွှေ-ဒေါ်မြလေး)တို့၏သားသမက်၊ (ဦးလှကြည်-ဒေါ်စန်းတင်)၊ (ဦးညိုထွန်း)-ဒေါ်အေးမြင့်(ဗေထုံ)၊ ဦးနေဦး-ဒေါ်ဝင်းမြင့်၊ ဦးအေးချို(ဖိုးချွန်)-ဒေါ်မြရီ၊ ဦးညိုဝင်း-(ဒေါ်တင်ထွေး)တို့၏ အစ်ကိုကြီး၊ (ဒေါ်သန်းအေး)၏ချစ်လှစွာသောခင်ပွန်း၊ ဦးလှမင်း (လက်ထောက်ဌာနမှူး၊ ဆက်ဆံ/ပြန်ကြားဌာန၊ Y.C.D.C)-ဒေါ်ကေသီအောင်၊ ဦးချစ်ငွေ(Mikko Coffee)-ဒေါ်အေးအေးစိုး၊ (ဦးအောင်မိုး)-ဒေါ်မြင့်မြင့်မူ(မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ Y.C.D.C)၊ ဦးတိုးတိုးအောင်(ရေနှင့်သန့်ရှင်းမှုဌာန၊ Y.C.D.C)-ဒေါ်တင်မိုးဝေ(ရေနှင့်သန့်ရှင်းမှုဌာန၊ Y.C.D.C)၊ ဦးထွန်းလင်းနိုင်(ပွင့်သိဒ္ဓိဆေးဆိုင်)-ဒေါ်ခင်မာဖြိုး(ဧရာဝတီဘဏ်)တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၀-၁၁-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၀၀း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၁၁-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၁၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးထိပ်တင်လွင်(ခ) Henri Gywe

အသက်(၇၄)နှစ်

အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း၊ ဗဟိုလမ်း၊ မမဦးလမ်း၊ အမှတ် ၅၅၄နေ (ဦးစိုးကြွယ်-မြင်ကွန်းထိပ်ခေါင်တင်မလေး)တို့၏သား၊ (ဒေါ်ထိပ်တင်သီ)၊ (ဒေါ်ထိပ်တင်ညွန့်)၊ ဒေါက်တာထိပ်တင်လှ၊ (ဒေါ်ထိပ်တင်အေး)တို့၏မောင်၊ ဦးထိပ်တင်မြင့်-ဒေါ်ခင်ဆွေဦး(Rita)တို့၏အစ်ကို၊ တူ၊တူမ ရှစ်ယောက်တို့၏ဦးလေး၊ ဒေါက်တာတိုးနန္ဒာတင်၏ခင်ပွန်းသည် ၉-၁၁-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကထိန် ဒါယကာကြီး

## ဦးစံလှ(တပ်မတော်)(ငြိမ်း)

စစ်တွေမြို့

အသက်(၈၂)နှစ်

ရခိုင်ပြည်နယ်၊စစ်တွေမြို့၊မောလိပ်ရပ်ကွက်၊ကုန်သည်လမ်း၊ အမှတ် ၂၃၁နေ(ဦးအောင်ဖော်ဦး-ဒေါ်မစိန်နု)တို့၏သား၊ (ဦးလှမော်-ဒေါ်စိမ်း)တို့၏သားသမက်၊(ဒေါ်ဝင်းမေ)၏ချစ်လှစွာသောခင်ပွန်း၊ဦးဉာဏ်လင်း-ဒေါ်လွှင်လွှင်ဦး၊ ဒေါ်မို့မို့လွင်၊ ဦးမျိုးလွင် - ဒေါ်ကလျာဝင်း၊ ဦးမင်းလွင် - ဒေါ်စိုးစိုးလွင်၊ ဗိုလ်ကြီးမြတ်မင်းလတ်(ငြိမ်း)-ဒေါက်တာအိအိလွင်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်ရဲထက်လွင်ဦး (Creation Myanmar Co.,Ltd)၊ မထက်ထက်ဉာဏ်လင်း (2nd MB ဆေး-၁)၊ မောင်ဟိန်းထက်လွင်ဦး၊ မသဇင်မျိုးလွင် (G-11, အထက-၂၊ ဗဟန်း)၊ မအိမြတ်မိုမို(G-9, TTC)၊ မောင်သာထူးစံ (G-6, TTC)တို့၏ အဘိုးသည် ၉-၁၁-၂၀၁၅ရက် နံနက် ၁း၃၀နာရီတွင် စစ်တွေဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၁-၁၁-၂၀၁၅ ရက် မွန်းလွဲ ၁နာရီတွင် စစ်တွေမြို့အာကျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ရဲအရာခံဝင်းကြည်

(လ-၁၀၆၈၃၄)၊အမှတ်(၄၁/၈၂)
အမှတ်(၆)ယာဉ်ထိန်းရဲ
ဒုတပ်ဖွဲ့ခွဲမှူးရုံး၊ အရှေ့ပိုင်းခရိုင်၊ ရန်ကုန်

အသက်(၅၅)နှစ်

တွံတေးမြို့၊ရွှေဆံတော်ရပ်နေ ဦးပန်းရွှေ - (ဒေါ်သောင်းတင်)တို့၏ သား၊ (ဦးကျင်မောင်-ဒေါ်တင်ရီ)တို့၏သားသမက်၊ ဒေါ်စန်းစန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မြင့်မြင့်အေး၊ (ဒေါ်သန်းအေး)၊ ဒေါ်တင်တင်ဝင်းတို့၏မောင်၊ ဒေါ်ရီရီချို၊ဒေါ်ကြည်ကြည်ဝင်း၊ ဦးနိုင်ဝင်းစိုး၊ ဦးမျိုးကျော်တို့၏အစ်ကို၊ ဦးကျော်လှိုင်မိုး-ဒေါ်ဇင်မင်းဝင်း၊ မဇာနည်ဝင်း၊ မချစ်သက်ဝေ၊ ဦးနေခြည်ဝင်း-ဒေါ်ချိုသူဇာအောင်၊ မောင်ကောင်းထက်ဝင်း၊ မောင်စည်သူဝင်းတို့၏ဖခင်၊မြေးသုံးယောက်တို့၏အဘိုးသည် ၁၀-၁၁-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၁-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ကမ္ဘာ့ဖလားခြေစစ်ပွဲ မြန်မာနှင့်တောင်ကိုရီးယားတို့ကစားမည်



မြန်မာ့လက်ရွေးစင်အသင်းအား ကမ္ဘာ့ဖလားခြေစစ်ပွဲမတိုင်မီတွေ့ရစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန် နိုဝင်ဘာ ၁၀**

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲ ပွဲစဉ်များကို နိုဝင်ဘာ ၁၂ ရက်တွင် ဆက်လက်ယှဉ်ပြိုင် ကစားမည်ဖြစ်ပြီး မြန်မာအသင်းမှာ တောင်ကိုရီးယားအသင်းနှင့် အဝေးကွင်းပွဲစဉ် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာအသင်းနှင့် တောင်ကိုရီးယားအသင်းတို့၏ ကမ္ဘာ့ဖလားခြေစစ်ပွဲကို နိုဝင်ဘာ ၁၂ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ဆူဝန်မြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းခြေစစ်ပွဲယှဉ်ပြိုင်ရန် ဟောင်ကောင်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအပြီး နိုဝင်ဘာ ၈ ရက်တွင် တောင်ကိုရီးယားနိုင်ငံသို့

*စာမျက်နှာ ၁၄ ကော်လံ ၅* ❄

**၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲရလဒ်များ ကြေညာခြင်းနှင့် သတင်းစာရှင်းလင်းပွဲကျင်းပ**

စာမျက်နှာ-၃

**ဒီမိုကရေစီ အကူးအပြောင်းကာလ သမိုင်းဝင်ရွေးကောက်ပွဲဟု ဥရောပသမဂ္ဂရွေးကောက်ပွဲလေ့လာရေးအဖွဲ့ သုံးသပ်ပြောကြား**

စာမျက်နှာ-၆

## ရတနာပုံအသင်း BTV Cup ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲ၌ ရှုံးနိမ့်

ဖိုးသော်ဇင်

**ဟိုချီမင်း နိုဝင်ဘာ ၁၀**

ဗီယက်နမ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် BTV Cup ပြိုင်ပွဲ အုပ်စု (က) နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပရာ ရတနာပုံအသင်းမှာ ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။

ရတနာပုံအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဗီယက်နမ်ကလပ် BVN အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းတွင် BVN အသင်းက ဂိုးများရရှိခဲ့ပြီး မိနစ် ၂၀ တွင် ဂွန်နသန်၊ ၃၄ မိနစ်တွင် တန်တိုင်တို့က သွင်းယူခဲ့သည်။ ၆၇ မိနစ်တွင် ဝင်းနိုင်စိုး၏ဂိုးဖြင့် ချေပဂိုးတစ်ဂိုးရခဲ့သော်လည်း ၈၈ မိနစ်တွင်ရရှိသည့် ပယ်နယ်တီကို စည်သူအောင် ဝင်အောင်မသွင်းနိုင်ခဲ့ပေ။

ရတနာပုံအသင်းသည် တောင်ကိုရီးယားတက္ကသိုလ် လက်ရွေးစင်အသင်းနှင့်ကစားခဲ့သည့် ဒုတိယပွဲတွင် ပွဲချိန် ၆၆ မိနစ်၌ ကွင်းလယ်ဒိုင်၏ ဆုံးဖြတ်ချက်များကို ကျေနပ်ခြင်းမရှိ၍ ပွဲမပြီးခင် ကွင်းအတွင်းမှထွက်ခွာခဲ့ရာ သုံးဂိုး-ဂိုးမရှိဖြင့် အရှုံးပေးခဲ့ရသည်။ ယင်းပွဲတွင် ဗီယက်နမ်ဒိုင်မှာ ရတနာပုံကို အနီကတ်နှစ်ကြိမ်အပါအဝင် အဝါကတ်အများအပြား ပြသခဲ့ပြီး ဒွေးကိုကိုချစ် အနီကတ်ဖြင့် ထုတ်ပယ်ခံရချိန်တွင် ကစားသမားအချို့မှာ ဒိုင်ကို ပြင်းထန်စွာစောဒကတက်ခဲ့သည်။ ယင်းအချိန်တွင် ရတနာပုံအသင်းမှာ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်နေသည်။ ယင်းအတွက်ကြောင့် ရတနာပုံအသင်းမှာ အုပ်စုသုံးပွဲစလုံးရှုံးနိမ့်ပြီး အုပ်စုအဆင့်မှပင် ထွက်ခဲ့ရပြီဖြစ်သည်။

## ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့ရှိ တပ်ဌာနချုပ်သို့ အက်စ်အက်စ်အေ(ဝမ်ဟိုင်း)အဖွဲ့ လာရောက်တိုက်ခိုက်

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်ကော်ခရိုင် ကျေးသီးမြို့နယ် မိုင်းနောင်မြို့ရှိ တပ်ဌာနချုပ်သို့ အက်စ်အက်စ်အေ(ဝမ်ဟိုင်း)အဖွဲ့မှ အင်အား ၁၂၀ ခန့်သည် နိုဝင်ဘာ ၉ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်တွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့ပြီး ည ၈ နာရီခွဲခန့်တွင် မိုင်းနောင်နယ်မြေ ရဲစခန်းအား ဗုံးပစ်လောင်ချာများနှင့် ပစ်ခတ်ခဲ့သည်။

အဆိုပါအဖွဲ့သည် ယနေ့နံနက် ၄ နာရီခွဲခန့်တွင် တစ်ကြိမ်၊ ၅ နာရီခွဲခန့်တွင် တစ်ကြိမ် လက်နက်ကြီး လက်နက်ငယ်များ

*စာမျက်နှာ ၁၄ ကော်လံ ၁* ❖










မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS